ကြေးမုံ The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (8-2-2015) (၈၁၁၀)

နိုင်ငံရေးနှင့် စည်းကမ်း

နိုင်ငံရေးနဲ့ စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခုဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်းလိုက်နာနေပါ။ နိုင်ငံရေးနဲ့ စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

(၁၉၄၇ ခုနှစ် မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

အကူအညီအထောက်အပံ့များသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် အရေးပါသည့် အင်အားတစ်ရပ်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၇

တတိယအကြိမ်မြောက် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နားနေဆောင်၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

စိန်ခေါ်မှုများကို အားလုံးပါဝင်ဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်မည်ကို ပိုမိုယုံကြည်

နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၁ ခုနှစ် မတ်လမှစ၍ မိမိတို့အစိုးရ တာဝန်ယူခဲ့ပြီး နောက်ပိုင်း မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် နိုင်ငံတကာမှ ပံ့ပိုးကူညီနိုင်ရန်နှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် ရည်ရွယ်ပြီး ယခုကဲ့သို့ နိုင်ငံလုံးအတိုင်းအတာအဆင့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ ခုနှစ်မှစတင်ကာ ကျင်းပခဲ့သည်မှာ ယခု ၂၀၁၅ ခုနှစ်တွင် သုံးကြိမ်ရှိခဲ့ပြီဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရေးနှင့် ပတ်သက်၍ ပညာရှင်အကြံပေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၈

မင်းမဲ့စရိုက်လုပ်ရပ်မျိုးကို ဥပဒေက မျက်ကွယ်ပြု၍ မရ

တွေ့ဆုံမေးမြန်း - မျိုးမြင့်၊ မင်းမင်းဇော်၊ ဟန်နီဝင်း(သတင်းစဉ်)

လူ့အဖွဲ့အစည်းအတွင်း တည်ဆောက်မှုကိစ္စရပ်တိုင်းတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများ ရှိနေခြင်းသည် ပြုပြင်ပြောင်းလဲစနိုင်ငံတိုင်း၌ တွေ့ကြုံရသည့် အရှိတရားများပင်ဖြစ်သည်။ သို့သော် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာ၌ ခိုင်ခိုင်မာမာနှင့် အနှစ်သာရရှိရှိ၊ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်အတွက် နိုင်ငံတည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီစနစ်ကို ကိုင်တွယ်ကျင့်သုံးမည့် ပြည်သူတစ်ရပ်လုံး၏ အသိဉာဏ်ဗဟုသုတ ရင့်ကျက်ပြည့်ဝမှုတို့ရှိရန် လိုအပ်မည်ဖြစ်သည်။ ထိုအချက်များမပြည့်စုံခြင်းကြောင့် ယခင်ပါလီမန်ဒီမိုကရေစီစနစ် အောင်မြင်မှု မရရှိခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ သို့ဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံမတည်မငြိမ်ဖြစ်ပေါ်လာအောင် ပြုလုပ်နေသည့် နိုင်ငံရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၏ ဖြေကြားချက်များကို ပြန်လည်တင်ပြလိုက်ပါသည်။

မေး။ ပြည်ထဲရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးတာဝန်ကို ထမ်းဆောင်နေတဲ့ ဝန်ကြီးဌာနဖြစ်ပါတယ်။ အဲဒီအတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အခု ၂၀၁၅ ခုနှစ်အတွင်းမှာ ဘယ်လိုမျှော်မှန်းချက်တွေထားပြီး ဆောင်ရွက်သွားမယ်ဆိုတာ သိချင်ပါတယ်။

ဖြေ။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက် တာဝန်ကြီး(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ အခုနှစ် မျှော်မှန်းချက်ကတော့ ၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတစွာနဲ့ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးပဲဖြစ်ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

ကြေးမုံ စာတည်းရှုထောင့် ၈-၂-၂၀၁၅၊ တနင်္ဂနွေနေ့

တည်ငြိမ်အေးချမ်းမှုတိုးတက်မည်

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိသောကြောင့် ဆုံးရှုံးနစ်နာနေရပုံများကို ကမ္ဘာ့သတင်းစာမျက်နှာများတွင် မြင်တွေ့ရလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ ဆုံးရှုံးနစ်နာမှုများ သမိုင်းစာမျက်နှာများတွင် ရှိခဲ့ပြီးဖြစ်သည်။

တည်ငြိမ်အေးချမ်းမှုပျက်ပြားသောကြောင့် နစ်နာဆုံးရှုံးရမှုများကို ပြန်လည်ကုစားရန်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများအဖို့ အလျင်အမြန်ချက်ချင်း ပြန်လည်ကုစားနိုင်သော်လည်း မဖွံ့ဖြိုးသေးသောနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံအတွက်မူ အချိန်ကာလ အတိုင်းအတာတစ်ခုအထိယူပြီး ကြိုးပမ်းအားထုတ်မှသာ မူလအနေအထားသို့ ပြန်လည်ရောက်ရှိနိုင်ပါသည်။ ဖွံ့ဖြိုးတိုးတက်ရန်အတွက်မူကား နှေးကွေးခြင်း၊ နောက်ကျခြင်း ရှိပေလိမ့်မည်။

ထို့ကြောင့် တည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် မျှော်မှန်းထားသည့်အတိုင်း ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်ကို ပြန်လည်ထူထောင်ရန်၊ ပြန်လည်တည်ဆောက်ရန်အတွက် လွတ်လပ်ရေးရပြီး ချိန်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို သမိုင်းစာမျက်နှာများတွင် မြင်တွေ့ကြရမည်ဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံတော်အား ဒီမိုကရေစီစနစ်နှင့်လျော်ညီစွာ နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းများကိုလည်းကဏ္ဍအသီးသီးတွင် ဆောင်ရွက်နေမှုကို မြင်တွေ့ရသည်။ ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံနှင့် ပြည်သူအတွက် တိုးတက်သင့်သလောက် တိုးတက်လာသည်ကိုလည်း လက်ခံအသိအမှတ်ပြုထားသည်။ ဆက်လက်၍ ဝိုင်းဝန်းအဖြေရှာကာ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မကြာမီကာလတွင် ပြည်သူများမျှော်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံသစ်သို့ ရောက်ရှိလိမ့်မည်ဖြစ်သည်။

ထိုသို့လျှောက်လှမ်းနေရာတွင် အခက်အခဲအကျပ်အတည်းများ၊ စိန်ခေါ်မှုများရှိမည်ဖြစ်သော်လည်း ပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုများ အတိုင်းအတာတစ်ခုအထိရရှိနေပြီဖြစ်သည်။ ဒီမိုကရေစီခရီးပန်းတိုင်ကိုလည်း မြင်တွေ့နေရပြီဖြစ်၍ ဒီမိုကရေစီနိုင်ငံသားများပီသအောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံသားတိုင်းသည် လွတ်လပ်မှုကို ရယူခံစားနိုင်သကဲ့သို့ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်သည်။

မိမိတို့အားလုံး ဒီမိုကရေစီကို မျှော်မှန်းထားသည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံများကို အားကျသည်။ ထိုသို့မျှော်မှန်းအားကျဆောင်ရွက်ကြရာ၌ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်မှသာ ထိုဒီမိုကရေစီ၏ အသီးအပွင့်များ၊ အရသာများကို ရရှိခံစားနိုင်မည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ဆက်နွယ်နေပါသည်။ တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မှ၊ ငြိမ်းချမ်းသာယာသောဘဝကို ဖန်တီးနိုင်မှ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ပြည်သူတို့၏ တူညီသောဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်ကိုတွေ့ရသည်။ ယင်းသို့ဆောင်ရွက်ပေးနေသည်မှာ နိုင်ငံတော်နှင့် ပြည်သူများအတွက်ဖြစ်သည်။ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့နိုင်ငံတော်ကြီး အမှန်တကယ်တိုးတက်လာအောင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် သွေးစည်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်ဖြစ်ထွန်းစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက တည်ငြိမ်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာ ထုတ်လုပ်မှုသင်တန်းဖွင့်

ထားဝယ် ဖေဖော်ဝါရီ ၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း သဘာဝမြေဩဇာထုတ်လုပ်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့ သာယာကုန်းရွာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းအောင်ကျော်က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူး ဦးသိန်းအောင်က လမ်းညွှန်အမှာစကားပြောကြားကာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးငွေသိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ဆက်လက်၍သင်တန်းတွင် တာဝန်ရှိသူများက သီးနှံအထွက်တိုးစေသောသဘာဝမြေဩဇာများအကြောင်းနှင့် ဘိုကာရှီမြေဩဇာ ပြုလုပ်သုံးစွဲနည်းများကို စာတွေ့ လက်တွေ့ သင်ကြားပေးပြီး**(ယာပုံ)** သင်တန်းသားများအား စားစရိတ်၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်များကို ထောက်ပံ့ပေးသည်။

သင်တန်းတွင် သင်တန်းနှင့်ပတ်သက်၍ သင်တန်းသား လောင်းလုံးမြို့နယ် ကထောင်းနီကျေးရွာမှ တောင်သူ ဦးလှအောင်က မိမိတို့ကျေးလက်နေပြည်သူများအတွက် အခုလို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း သင်တန်းဖွင့်လှစ်သင်ကြားပေးသည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်း၊ ကိုယ်တိုင်ဆောင်ရွက်နေသည့် မိရိုးဖလာလယ်ယာလုပ်ငန်းကို သင်တန်းမှ သင်ကြားပေးလိုက်သော ပညာရပ်များဖြင့် ပြောင်းလဲသင့်သည်များကို ပြောင်းလဲ၍တိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(ခရိုင်ပြန်/ဆက်)



တိုင်းရင်းသားရိုးရာအစားအစာ အချက်အပြုတ်သရုပ်ပြပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး တိုင်းရင်းသားရိုးရာအစားအစာ အချက်အပြုတ် သရုပ်ပြပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိမ်ရာဝင်းအတွင်းရှိ ကံ့ကော်ခန်းမ၌ ယနေ့မွန်းလွဲ ၂နာရီက ကျင်းပရာ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ကျင်ခိုင် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အမျိုးသမီးရေးရာအဖွဲ့ဒုဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က ရခိုင်တိုင်းရင်းသားရိုးရာ အာပူလျှာပူ ချက်ပြုတ်နည်းအားလည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုဥက္ကဋ္ဌ ဒေါ်မာလာနွယ်က မွန်ရိုးရာခေါပြင်ချက်ပြုတ်နည်းအားလည်းကောင်း ရှင်းလင်းခဲ့ပြီး လက်တွေ့သရုပ်ပြချက်ပြုတ်မှုအား နာယကက ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ကျင်ခိုင်က ဗဟိုအဆင့်အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အထက(၅)မှ အဋ္ဌမတန်းကျောင်းသူ မဆင်းရွှေရည်ဝင်းနိုင်ဦးအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဥယျာဉ်မှူး ရာထူးဝင်ခွင့် သင်တန်းများ
PGDMA စမြဲ
အမှတ် (၈)၊ (ပ-ထပ်)၊ သမိန်ဗရမ်းလမ်း၊ တာမွေ
09-5114804, 09-420042800



ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ဆောင်ရွက်သွားရမည့် နှစ်ဖက်ကတိကဝတ်များပါရှိသည့် "နေပြည်တော်သဘောတူညီချက်"ကို အတည်ပြုချမှတ် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလက ကျင်းပခဲ့သည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား အတူတကွ နီးကပ်စွာပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဟူသည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုသည့် ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

ယင်းဖိုရမ်များ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းနှင့်အတူ နိုင်ငံတကာအသိုက်အဝန်းနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတကာအသိုက်အဝန်းက မြန်မာနိုင်ငံကို ကဏ္ဍနယ်ပယ်များစွာတို့၌ ဖွံ့ဖြိုးမှုအကူအညီ၊ ချေးငွေ၊ အထောက်အပံ့နှင့် နည်းပညာ/ကျွမ်းကျင်မှုအကူအညီများ တိုးမြှင့်ပေးအပ်လျက်ရှိပါကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု၊ ကြုံတွေ့ရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းနှင့် အလားအလာကောင်းများအပေါ် သေချာစွာနားလည်သဘောပေါက်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် အခြားကဏ္ဍနယ်ပယ်များစွာတို့၌ အဘက်ဘက်က အားကြိုးမာန်တက်ဝိုင်းဝန်းကူညီပါဝင် ဆောင်ရွက်ပေးသည့်အတွက် ယနေ့အခြေအနေအထိ သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ထို့အတွက် မြန်မာနိုင်ငံမှ ပြည်သူအားလုံး၏ကိုယ်စား မိမိအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များတွင် အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ဆောင်ရွက်ကြမည့် နှစ်ဖက်ကတိကဝတ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီအထောက်အပံ့များ၊ စီမံချက်များနှင့်အစီအစဉ်များ၊ အဖွဲ့အစည်းဆိုင်ရာစနစ်များ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် အလေ့အထများနှင့် ပတ်သက်၍ အခြေခံကောင်းများကို အသေအချာချမှတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းအခြေခံကောင်းများအပေါ်တွင် ဆက်လက်ခိုင်မာအောင် တိုးမြှင့်တည်ဆောက်သွားနိုင်ရန် အနာဂတ်တွင် ပြည်သူအားလုံး ပါဝင်အကျိုးကျေးဇူးခံစားနိုင်သည့် ဖွံ့ဖြိုးမှုကိုရရှိရန် ဖိုရမ်၏ခေါင်းစဉ်ကို "Building Upon Foundations-Focusing towards Future inclusive Development" ဟူ၍ သတ်မှတ်ကျင်းပခြင်းပင်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုအလွန်မြင့်မားမည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်း ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲ၊ တစ်နိုင်ငံလုံး အတိုင်းအတာ ချုပ်ဆိုနိုင်ရန် ဆောင်ရွက်နေသည့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်၊ အစိုးရဌာနများ ပြုပြင်ပြောင်းလဲမှုနှင့် အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များသည် ကြီးမားစွာကျော်လွှားရမည့် စိန်ခေါ်မှုနှင့် အောင်မြင်မှုရရှိအောင် ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သည်ကို အလေးအနက် ခံယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို နိုင်ငံတကာအသိုက်အဝန်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် မိမိတို့၏အိမ်နီးချင်းများအားလုံးတို့က အဘက်ဘက်မှ ပေးအပ်နေသည့် အထောက်အပံ့များ၊ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် မိမိတို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအားလုံးကို အောင်မြင်စွာ ကျော်လွှားနိုင်မည်၊ အားလုံးပါဝင်ဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်နိုင်မည်ကို ပိုမိုယုံကြည်မှုရှိပါကြောင်း။

အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ ဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများလည်း ရရှိခဲ့ပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများလည်း ကျန်ရှိနေသေးပါကြောင်း၊ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် ရရှိပြီးဖြစ်သည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ပိုမိုခိုင်မာပြီး ဆက်လက်ရှင်သန်နိုင်ရန်၊ ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုခိုင်မာရန်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရန် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အခန်းကဏ္ဍနှင့် ယင်းတို့၏ငွေကြေးနှင့် နည်းပညာဆိုင်ရာ အကူအညီ အထောက်အပံ့များသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင်လည်း အထူးအရေးပါသည့် အင်အားတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု ၂၀၁၅ ခုနှစ်အတွင်း၌ နိုင်ငံတကာနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီအဖြစ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ပိုမိုခိုင်မာအားကောင်းရန်နှင့် အရှိန်အဟုန်မြင့်မားစေရန် နိုင်ငံတကာအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ Dr.Akihiko Tanaka နှင့် ဥရောပသမဂ္ဂမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Marcus Cornaro တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။

ယနေ့ ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်နှင့်ပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ စီးပွားရေးဝန်ကြီးများ၊ အလှူရှင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု နှစ်ထပ်ကျောင်းဆောင်သစ်လှူအပ်

ကော့ကရိတ် ဖေဖော်ဝါရီ ၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဂိုးကျေးရွာတွင် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကော့ဂိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲတွင် ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ ကရင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူး ဦးအောင်မောင်းတို့ တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ကျောင်းဆောင်သစ်အလှူရှင် ဦးမောင်ကူးက ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး အမှတ်တရအလံကို ပေးအပ်ခဲ့သည်။ ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ရာ အလှူရှင်များက လက်ခံရယူခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်သည် ကော့ဂိုးကျေးရွာနေ ဦးမောင်ကူးက မတည်ငွေကျပ် ၄၇၅ သိန်း၊ ကျေးရွာနေပြည်သူများက ငွေကျပ်သိန်း ၆၀၀၊ မလေးရှားရောက် ကော့ဂိုးကျေးရွာလူငယ်များက ငွေကျပ် ၃၇ သိန်း ၈သောင်း၊ ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက Whiteboard ခြောက်ချပ်၊ အလှူရှင် ဦးဘကျော်က ကျောင်းဆိုင်းဘုတ်နှင့် စတီးအလံတိုင်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုးထက်အောင်(ကော့ကရိတ်)

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကျွ

ယီမင်တွင် အာဏာလွှဲပြောင်းယူထားသော လက်နက်ကိုင်များကို ကုလ သတိပေး

ဆာနာ(ယီမင်) ဖေဖော်ဝါရီ ၇

ယီမင်နိုင်ငံ၏ အချုပ်အခြာအာဏာကို သိမ်းယူလိုက်သည့် ရှီးယိုက်ဟော့တီလက်နက်ကိုင်များသည် နိုင်ငံရေးဖြေရှင်းချက်တစ်ခုရရှိရန် ကုလသမဂ္ဂက ဦးဆောင်သော ဆွေးနွေးပွဲသို့ ချက်ချင်းပြန်မသွားခဲ့လျှင် အတိအကျမဖော်ပြသော အရေးယူဆောင်ရွက်မှုပြုလုပ်မည်ဖြစ်ကြောင်း လုံခြုံရေးကောင်စီက ယနေ့ သတိပေးလိုက်သည်။

မြို့တော်ဆာနာတွင် လက်နက်ကိုင်များက အုပ်ချုပ်ရေးအာဏာကို လွှဲပြောင်းရယူလိုက်ပြီဖြစ်ကြောင်း ကြေညာပြီးသည့်နောက် ပင်လယ်ကွေ့အာရပ်နိုင်ငံများဖြစ်သော ဘာရိန်း၊ အိုမန်၊ ကာတာ၊ ယူအေအီး၊ ဆော်ဒီအာရေဗျနှင့် ကူဝိတ်တို့က ထိုဖြစ်စဉ်အတွက် စိုးရိမ်ကြောင်း ပြောဆိုကြပြီး နိုင်ငံတကာက ပြင်းထန်စွာ တုံ့ပြန်ကြပါရန် တောင်းဆိုခဲ့ကြသည်။

လက်နက်ကိုင်များက ၎င်းတို့သည် ပါလီမန်ကို ဖျက်သိမ်း၍ သမ္မတကိုယ်စား ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင်ငါးဦးပါသော ကောင်စီကို ခန့်အပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြိုင်ဘက်နိုင်ငံရေးအုပ်စုများက ယင်းလုပ်ရပ်သည် အာဏာသိမ်းခြင်းဖြစ်သည်ဟု ရှုတ်ချခဲ့ကြသည်။ ဟော့တီလက်နက်ကိုင်များသည် စက်တင်ဘာလတွင် မြို့တော်ဆာနာကို ထိန်းချုပ်ခဲ့ကြပြီး သမ္မတအဘက်ရက်ဘိုမန်ဆိုအာဟာဒီကို ဇန်နဝါရီလတွင် ရာထူးမှနုတ်ထွက်စေရန် ဖိအားပေးခဲ့ကြသည်။

လက်နက်ကိုင်များ၏ကြေညာချက်ကို အချို့သောနိုင်ငံသားများက နိုင်ငံပိုမိုတည်ငြိမ်လာမည်ဟု မျှော်လင့်ကြသော်လည်း အများစုက အာဏာသိမ်းခြင်းနောက်ဆုံးအဆင့်ဟု ရှုမြင်ကြသည်။ ယခုအချိန်တွင် လက်နက်ကိုင်များကြီးစိုးသည့် တော်လှန်ရေးကော်မတီ၏ ညွှန်ကြားချက်များသည် အစိုးရ၏ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးလျက်ရှိမည်ဖြစ်သည်။

၎င်းတို့ထုတ်ပြန်သောအမိန့်များကို ဆွန်နီများနှင့် နိုင်ငံတောင်ပိုင်းခေါင်းဆောင်များက အသိအမှတ်ပြုမည်မဟုတ်ဘဲ နိုင်ငံကို ထပ်မံ၍ ဖရိုဖရဲဖြစ်စေရန် ခြိမ်းခြောက်ခြင်းသာဖြစ်မည်ဟု ဆိုသည်။ **ဘီဘီစီ။**

ဘင်္ဂလားဒေ့ရှ်၌ ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်ကို မီးလောင်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်၍ ကိုးဦးသေဆုံး

ဒါကာ ဖေဖော်ဝါရီ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်သူများက ဓာတ်ဆီမီးလောင်ဗုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်မှုကြောင့် ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးပေါ် လိုက်ပါလာသူ ကိုးဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က အစိုးရအား ဆန့်ကျင်လှုပ်ရှားသူများအပေါ် ပြစ်တင်ဝေဖန်ခဲ့သည်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၃၀ ခန့်ရှိမည်ဟု ဆိုသည်။

လွန်ခဲ့သည့်လအတွင်းက ဘင်္ဂလားဒေ့ရှ်အစိုးရအား ဆန့်ကျင်ဆန္ဒပြသည့် လူထုလှုပ်ရှားမှုများအတွင်း သေဆုံးသူ ၇၀ ထက်မနည်းရှိကြောင်း သတင်းတွင်ဖော်ပြသည်။

လွန်ခဲ့သည့်နှစ်အတွင်းက ကျင်းပခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ အငြင်းပွားဖွယ်ကိစ္စများ ဖြစ်ပေါ်ခဲ့ပြီး အဓိကအတိုက်အခံပါတီ ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ(ဘီအင်န်ပီ)က ရွေးကောက်ပွဲရလဒ်ကို စွန့်လွှတ်ကာ အထွေထွေရွေးကောက်ပွဲသစ် ကျင်းပပေးရန် တိုက်တွန်းတောင်းဆိုနေသည်။ **ဘီဘီစီ။**

စစ်သွေးကြွများအား ထောက်ပံ့နေသော ဘော်စနီးယားနိုင်ငံသားခြောက်ဦး ဖမ်းဆီးခံရ

ဝါရှင်တန် ဖေဖော်ဝါရီ ၇

ဆီးရီးယားနှင့်အီရတ်နိုင်ငံရှိ အိုင်အက်စ်နှင့် အယ်ခိုင်ဒါစစ်သွေးကြွအဖွဲ့များသို့ ဝင်ရောက်မည့်လူသစ်များအတွက် အမေရိကန်စစ်ဝတ်စုံများအပါအဝင် အခြားသော ထောက်ပံ့ရေးပစ္စည်းများနှင့်သုံးစွဲရန်ငွေများ ထောက်ပံ့ပေးခြင်းအတွက် လူခြောက်ဦးကို တရားစွဲဆိုထားကြောင်း အမေရိကန်တရားစီရင်ရေးအဖွဲ့မှ ယမန်နေ့က ပြောသည်။

အဆိုပါခြောက်ဦးသည် ဘော်စနီးယားနိုင်ငံသားများဖြစ်ကြပြီး မစ်ဆိုရီ၊ အီလီနွိုက်နှင့် နယူးယောက်မြို့များတွင် နေထိုင်ကြသည်။ ၎င်းတို့အနက် ငါးဦးကို အမေရိကန်ပြည်ထောင်စုတွင် ဖမ်းမိခဲ့ပြီး ကျန်တစ်ဦးကို နိုင်ငံပြင်ပမှ ဖမ်းမိခဲ့ကြောင်း အမေရိကန်တရားစီရင်ရေးဌာန၏ အစီရင်ခံစာအရသိရသည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုနိုင်မည့် အမေရိကန်စစ်ဝတ်စုံများ၊ စစ်ဘွတ်ဖိနပ်၊ စစ်ဆင်ရေးကိရိယာများအပါအဝင် လက်နက်မျိုးစုံတို့ကို စစ်သွေးကြွတပ်သားအသစ်များအား ထောက်ပံ့ပေးရန် ပူးပေါင်းကြံစည်ခဲ့သည့်အတွက် ၎င်းတို့ခြောက်ဦးကို တရားရုံးတွင် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်က ဆီးရီးယားနှင့် အီရတ်နိုင်ငံများရှိ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးစစ်ပွဲများတွင် အင်အားဖြည့် ပါဝင်တိုက်ခိုက်ကြမည့် စစ်သွေးကြွအဖွဲ့သားအသစ်များကို စစ်ဆင်ရေးကိရိယာများတပ်ဆင်ပေးရန်အတွက် ၎င်းတို့ခြောက်ဦးသည် အမေရိကန်ဒေါ်လာအများအပြားကို ထောက်ပံ့ပေးခဲ့ကြောင်း တရားစွဲဆိုချက်တွင်ပါရှိသည်။

၎င်းတို့ခြောက်ဦးအနက် နှစ်ဦးသည် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သော စစ်ပွဲများအတွင်း ဗီဒီယိုရိုက်ကူးနိုင်ရန် ကင်မရာပါဝင်သည့် ညကြည့်မှန်ဘီလူးတစ်လက် ဝယ်ယူရန် တိုင်ပင်ဆွေးနွေးကြသည်များကို ယမန်နှစ်က ၎င်းတို့အချင်းချင်းပေးပို့ထားသော မက်ဆေ့ဂျ်ထဲတွင် တွေ့ရှိရသည်။

မက်ဆေ့ဂျ်များပေးပို့ရာတွင် နာမည်ပြောင်များအသုံးပြုပြီး တယ်လီဖုန်း၊ ဖေ့စ်ဘွတ်ခ်နှင့် အခြားသောလူမှုမီဒီယာများကို အသုံးပြုကြသည်။ **ရိုက်တာ။**

ပြည်ပသို့ ကာကွယ်ရေးတပ်ဖွဲ့များ စေလွှတ်နိုင်ရေး ဥပဒေရေးဆွဲရန် ဂျပန်အစိုးရစဉ်းစား

တိုကျို ဖေဖော်ဝါရီ ၇

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာတပ်ဖွဲ့အတွက် ထောက်ပံ့ရေးအကူအညီပေးအပ်နိုင်ရန် ပြည်ပသို့ ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား စေလွှတ်နိုင်မည့် ဥပဒေတစ်ရပ်ရေးဆွဲရေးကိစ္စကို ဂျပန်အစိုးရအဖွဲ့က စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဒိုင်းယက်အောက်လွှတ်တော် အစည်းအဝေးတွင် ပြောကြားလိုက်သည်။

လုံခြုံရေးဆိုင်ရာ ဥပဒေမူကြမ်းများနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြန်လည်ပြုလုပ်ရန် အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီနှင့် မဟာမိတ်ပါတီဖြစ်သော ကိုမေတိုးပါတီတို့က စီစဉ်လျက်ရှိကြသည်။ ဝန်ကြီးချုပ်အာဘေးသည် လုံခြုံရေးဆိုင်ရာဥပဒေမူကြမ်းများ ဆွေးနွေးရေးနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ရှင်းလင်းတင်ပြနိုင်ရန် ရည်ရွယ်ပုံရကြောင်း၊ ကိုမေတိုးပါတီအနေဖြင့် လုံခြုံရေးဆိုင်ရာ အမြဲတမ်းဥပဒေတစ်ရပ် ရေးဆွဲရေးတွင် ချိန်ဆဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်ကာကွယ်ရေးတပ်ဖွဲ့များအား လိုအပ်ပါက ပြည်ပသို့စေလွှတ်ပေးနိုင်ရန် ခွင့်ပြုပေးမည့် ဥပဒေသစ်တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် လိုလားကြောင်း ဝန်ကြီးချုပ်အာဘေးက ရှင်းလင်းပြောဆိုသည်။

ပြည်ပသို့ တပ်ဖွဲ့စေလွှတ်ရေးတွင် ကိစ္စရပ်တစ်ရပ်ချင်းအလိုက် အရေးယူတုံ့ပြန်နိုင်စေမည့် ဥပဒေမျိုးကို အစိုးရအဖွဲ့က လိုလားကြောင်း အာဘေးက အောက်လွှတ်တော် ဘတ်ဂျက်ကော်မတီ အစည်းအဝေးတွင် ပြောကြားခဲ့သည်။ **ပီတီအိုင်။**

အမေရိကန် ဓားစာခံမိန်းကလေး သေဆုံးဟု အိုင်အက်စ်တို့ဆို

ဘေရွတ် ဖေဖော်ဝါရီ ၇

ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ဂျော်ဒန်နိုင်ငံက အိုင်အက်စ်စစ်သွေးကြွများအား လေကြောင်းတိုက်ခိုက်ရေးဆင်နွှဲရာ အိုင်အက်စ်တို့ဖမ်းဆီးထားသော အမေရိကန် ဓားစာခံမိန်းကလေးသေဆုံးခဲ့သည်ဟု အိုင်အက်စ်တို့က ဆိုသည်။

သို့သော် ဂျော်ဒန်အစိုးရက အတည်ပြုကြောင်းသတင်းထုတ်ပြန်မှုမရှိသေးပေ။ အမေရိကန်အစိုးရကလည်း အဆိုပါအကြောင်းအရာကို ယုံကြည်ရန် ခိုင်မာသည့်သက်သေအထောက်အထားမရှိသေးကြောင်းပြောသည်ဟု သိရသည်။ အိုင်အက်စ်တို့က ယင်းအစီရင်ခံစာကို တွစ်တာလူမှုကွန်ရက်တွင် စတင်ဖြန့်ဝေခဲ့သည်။

အိုင်အက်စ်တို့က ဓားစာခံအဖြစ်ဖမ်းဆီးထားသော ကေလာဂျင်းမူလာအမည်ရှိ အမေရိကန်မိန်းကလေးသည် ဆီးရီးယားနိုင်ငံသို့ လူမှုဝန်ထမ်းအလုပ်များလုပ်ဆောင်ရန် သွားရောက်ခဲ့ခြင်းဖြစ်သည်။ အသက် (၂၆)နှစ်အရွယ်ရှိ အရီဇိုးနားပြည်နယ်တွင် နေထိုင်သော မူလာသည် အိုင်အက်စ်စစ်သွေးကြွများ ဖမ်းဆီးထားသော အမေရိကန်ဓားစာခံများအနက် နောက်ဆုံးကျန်ရစ်နေသောသူဖြစ်သည်။

မူလာသေဆုံးခြင်းသည် မှန်ကန်မည်ဆိုပါက အိုင်အက်စ်တို့ဖမ်းဆီးထားသော အမေရိကန်ဓားစာခံသေဆုံးသူအရေအတွက် လေးဦး ရှိမည်ဖြစ်သည်။ **အေပီ။**

မြန်မာနိုင်ငံကြီးကို သူ့ကျွန်ဘဝကလွတ်မြောက်စေခဲ့သည့် လွတ်လပ်ရေးဗိသုကာကြီးဖြစ်ပြီး မြန်မာတစ်မျိုးသားလုံး၏ ယုံကြည်အားကိုးရာ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်

နေပြည်တော်　　ဖေဖော်ဝါရီ　　၇

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်ရာပြည့်ကွင်း၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်ဂုဏ်ပြုဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပေါင်းစုံပါဝင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဦးဇော်မင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးတို့က ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် မုခ်ဦးရှေ့၌စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နတ်မောက်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဝါယမက ဩဝါဒမိန့်ကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ သူရဦးရွှေမန်းပေးပို့သော သဝဏ်လွှာကို တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဖတ်ကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ဇမ္ဗူတွင် တစ်လူဟု ဆိုရလောက်သည့် အာဇာနည်ယောကျ်ားမြတ်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံကြီးကို သူ့ကျွန်ဘဝကလွတ်မြောက်စေခဲ့သည့် လွတ်လပ်ရေးဗိသုကာကြီးဖြစ်ပြီး မြန်မာတစ်မျိုးသားလုံး၏ ယုံကြည်အားကိုးရာ အမျိုးသားခေါင်းဆောင်ကြီးလည်း ဖြစ်ပါကြောင်း။

သာမန်ခေါင်းဆောင်များတွင် အပြည့်အစုံတွေ့ရန်မလွယ်လှသည့် ဗိုလ်ချုပ်၏ တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားခြင်း၊ ရိုးသားဖြောင့်မတ်တည်ကြည်ခြင်း၊ ဉာဏ်ပညာအမြော်အမြင်ကြီးမားခြင်းနှင့် ခေါင်းဆောင်မှုအရည်အသွေးမြင့်မားခြင်း စသည့် ဂုဏ်အင်(၄)ရပ်ကြောင့် နှစ် (၁၀၀)တိုင်သည်အထိ မိမိတို့ဗိုလ်ချုပ်ကို တသသဖြစ်နေကြခြင်းဖြစ်သည်ဟု ဆင်ခြင်မိပါကြောင်း၊ မိမိအနေဖြင့် ဗိုလ်ချုပ်၏ ဂုဏ်အင်(၄)ရပ်ကို ယခုကဲ့သို့ ဗိုလ်ချုပ်၏ နှစ်(၁၀၀)ပြည့် မင်္ဂလာအခါသမယတွင် အကြိမ်ကြိမ်အထပ်ထပ်သတိရရင်း ဦးခိုက်နေမိပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ သမိုင်းတွင်ကျန်ရစ်မည့် ခေါင်းဆောင်မျိုးနှင့်ပတ်သက်ပြီး အကျော်ဇေယျ ဂျာမန်ဒဿနပညာရှင်ကြီး ဖရက်ဒရစ်ဟေဂယ်က ယခုလိုမှတ်ချက်ပြုဖူးပါကြောင်း၊ “ခေတ်တစ်ခေတ်ရဲ့ ပုဂ္ဂိုလ်ကျော်ဆိုတာ သူ့ခေတ်ရဲ့ဆန္ဒကို ထုတ်ဖော်ပြောဆိုနိုင်သူ၊ အဲဒီဆန္ဒကို အကောင်အထည်ဖော်နိုင်သူဖြစ်တယ်။ သူဖြတ်သန်းရာခေတ်ကြီးကို ကိုယ်စားပြု ရုပ်လုံးဖော်သူမျိုးဖြစ်ပါတယ်”ဟု မှတ်သားရပါကြောင်း။

ဗိုလ်ချုပ်တို့မျိုးဆက် ဖြတ်သန်းခဲ့ရသည့် ခေတ်ကြီးသည် တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် အမျိုးသားလွတ်လပ်ရေးဆုံးရှုံးနေရသည့် သူ့ကျွန်ဘဝဖြစ်ပါကြောင်း၊ ယင်းခေတ်က တစ်မျိုးသားလုံး၏ ဆန္ဒသည် “နိုင်ငံလွတ်လပ်ရေး” ဖြစ်ပါကြောင်း၊ တစ်မျိုးသားလုံး၏ ဆန္ဒကို ကိုယ်စားပြုထုတ်ဖော်ပြောဆိုခဲ့သူ၊ လက်တွေ့ဖြစ်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်ခဲ့သူသည် ဗိုလ်ချုပ်အောင်ဆန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်သည် ဟေဂယ်ဖွင့်ဆိုခဲ့သည့် “ခေတ်တစ်ခေတ်ရဲ့ ပုဂ္ဂိုလ်ကျော်” ဆိုထိုက်သူဟု ပြောချင်ပါကြောင်း။

ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၊ နိုင်ငံရေးခေါင်းဆောင် သခင်အောင်ဆန်း၊ တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း စသည်ဖြင့် ဘဝ၏မာတိကာများ အဆင့်ဆင့်ပြောင်းလဲသွားသော်လည်း ဗိုလ်ချုပ်၏ တစ်သက်တာအလုပ်သည် “အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှု” တစ်ခုတည်းဖြစ်ပါကြောင်း၊ “လွတ်လပ်ရေးရကိုရရမယ်” ဆိုသည့် ဧကမူ စိတ်တစ်ခုတည်းဖြင့် နောက်ဆုံးထွက်သက်အထိ ကြိုးပမ်းသွားခဲ့သည့် ခေါင်းဆောင်ကြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဟေဂယ်ညွှန်းသကဲ့သို့ “သူဖြတ်သန်းရာ ခေတ်ကြီးကို ကိုယ်စားပြု ရုပ်လုံးဖော်သူ”ဟု အခိုင်အမာဆိုချင်ပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂုဏ်အင်(၄)ရပ်အပြင် နိုင်ငံရေးအရ အလွန်အရေးကြီးသည့် ထူးခြားမှု(၃)ရပ်လည်းရှိသည်ဟု စဉ်းစားမိပါကြောင်း၊ မြန်မာ့နိုင်ငံရေးခလေ့တွင် စွဲခိုင်နေသည့် ဂိုဏ်းဂဏဝါဒကို ပယ်နိုင်ခြင်း၊ မြန်မာ့နိုင်ငံရေးဘဝတွင် အသားကျနေသည့် တရားသေဝါဒကို ကျော်နိုင်ခြင်းနှင့် တိုင်းပြည်၏ပကတိအရှိကို လက်တွေ့ကျကျကြည့်မြင်ပြီး ပြတ်ပြတ်သားသား ဆုံးဖြတ်လုပ်ကိုင်နိုင်ခြင်း စသည့်ထူးခြားမှု(၃)ရပ်ကြောင့် ဗိုလ်ချုပ်သည် သူနှင့်ခေတ်ပြိုင် နိုင်ငံရေးခေါင်းဆောင်အားလုံးထက် ထူးထူးခြားခြား ပိုမိုမြင့်မားနေခြင်းဖြစ်သည်ဟု သဘောရပါကြောင်း။

အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဗမာ့ထွက်ရပ်ဂိုဏ်းဆိုသည့် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုရှိခဲ့ပါကြောင်း၊ ယင်းအဖွဲ့ကြီး၏ ဥက္ကဋ္ဌသည် ဒေါက်တာဘမော်ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်သည် အတွင်းရေးမှူးတာဝန်သာယူခဲ့ပါကြောင်း၊ ဒေါက်တာဘမော်သည် (၁၃၀၀)ပြည့် အရေးတော်ပုံကာလ ဗိုလ်အောင်ကျော်ကျဆုံးစဉ်က နန်းရင်းဝန်ဖြစ်ခဲ့သည့်အတွက် ဒေါက်တာဘမော်အား ဥက္ကဋ္ဌတင်ခြင်းကို လုပ်ဖော်ကိုင်ဖက်အချို့က ဘဝင်မကျခဲ့ပါကြောင်း၊ သို့သော် ဗိုလ်ချုပ်သည် ဂိုဏ်းဂဏအစွဲအလမ်းများကိုပယ်ပြီး လက်တွဲနိုင်သမျှ အင်အားစုအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဆိုသည့် မူအတိုင်းသာ ရှေ့ဆက်ခဲ့ပါကြောင်း၊ အလားတူ ဖဆပလကို အမျိုးသားတပ်ပေါင်းစုကြီးအဖြစ် ပြန်လည်စုစည်းသည့်အခါ တစ်ချိန်တစ်ခါက အလိုတော်ရိ နိုင်ငံရေးသမားကြီးများကိုပါ ဂိုဏ်းဂဏအစွဲကင်းကင်းဖြင့် လက်တွဲခဲ့ပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းသည် သွေးစုပ်ခြယ်လှယ်မှုကင်းသည့်လူ့ဘောင်ဆိုသည့် ဆိုရှယ်လစ်ရည်မှန်းချက်ကို နှစ်သက်လိုလားသူတစ်ဦးဟု မှတ်သားရပါကြောင်း၊ သို့သော် ဗိုလ်ချုပ်သည် ပစ္စည်းမဲ့အာဏာရှင်စနစ်ဖြင့်သာလျှင် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရမည် ဆိုသည့် ဆိုဗီယက်ပုံစံကို တရားသေ ကျင့်သုံးလိုသူမဟုတ်ပါကြောင်း၊ လွတ်လပ်သည့် မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် စည်းဝေးတိုင်ပင်ကြသည့်အခါ ဒီမိုကရေစီစနစ်သာလျှင် မြန်မာပြည်နှင့်ကိုက်ညီသည်ဟု ဗိုလ်ချုပ်ကိုယ်တိုင် လမ်းညွှန်မှုပေးခဲ့ပါကြောင်း။

စစ်ပြီးခေတ် မြန်မာ့နိုင်ငံရေးတွင် လက်တွေ့အလုပ်မဖြစ်သည့် အယူအဆများ လွှမ်းမိုးတွင်ကျယ်ခဲ့ပါကြောင်း၊ အထူးသဖြင့် “လွတ်လပ်ရေးဆိုတာ တိုက်ယူမှစစ်မယ်” ဆိုသည့် ဇဒါးနော့လမ်းစဉ်သည် မြန်မာ့လက်ဝဲအင်အားစုကြားတွင် အကြီးအကျယ် ရေပန်းစားနေပါကြောင်း၊ ယင်းသို့ နိုင်ငံရေးမီးရှူးမီးပန်းများ အပြိုင်လွှတ်နေကြသည့် နောက်ခံအခင်းအကျင်းတွင် ဗိုလ်ချုပ်သည် “နာကျင်ပင်ပန်းမှုအနည်းဆုံးနည်းလမ်း” ကို အမြော်အမြင်ရှိရှိ ရွေးချယ်ပြီး တိုင်းပြည်လွတ်လပ်ရေးကို လက်တွေ့ကျကျ အရယူပေးနိုင်ခဲ့ပါကြောင်း၊ ယင်းအကြောင်းအရာများသည် ဗိုလ်ချုပ်၏ နိုင်ငံရေးအရ ထူးခြားမှု(၃)ရပ်ကို သာဓကတင်ဖော်ပြနေသည့် ဥပမာအချို့မျှသာဖြစ်ပါကြောင်း။

ဗိုလ်ချုပ်၏ “ဂုဏ်အင်(၄)ရပ်” နှင့် “နိုင်ငံရေးအရ ထူးခြားမှု(၃)ရပ်”တို့သည် ယနေ့ မိမိတို့တစ်တွေ မျက်မှောက်ပြုနေကြရသည့် “ဒီမိုကရေစီအရေးတော်ပုံကြီး” က အပူတပြင်းတောင်းဆိုနေသည့် လိုအပ်ချက်များဖြစ်လိမ့်မည်ဟု သဘောရပါကြောင်း။

မိမိတို့ခေါင်းဆောင်ကြီး၏ နှစ် (၁၀၀)ပြည့်အခါသမယတွင် ဗိုလ်ချုပ်အမွေပေးခဲ့သည့်၊ ဗိုလ်ချုပ်ကိုယ်တိုင် စံနမူနာပြခဲ့သည့် ဂုဏ်အင်များနှင့် ထူးခြားမှုများကို ဆက်ခံပွားစီးရင်း မိမိတို့ခေတ်တွင် မိမိတို့ ပခုံးပေါ်တင်ပေးလိုက်သည့် ဒီမိုကရေစီရေးတာဝန်ကြီးကို ပြီးမြောက်အောင်ဆောင်ရွက်ကြပါစို့ဟု သန္နိဋ္ဌာန်ပြုကြရန် အားလုံးကို တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးက တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်နှင့်စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို နတ်မောက်မြို့၌ ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဗိုလ်ချုပ်မွေးနေ့ (ဖေဖော်ဝါရီ ၁၃ ရက်နေ့)တွင် ဗိုလ်ချုပ် အောင်ဆန်းနှစ်(၁၀၀)ပြည့် မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စာဖတ်ပရိသတ်များအား အသိပေးခြင်း

ရန်ကုန်မြို့ရှိ သတင်းစာပုံနှိပ်စက် ရုတ်တရက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သောကြောင့် ၈-၂-၂၀၁၅ ရက်နေ့(တနင်္ဂနွေအထူးထုတ်)ကို ယခုတစ်ပတ် ထုတ်ဝေခြင်းမပြုနိုင်ခဲ့ပါကြောင်း စာဖတ်ပရိသတ်များအား အသိပေးမေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။

(ကြေးမုံ)



ပြင်ဆင်ဖတ်ရှု

၆-၂-၂၀၁၅/ ၇-၂-၂၀၁၅ မွန်ပြည်နယ်အစိုးရအဖွဲ့ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကို ၀၅၇-၂၄၈၂၀ အစား ၀၅၇-၂၄၈၂၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

၂၀၁၅ ခုနှစ်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်း ဆောင်ရွက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်း နေထိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေး။

ပင်လုံသက်သေ

နေဇာဇာထွန်း

နိုင်ငံတိုင်းတွင် နိုင်ငံသမိုင်းကြောင်းများရှိကြပေလိမ့်မည်။ ထိုနိုင်ငံ၏ သမိုင်းကြောင်းကို သက်သေပြု၍ ထိုနိုင်ငံ၏ နေ့ထူးနေ့မြတ် အထိမ်းအမှတ်များလည်း ရှိကြပေလိမ့်မည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်များ သတ်မှတ်ထားပေရာ နှလုံးသည်းပွတ်၌ တန်ဖိုးအထားရဆုံး နေ့ထူးနေ့မြတ်မှာ လွတ်လပ်ရေးနေ့ပင်ဖြစ်ပါသည်။ သူ့ကျွန်ဘဝကျရောက်ခဲ့ရာမှ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ပြန်လည်အသက်ရှင်နိုးထလာသည့် ဤနေ့မှသည် မြန်မာတိုင်းရင်းသားများ၏ တန်ဖိုးမဖြတ်နိုင်သော နေ့တစ်နေ့ဖြစ်ခဲ့သည်။

လွတ်လပ်ရေးရရန် တိုင်းရင်းသားအားလုံး၏ အသက်၊ သွေး၊ ချွေး၊ မြောက်မြားစွာ ပေးဆပ်ခဲ့ကြရသည့် အတိတ်သမိုင်းကို သိပြီးဖြစ်ပေလိမ့်မည်။ ဤမျှတန်ဖိုးကြီးမားသည့် လွတ်လပ်ရေးအောင်ပွဲကြီးဆွတ်ခူးရရှိနိုင်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် သမိုင်းတစ်ခုမှာ ပြည်ထောင်စုနေ့ပင်ဖြစ်သည်။ ပြည်ထောင်စုနေ့ကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ သွေးစည်းညီညွတ်မှုကို ပြသသောနေ့ဟုဆိုလျှင်လည်း မမှားနိုင်ပေ။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်ဆိုလျှင် ကျွန်ုပ်တို့နိုင်ငံ၏ ပြည်ထောင်စုနေ့သည် (၆၈)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။

သူ့ကျွန်ဘဝကျရောက်ခဲ့သည့်အချိန်တွင် တိုင်းရင်းသားအားလုံးက နယ်ချဲ့တို့ကို ညီညီညွတ်ညွတ်ဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ ပြည်မနှင့် တောင်တန်းဒေသများပါ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ရေးအတွက် တိုင်းရင်းသားများ၏ စုပေါင်းအားဖြင့် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းခဲ့ကြရသည်။ ထိုသို့ကြိုးပမ်းခဲ့ကြရာတွင် တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားပေါင်းစုံသွေးစည်းညီညွတ်မှုကို ပြသခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းမှုကြောင့် မြန်မာ့လွတ်လပ်ရေး ရောင်ခြည်သန်းသည့်အချိန်သို့ ရောက်လာခဲ့သည်။

သို့သော် ဗြိတိသျှနယ်ချဲ့တို့က တောင်ပေါ်ဒေသများအား ၎င်းတို့လက်အောက်မှ လွတ်မြောက်ခွင့်မပေးချင်ကြသေးပေ။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွှေတိဂုံစေတီကုန်းတော်အလယ်ပစ္စယံ၌ ကျင်းပသော ဖဆပလ ညီလာခံကြီးက တိုင်းရင်းသားအားလုံးလက်တွဲပူးပေါင်း၍ လွတ်လပ်သော ပြည်ထောင်စုနိုင်ငံထူထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရှမ်းစော်ဘွားများ ညီလာခံကို ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဗဟိုချက်တွင်ရှိသော ပင်လုံမြို့၌ ကျင်းပခဲ့ရာ သခင်နု၊ ဦးဘဂျမ်းနှင့် ဦးမန်းဘခိုင်တို့ တက်ရောက်ခဲ့ကြသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့သွားရောက်ကာ ပြည်မရော တောင်တန်းဒေသပါ လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သောအဖွဲ့နှင့် ဗြိတိသျှအစိုးရတို့သည် ဘီလပ်၌ ဆွေးနွေးနေစဉ် တောင်ပေါ်၊ မြေပြန့်သားများ၏ စည်းလုံးမှုကို သွေးခွဲ လှုံ့ဆော်ခဲ့ကြသည်။ ထို့နောက် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ကြ သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ဝင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြန်လည်ရောက်ရှိလာကြပြီး ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပင်လုံ ညီလာခံကြီးသို့ တက်ရောက်၍ ပြည်မနှင့်တောင်တန်းဒေသ ပူးပေါင်းရေးကို ဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေပိုင်းတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို ရရှိခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသကိုယ်စားလှယ် ၂၁ ဦးတို့သည် တိုင်းရင်းသားညီအစ်ကို မောင်နှမများပမာ သွေးစည်းညီညွတ်မှုကို ပြသခဲ့ကြပြီး တောင်တန်းဒေသနှင့် ပြည်မပူးပေါင်းရန် သဘောတူညီသည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် မြန်မာ့သမိုင်းမှတ်တိုင်တစ်ရပ် ရေးထိုးမှတ်တမ်းတင်ခဲ့သည်မှာ ယခုဆိုလျှင် (၆၈)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။

တိုင်းရင်းသားအားလုံး၏ စုပေါင်းညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ပိုင်ဆိုင်နိုင်ခဲ့သည်။ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သည့် သမိုင်းကြောင်းကို သက်သေတည်၍ ပြဆိုခဲ့သည့် မှတ်တိုင်များသည် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုမှရရှိခဲ့သည့် နောက်ဆက်တွဲ အကျိုးကျေးဇူးများပင်ဖြစ်ပါသည်။ယယ်စဉ်က သင်ခဲ့ရသည့် ထင်းတစ်ချောင်းတည်းကို ချိုး၍ ရသော်လည်း စုစည်းထားသည့် ထင်းစည်းကိုချိုး၍ မရနိုင်ပုံ၊ ရွံ့ညွန်အတွင်း နစ်နေသည့်လှည်းကို တစ်ဦးတည်းဖြင့်တွန်း၍ မရနိုင်သော်လည်း စုပေါင်းအားဖြင့် တွန်းပါမှ လိုရာခရီးရောက်နိုင်ပုံ စသည့် ပုံပြင်သာဓကများကဲ့သို့ပင် စည်းလုံးမှုဖြင့် အောင်နိုင်မှုကို ရနိုင်သည့်သာဓကများစွာ ရှိပြီးဖြစ်ပါသည်။

ယနေ့ခေတ် မြန်မာ့သမိုင်းသည် ပြည်သူများလိုလားတောင့်တခဲ့ကြသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ရန် ရောင်ခြည်သန်းသည့်အချိန်သို့ ရောက်ရှိလာပြီဟု ဆိုနိုင်သည်။ ဤကဲ့သို့သော အချိန်အခါတွင် တိုင်းရင်းသားအားလုံးက ကျွန်ုပ်တို့ရရှိပိုင်ဆိုင်ထားပြီးသော လွတ်လပ်ရေး ထာဝစဉ်တည်တံ့စေရန်နှင့် ယခုလက်ရှိ လျှောက်လှမ်းနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ စည်းလုံးညီညွတ်စွာ ဆက်လက်လျှောက်လှမ်းရေးသည် တိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မြဲရေးသည် မရှိမဖြစ်သောအရာများပင်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ စည်းလုံးညီညွတ်ရန်မှာ လွန်စွာအရေးကြီးသည်။ ချစ်ကြည်ရေးကို တစ်ဦးတည်း တစ်ယောက်တည်းဖြင့် မပြုလုပ်နိုင်ပေ။ တစ်ဦးနှင့်တစ်ဦး၊ နားလည်မှုရှိရန် လိုအပ်ပေလိမ့်မည်။ ထို့ပြင် တန်းတူညီမျှရေးနှင့် အပြန်အလှန်ယုံကြည် လေးစားရမှုသည်လည်း မတူညီသော အခြေအနေများကို စုစည်းရာတွင် မရှိမဖြစ် ကျင့်သုံးအပ်သည့် အရာများပင် ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် လျှောက်လှမ်းကြရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုရေးရာလုပ်ငန်းများကို တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်မှုအားဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များအနက် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေးသည်လည်း အဓိက အခန်းကဏ္ဍမှပါဝင်နေသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးသည် ထိုနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရှိခြင်းအပေါ်တွင်လည်း များစွာမူတည်နေပါသည်။ ကျွန်ုပ်တို့၏အိမ်၊ အဖွဲ့အစည်း၊ နိုင်ငံတစ်နိုင်ငံ၊ တစ်ကမ္ဘာလုံးအထိ လူမှုဝန်းကျင်တစ်ရပ်လုံးကို ငြိမ်းချမ်းသာယာဝပြောသော ကမ္ဘာကြီးအဖြစ် ဖော်ဆောင်ကြရမည်ဖြစ်သည်။

သို့ပါ၍ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် "ပြည်ထောင်စုနေ့"ကို သက်သေပြု၍ ပြည်ထောင်စုသားတိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်မှု (သို့) ပင်လုံစိတ်ဓာတ်အရင်းတည်၍ ကျွန်ုပ်တို့နိုင်ငံကို အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်သည်။ တစ်ဖက်ကလည်း ယနေ့ရောက်ရှိလျှောက်လှမ်းနေသည့် ကြိုးပမ်းမှုအရှိန်အဟုန်ကို စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှု၊ ကြိုးစားအားထုတ်မှုအင်အားအပြည့်ဖြင့် ကျွန်ုပ်တို့ မျှော်မှန်းထားသည့် ခရီးပန်းတိုင်သို့ အရောက်လှမ်းကြပါရန် တိုက်တွန်းရင်း (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

> သူ့ကျွန်ဘဝကျရောက်ခဲ့သည့်အချိန်တွင် တိုင်းရင်းသားအားလုံးက နယ်ချဲ့တို့ကို ညီညီညွတ်ညွတ်ဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ ပြည်မနှင့် တောင်တန်းဒေသများပါ လွတ်လပ်၍အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ရေးအတွက် တိုင်းရင်းသားများ၏ စုပေါင်းအားဖြင့် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းခဲ့ကြရသည်။ ထိုသို့ကြိုးပမ်းခဲ့ကြရာတွင် တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားပေါင်းစုံသွေးစည်းညီညွတ်မှုကို ပြသခဲ့ကြသည်။

တတိယအကြိမ်မြောက် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံအတွက် မဟာဗျူဟာကျသည့် ဖွံ့ဖြိုးမှုလမ်းကြောင်းများ၊ လူသားစွမ်းရည် ဖွံ့ဖြိုးမှု၊ မြေယာအရင်းအမြစ် စီမံခန့်ခွဲမှု၊ လူမှုအကာအကွယ်ပေးရေး၊ ကျေးလက်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ချရေး အစရှိသည့် ကဏ္ဍရပ်များကို တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဖိုရမ်ကို ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ "အခြေခံအုတ်မြစ်များ တည်ဆောက်ကာ အနာဂတ်အတွက် အားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးမှုသို့ ချဉ်းကပ်စို့" ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပလျက်ရှိသည်။

ယင်းဖိုရမ်ပထမနေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး နေပြည်တော် သဘောတူညီချက်အရ လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်၊ အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်မှု၊ နိုင်ငံခြားအကူအညီအထောက်အပံ့ သတင်းအချက်အလက် စနစ်

ထူထောင်မှုအခြေအနေ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကဏ္ဍအတွက် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်နှင့် နော်ဝေသံအမတ်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်ပထမနေ့ နောက်ဆုံးအစီအစဉ်အဖြစ် လူသားစွမ်းရည်ဖွံ့ဖြိုးမှု၊ မြန်မာနိုင်ငံအတွက် မဟာဗျူဟာကျသည့် ဖွံ့ဖြိုးမှုလမ်းကြောင်းများ၊ မြေယာအရင်းအမြစ် စီမံခန့်ခွဲမှု၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ လူမှုအကာအကွယ်ပေးရေး၊ အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်စပ်ယှက်နွယ်မှု၊ ကျေးလက်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး၊ တီထွင်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ဖွံ့ဖြိုးမှု မိတ်ဖက်အဖြစ် စီးပွားရေးလုပ်ငန်းများ၊ ထိရောက်သည့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်စေရေး စသည့် ခေါင်းစဉ်(၁၀)ခုအား အုပ်စုအလိုက် တစ်ပြိုင်နက်တည်း ဆွေးနွေးခဲ့ကြသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလများအတွင်းက ကျင်းပခဲ့သည်။ ပထမအကြိမ်ဖိုရမ်တွင် မြန်မာအစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ဆောင်ရွက်ရန် ကတိကဝတ်များပါရှိသည့် နေပြည်တော် သဘောတူညီချက်ကို ချမှတ်ထုတ်ပြန်နိုင်ခဲ့သလို ဒုတိယအကြိမ်တွင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား အတူတကွ လက်တွဲလုပ်ဆောင်မည်ဆိုသည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုသည့် ပူးတွဲကြေညာချက်တစ်စောင်ကိုလည်း ထုတ်ပြန်ခဲ့သည်။

(နန္ဒာဝင်း၊ မြတ်သန္တာမောင်)

မြစိမ်းရောင်စီမံကိန်း ကျေးရွာခုနစ်ရွာသို့ အရင်းမပျောက်မတည်ငွေများ ပေးအပ်

ဘားအံ ဖေဖော်ဝါရီ ၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်း ကျေးရွာခုနစ်ရွာသို့ အရင်းမပျောက်မတည်ငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် ညနေ ၃ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေက မြစိမ်းရောင်အရင်းမပျောက်မတည်ငွေလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အရင်းမပျောက်မတည်ငွေများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ကော့ကရိတ်မြို့ တံတားဦးကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ် ကဇိုင်းကျေးရွာ၊ ဘားအံမြို့ ကော့ရင်းအောက်ကျေးရွာများသို့လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာ၊ ကမမောင်းမြို့ အမှတ်(၂)ရပ်ကွက်၊ မြဝတီမြို့ ရေပူကြီးကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့ တုလေ့ကုန်းကျေးရွာများသို့ လည်းကောင်း ပေးအပ်ရာ ငါးလုပ်ငန်းလုပ်ကိုင်လိုသူများက လက်ခံရယူကြသည်။ အဆိုပါ မြစိမ်းရောင် ရန်ပုံငွေအား ကျေးရွာနေပြည်သူများထဲမှ တင်မြှောက်သောသူများပါဝင်သည့် ကော်မတီနှစ်ရပ်ကိုဖွဲ့စည်းပြီး ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀၊ ကျေးရွာခုနစ်ရွာအတွက် စုစုပေါင်းငွေကျပ် သိန်း ၂၁၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တာချီလိတ်၌ ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပ

တာချီလိတ် ဖေဖော်ဝါရီ ၇

(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဧည့်ခံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းပိုင်မြေနေရာ၌ ကျင်းသည်။

ရှေးဦးစွာ အခမ်းအနားတွင် တာချီလိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှ ပေးပို့သော သဝဏ်လွှာကို တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဖတ်ကြားတင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်း

အောင်က ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် ဖတ်ကြားပြီး တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဧည့်သည်တော်များက ပြခန်းများ လိုက်လံကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ရှမ်းရိုးရာအစားအစာများဖြင့် နံနက်စာ တည်ခင်းဧည့်ခံကျွေးမွေးပြီး ယဉ်ကျေးမှုအဖွဲ့များက ဧည့်ခံဖျော်ဖြေကြသည်။ ယင်းနောက် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အခမ်းအနားသို့ တာချီလိတ်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ယဉ်ကျေးမှု အကအဖွဲ့များ၊ အာခါနှင့် လားဟူရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မော်ကြီး(တြိဂံနယ်မြေ)

❐❐

(၆၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကျင်းပ

ကော့ကရိတ် ဖေဖော်ဝါရီ ၇

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နံရံကပ်စာစောင်များ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများကို မြို့ပေါ်ရှိ အထက်တန်းကျောင်းများနှင့် ကျေးရွာများအထိ ပြသခဲ့သည်။

အဆိုပါပြသခြင်းကို ဖေဖော်ဝါရီ ၅ရက်တွင် အထက(၁)၊ အထက(တောင်ပေါ်ရပ်)၊ အထက(ဝင်းကြီး)၊ ဖေဖော်ဝါရီ ၆ ရက်တွင် အထက(ချောင်းတောင်)၊ အထက(၂)၊ ဖေဖော်ဝါရီ ၇ ရက်တွင် ရေကျော်ကြီးကျေးရွာ၊ ရေကျော်လေးကျေးရွာ၊ လှိုင်ဝကျေးရွာတို့တွင် ပြသခဲ့ကြသည်။

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲတွင် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆောင်ရွက်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများ၊ ဒေသဖွံ့ဖြိုးရေးမှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်များ၊ အဆိုအမိန့်များ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် သမိုင်းဝင်စာအုပ်များကို စုံစုံလင်လင်ဖြင့် ခင်းကျင်းပြသထားခဲ့ကြောင်း သိရသည်။

စိုးထက်အောင်(ကော့ကရိတ်)

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ရခိုင်ကမ်းလွန် ရေနံတွင်းတူးဖော်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-1 အတွင်း ရေနံရှာဖွေရေး တွင်းတူးဖော်မည့် Hai Yang Shi You 981 တွင်းတူးစက်သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ကမ်းလွန်တွင်းတူးစက်ရှင်းလင်းဆောင်တွင် အောင်ပြည်ဟိန်း-၁ တွင်းတူးဖော်မည့်အစီအစဉ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိနိုင်မည့် အလားအလာများကို Chinnery Assets Limited မှ President Mr. Cheng Cunzhi နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တွင်းတူးထိန်း ချုပ်ခန်းမှ တွင်းတူးဖော်ရေးပညာရှင်များနှင့် တွင်းတူး လုပ်သားများအား တွင်းစတင်တူးဖော်တော့မည်ဖြစ်ကြောင်း ကြေညာ၍ တွင်းတူးဖော်ရေးစက်ခလုတ်ကိုနှိပ်ကာ တွင်းစတင် တူးဖော်ပေးခဲ့ပြီးနောက် တွင်းတူးစက်အားလှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ အောင်ပြည်ဟိန်း(၁) ရှာဖွေရေးတွင်းသည် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော Chinnery Assets Limited မှ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-1 အတွင်းတူးဖော်မည့် မြန်မာ့ကမ်းလွန်တွင် ပထမဆုံးရေနက်ပိုင်းရှာဖွေရေးတွင်းဖြစ်ပြီး ရေအနက် ၁၇၃၁ မီတာနေရာတွင် အနက် ၅၀၀၀ မီတာအထိ တူးဖော်သွားမည်ဖြစ်ကာ ရခိုင်ကမ်းလွန်ရှိ အလားအလာကောင်းသော ပလိုင်အိုစင်းနှင့် မိုင်အိုစင်းသက်တမ်းရှိ သဲကြောများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များအား ရှာဖွေတူးဖော်သွားမည်ဖြစ်သည်။

တွင်းတူးစင်ပေါ်တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များနှင့် တွင်းတူးလုပ်သား ၂၁ ဦး တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိပြီး နည်းပညာလွှဲပြောင်းရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ Hai Yang Shi Yon 981 တွင်းတူးစက်သည် ရေအနက် ၃၀၀၀ မီတာအထိနက်သောနေရာတွင် တူးဖော်နိုင်စွမ်းရှိပြီး တွင်းအနက်အများဆုံး ၈၀၀၀ မီတာခန့်အထိ တူးဖော်နိုင်သော တွင်းတူးစက်ဖြစ်သည်။

အဆိုပါတွင်းတူးစက်သည် ကမ္ဘာအနှံ့ရှိ ကမ်းလွန်ပင်လယ်များတွင် တွင်း ၁၉ တွင်းတူးဖော်ခဲ့ပြီး ရေနံနှင့်သဘာဝ ဓာတ်ငွေ့ရှာဖွေရေးတွင် အများစုအားအောင်မြင်စွာရှာဖွေတွေ့ရှိတူးဖော်ပေးခဲ့သည့် အစဉ်အလာကောင်းသော တွင်းတူးစက်ဖြစ်ရာ မြန်မာ့ကမ်းလွန်တွင် တူးဖော်နေသော အောင်ပြည်ဟိန်း(၁) ရှာဖွေရေးတွင်းမှလည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိရန် အလားအလာကောင်းများမျှော်လင့်ရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် AD-1 တွင် ရှာဖွေရေးတွင်းအမှတ် အောင်ပြည်ဟိန်း(၁)၏ HAI YANG SHI YOU 981 တွင်းတူးစက်အား ဝေဟင်မှ တွေ့ရစဉ်။ (စွမ်းအင်)

(၅၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၅၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ ပရိသတ်က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က သာရဏီယ သြဝါဒကထာ မိန့်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဓမ္မစရိယစာမေးပွဲတွင် အထူးအောင်ပထမ၊ ဒုတိယနှင့်တတိယရရှိသူ ရဟန်းတို့အားလည်းကောင်း၊ ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပထမကြီးတန်း စာမေးပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူ ရဟန်းတို့အားလည်းကောင်း အောင်လက်မှတ်များကို ဆက်ကပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် အထူးအောင်မြင်ကြသော ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဆင်မင်းကျောင်း ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာ ဘိဝံသထံမှ ပရိသတ်က အနုမောဒနာတရား နာကြားကြပြီး ရေစက်ချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စာအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို အောင်လက်မှတ်များ ဆက်ကပ်ကာ တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို နှစ်စဉ် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် အလှည့်ကျ ကျင်းပလေ့ရှိပြီး ယခု (၅၇) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဓမ္မာစရိယစာမေးပွဲတွင် အထူးအောင်ရဟန်းသုံးပါး၊ ရိုးရိုးအောင် ရဟန်းနှင့် သီလရှင် ၁၃၅၈ ပါး၊ လူပုဂ္ဂိုလ် တစ်ဦး၊ ပထမပြန်စာမေးပွဲတွင် အထူးအောင်ရဟန်း ကိုးပါးနှင့် သီလရှင်သုံးပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင်ရဟန်း ၁၈ ပါး၊ သီလရှင်သုံးပါး၊ အုပ်စု(၁) မဟာဝိဒု(၅)ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် အထူးအောင် ကိုးဦးတို့အား ဘွဲ့တံဆိပ်များ ဆက်ကပ်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းရေးဆွဲရေးနှင့် ပတ်သက်၍ ပညာရှင်အကြံပေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၇

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းရေးဆွဲရေးနှင့် ပတ်သက်၍ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ ပညာရှင်အကြံပေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ တက်ရောက်ဆွေးနွေးသည်။**(ယာပုံ)**

ဆွေးနွေးပွဲသို့ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ ပညာရှင်အကြံပေးအဖွဲ့ အဖွဲ့ဝင်များ၊ အမျိုးသားပညာရေး ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့မှ ဥပဒေပညာရှင်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ရေးဆွဲမည့်အချက်များနှင့် စပ်လျဉ်း၍ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့၏ သဘောထားအမြင်များ၊ ပြင်ဆင်လိုသည့် အချက်များအား ဆွေးနွေးရာ တက်ရောက်လာကြသော ဥပဒေပညာရှင်များကလည်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ ကျောဖုံးမှ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရရှိရန် သမိုင်းတွင် အရေးပါခဲ့သည့် မြို့တစ်မြို့အဖြစ် တည်ရှိလေသည်။ အကြောင်းမှာ မြန်မာတိုင်းရင်းသားများအချင်းချင်း စုစုစည်းစည်းဖြင့် ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ နေထိုင်နိုင်ရန် "ပြည်မတောင်တန်းပူးပေါင်းရေးစာချုပ်"ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဗမာကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ရှမ်းကော်မတီစော်ဘွားများ ခြောက်ဦး၊ ရှမ်းကော်မတီ လူထုကိုယ်စားလှယ်ခြောက်ဦး၊ ချင်းကိုယ်စားလှယ်သုံးဦးနှင့် ကချင်ကိုယ်စားလှယ် ခြောက်ဦးတို့က တညီတညွတ်တည်း သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် အထင်ကရမြို့အဖြစ် တည်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ဤသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘူမိနက်သန်အောင်မြေအဖြစ် ပင်လုံမြို့လေးသည် တိုင်းသိပြည်သိ ထင်ရှားကျော်ကြားသည့် မြို့တစ်မြို့ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များက "ပင်လုံစာချုပ်"ကို လက်မှတ်ရေးထိုးခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်ကို မြန်မာနိုင်ငံ၏ပြည်ထောင်စုနေ့ဟု သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်းကျင်းပလာခဲ့သည်မှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် (၆၈)နှစ်ပြည့်မြောက်ခဲ့သည်ဖြစ်လေသည်။ ထို့ကြောင့် ပြည်ထောင်စုနေ့ ရောက်လေတိုင်း "ပြည်မတောင်တန်းပူးပေါင်းရေး"စာချုပ် "ပင်လုံစာချုပ်" ချုပ်ဆိုခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့လေးကို သတိတရရှိနေကြမည်မှာ အမှန်ပင်ဖြစ်သည်။

ပင်လုံမြို့ရှိ ပင်လုံပြည်ထောင်စုကျောက်တိုင်အား မျိုးချစ်စိတ်ဓာတ်ရှိကြသည့် မြန်မာနိုင်ငံသားတိုင်းသည် မဖြစ်မနေရောက်ဖူးသည်ရှိအောင် အလည်တစ်ခေါက်လာရောက်လေ့လာစေချင်ပါသည်။ ထို့အပြင် ပင်လုံမြို့သူမြို့သားများသည် တောင်ပေါ်ဒေသ တိုင်းရင်းသားများဖြစ်ကြသည့်အားလျော်စွာ သဒ္ဓါတရားထက်သန်ကြသောကြောင့် ကြီးကျယ်ခမ်းနားသည့် သာသနိကအဆောက်အအုံများသည်လည်း လက်ညှိုးထိုးမလွဲအောင် တည်ရှိနေသည်။ ပညာရေးကဏ္ဍတွင်လည်း ပင်လုံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ စက်မှုအထက်တန်းကျောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းများ ဖွင့်လှစ်ထားခဲ့သည်။ အလားတူပင် ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးကဏ္ဍများမှာလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက် ရှိနေပေသည်။

ထို့ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ သမိုင်းအမွေ ပင်လုံမြေသို့ အလည်တစ်ခေါက်လာရောက်နိုင်ရန် ဖိတ်ခေါ်၍ လှိုက်လှဲနွေးထွေးစွာဖြင့် ကမ်းလင့်ကြိုဆိုနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ **မိုးလွင်ဦး(လွိုင်လင်)**

ပြည်တွင်းရေးရာ

✱ ရှေ့ဖုံးမှ

မေး။ အခုအစိုးရလက်ထက်မှာ နိုင်ငံတော်အနေနဲ့ တိုင်းပြည်ကို တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုရှိပြီး တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အချိန်မှာ ဘယ်လိုခြိမ်းခြောက်မှုတွေ၊ အခက်အခဲတွေ ဖြေရှင်းနေရပါသလဲ။ လတ်တလော အမျိုးသားပညာရေးဥပဒေကို သပိတ်မှောက် ဆန္ဒပြနေတဲ့ ကျောင်းသားတွေရဲ့ လှုပ်ရှားမှုအခြေအနေတွေကလည်း အတိုင်းအတာ ဘယ်လောက်အထိရှိပါသလဲ။

ဖြေ။ အသွင်ကူးပြောင်းနေတဲ့ ကာလဟာ (၄)နှစ်တာ ကာလသာရှိသေးတဲ့အတွက် တိုင်းပြည်ရော ပြည်သူတွေမှာပါ ဒီမိုကရေစီအတွေ့အကြုံနုနယ်ပါသေးတယ်။ အခု အစိုးရလက်ထက်မှာ နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုရှိပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေတဲ့အချိန်မှာ ခြိမ်းခြောက်မှုတွေ၊ စိန်ခေါ်မှုတွေ ရှိခဲ့ပါတယ်။ လတ်တလော ခြိမ်းခြောက်မှုအနေနဲ့ကတော့ အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒထုတ်ဖော်နေတဲ့ ကျောင်းသားဆန္ဒပြမှုပဲဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄၁)နဲ့ အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီး မလိုလားကြသူတွေက ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့ကြရာကနေ စပြီးတော့ အခုလိုကျောင်းသားဆန္ဒပြမှုတွေဖြစ်ပေါ်လာခဲ့တာပဲ ဖြစ်ပါတယ်။

ဒီလို ဆန္ဒထုတ်ဖော်နိုင်ဖို့အတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့နဲ့ ၁၃ ရက်နေ့တွေက နာရေးကူညီမှုအသင်း(ရန်ကုန်) သုခခန်းမမှာ ဗကသနဲ့ တကသတို့ပူးပေါင်းပြီး နိုင်ငံလုံးဆိုင်ရာကျောင်းသားထု အရေးပေါ် အစည်းအဝေး ကျင်းပကာ အဲဒီအစည်းအဝေးကနေပြီး နိုဝင်ဘာလ ၁၃ ရက်နေ့မှာ "ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ" ကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီရဲ့ဦးဆောင်မှုနဲ့ ပထမအကြိမ် အမျိုးသားပညာရေးဥပဒေကို ဆန့်ကျင်တဲ့ ဆန္ဒထုတ်ဖော်မှုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့ကနေ ၁၇ ရက်နေ့အထိ ရန်ကုန်မြို့မှာ (၄)ရက်ကြာ ပြုလုပ်ခဲ့ကြပါ တယ်။ ပထမအကြိမ် ဆန္ဒထုတ်ဖော်မှုကို အခြေအနေတစ်ရပ်ရပ်ကြောင့် ဖြေရှင်းဆောင်ရွက်ပေးဖို့အတွက် သူတို့ရဲ့ဆန္ဒနဲ့ ရက်ပေါင်း(၆၀) ရွှေ့ဆိုင်းခဲ့တာ တွေ့ရပါတယ်။

ရက်(၆၀)ပြည့်ခါနီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့မှာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် ကံတက်ကုန်း(မစိုးရိမ်)ကျောင်းတိုက်မှာ အထက် မြန်မာနိုင်ငံ ဗကသက ဦးဆောင်ပြီးတော့ အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ မန္တလေးသပိတ်စစ်ကြောင်းကို မန္တလေးကနေ ရန်ကုန်ကို လမ်းလျှောက်ဆန္ဒထုတ်ဖော်ဖို့ ဆုံးဖြတ်ခဲ့တာတွေ့ရပါတယ်။

ဒုတိယအကြိမ် ဆန္ဒထုတ်ဖော်မှုကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့က စပြီးတော့ မန္တလေးသပိတ်စစ်ကြောင်းကို အထက်မြန်မာနိုင်ငံ ဗကသ က ဦးဆောင်ပြီး တကသတွေဝန်းရံကာ အင်အား ၆၅ ဦးနဲ့ မော်တော်ယာဉ်ခြောက်စီးနဲ့အတူ မန္တလေးမြို့ အိမ်တော်ရာ ဘုရားဝင်းကနေ စတင်လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ပါတယ်။

သပိတ်မှောက်အဖွဲ့ဟာ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာ၊ ၂၁ ရက်နေ့မှာ ကျောက်ဆည်မြို့၊ ၂၂ ရက်နေ့မှာ မြစ်သားမြို့ ရွှေသူဌေးရပ်ကွက်၊ ၂၃ ရက်နေ့မှာ နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာ၊ ၂၄ ရက် နေ့မှာ နွားထိုးကြီးမြို့ အမှတ်(၂)ရပ်ကွက်၊ ၂၅ ရက် နေ့နဲ့ ၂၆ ရက်နေ့တွေမှာ မြင်းခြံမြို့၊ ၂၇ ရက်နေ့မှာ တောင်သာ မြို့၊ ၂၈ ရက်နေ့မှာ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပား ကျေးရွာ၊ ၂၉ ရက်နေ့နဲ့ ၃၀ ရက်နေ့တို့မှာ ကျောက် ပန်းတောင်းမြို့၊ ၃၁ ရက်နေ့မှာ ချောက်မြို့နယ် ထန်း ခြောက်ပင်ကျေးရွာမှာ ညအိပ်အခြေပြုခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို။

အဲဒီလိုပဲ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ရေနံချောင်းမြို့၊ ၂ ရက်နေ့မှာ မကွေးမြို့နယ် ကံပြားကျေးရွာ၊ ၃ ရက်နေ့မှာ မကွေးမြို့၊ ၄ ရက်နေ့မှာ မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာ၊ ၅ ရက်နေ့မှာ တောင်တွင်းကြီးမြို့၊ ၆ ရက်နေ့မှာ တောင်တွင်းကြီးမြို့နယ် ဆပ်သွားကျေးရွာနဲ့ ဒီနေ့မှာတော့ အောင်လံမြို့ဘက်ကို ဆက်လက်ထွက်ခွာလျက်ရှိပါတယ်။ ဒီသပိတ်မှောက်စစ်ကြောင်းအနေနဲ့ အခုဆိုရင် သံဃာအပါး ၂၀၊ ကျောင်းသား ၈၆ ဦး၊ ဒေသခံ ၁၀ ဦး စုစုပေါင်း ၁၁၆ ဦးဟာ မော်တော်ယာဉ် ကိုးစီးနဲ့ အတူ ဆန္ဒထုတ်ဖော်လျက်ရှိပါတယ်။

အလားတူ ဧရာဝတီစစ်ကြောင်းဖြစ်တဲ့ ပုသိမ်အဖွဲ့ဟာလည်း ပုသိမ်တကသက ဦးဆောင်ပြီး အင်အား ၃၀ ခန့်ဟာ မော်တော်ယာဉ် နှစ်စီးနဲ့အတူ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ ပုသိမ်မြို့ (၈)ရပ်ကွက်ကနေစတင်ပြီး လမ်းလျှောက်ထွက်ခွာပြီး အဲဒီနေ့မှာ ကန်ကြီးထောင့်မြို့မှာ ညအိပ်ခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ ကျောင်းကုန်းမြို့၊ ၅ ရက်နေ့မှာ ပန်းတနော်မြို့၊ ၆ ရက်နေ့မှာ ညောင်တုန်းမြို့ကို ရောက်ရှိ လျက်ရှိပါတယ်။ ဒီနေ့မှာတော့ မအူပင်မြို့ဘက်ကို ဆက်လက်ထွက်ခွာလျက်ရှိပါတယ်။ ဒီအဖွဲ့မှာဆိုရင် ကျောင်းသား ၄၇ ဦး၊ ဒေသခံ ၅၃ ဦး စုစုပေါင်း ၁၀၀ ခန့်ဟာ မော်တော်ယာဉ်လေးစီးနဲ့ ဆန္ဒထုတ်ဖော်လျက် ရှိပါတယ်။

အလားတူပဲ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့မှာလည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့က ကျောင်းသား ၂၄ ဦးဟာ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ လာရောက်ပူးပေါင်းခဲ့ပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့မှာတော့ ရန်ကုန်ကို လမ်းလျှောက်ဆန္ဒဖော်ထုတ်ဖို့ ထွက်ခွာလာလျက်ရှိကြောင်း သိရှိရပါတယ်။

ဒ့ါအပြင် ဇန်နဝါရီလ ၂၀ ရက်နေ့ကနေ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နဲ့ ကလေးမြို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၊ မကွေးမြို့၊ ချောက်မြို့နဲ့ ရေစကြိုမြို့၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နဲ့ မန္တလေးမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ သန်လျင်မြို့နယ်နဲ့ စမ်းချောင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့မှာလည်း အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်တဲ့အနေနဲ့ ဆန္ဒထုတ်ဖော်လမ်းလျှောက်တာတွေ၊ လှုံ့ဆော်စည်းရုံးတာတွေ၊ လက်ကမ်းစာစောင် ဖြန့်ဝေတာတွေလည်း ပြုလုပ်ခဲ့ကြပါတယ်။

မေး။ ကျောင်းသားလှုပ်ရှားမှုနဲ့ပတ်သက်လို့ နိုင်ငံတော်အနေနဲ့ ဘယ်လိုဖြေရှင်း ဆောင်ရွက်သွားမယ်ဆိုတာလည်း သိချင်ပါတယ်။ နောက်ပြီး လေးပွင့်ဆိုင် ဆွေးနွေးပွဲကိုလည်း အစိုးရဘက်က တစ်ဖက်သတ် ရပ်ဆိုင်းထားတယ်လို့ စွပ်စွဲပြောဆိုနေကြတဲ့ကိစ္စနဲ့ပတ်သက်ပြီး နိုင်ငံတော်က ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေရှိရင်လည်း သိလိုပါတယ်။

ဖြေ။ ကျောင်းသားလှုပ်ရှားမှုနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အနေနဲ့ ငြိမ်းချမ်းစွာ တွေ့ဆုံညှိနှိုင်းဖြေရှင်းတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားပညာရေး ဥပဒေနဲ့ ပတ်သက်ပြီး လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့တဲ့အဖွဲ့တွေ ရောက်ရှိရပ်နားခဲ့တဲ့ မြို့နယ်တွေ၊ မြို့နယ်အဝင် နယ်စပ် နေရာတွေမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အလိုက် တာဝန်ရှိသူ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေအနေနဲ့ တရားမဝင် ဆန္ဒပြနေတာကို အသိပေးရှင်းလင်းပြောကြား ခဲ့ပါတယ်။

မန္တလေးအထက်မြန်မာနိုင်ငံ သပိတ်အဖွဲ့ စတင်ထွက်ခွာမယ့် ဇန်နဝါရီ ၂၀ ရက်နေ့ မန္တလေးမြို့ အိမ်တော်ရာဘုရားဝင်းမှာ (၁)ကြိမ်၊ စဉ့်ကိုင်မြို့နယ် မြစ်ငယ်တံတားမှာ (၁)ကြိမ်၊ စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ မြောက်မြေရပ်ကွက် မူလင်းဆုကျောင်းတိုက်မှာ (၁)ကြိမ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ ကျောက်ဆည်မြို့ကို ရောက်ရှိစဉ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးကလည်း နိုင်ငံတော်သမ္မတက အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်ကို သဝဏ်လွှာပေးပို့ထားတဲ့ အခြေအနေတွေ၊ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ပါက ဥပဒေအရခွင့်ပြုချက်တောင်းခံသွားဖို့နဲ့ ခွင့်ပြုချက်တောင်းခံပါက ခွင့်ပြုချက်ပေးသွားမှာဖြစ်ကြောင်း အသိပေးရှင်းလင်းပြောကြားတာ (၁)ကြိမ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းမှာ ရပ်နားစဉ်(၁) ကြိမ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ တောင်သာမြို့နယ်အဝင် နန်းမြင့်တောင်ကြားမှာ(၁) ကြိမ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ တောင်သာမြို့နယ် မိုင်တိုင်(၄၂၃/၇)မှာ(၁)ကြိမ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှာ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားကျေးရွာ မှာ(၁) ကြိမ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ ကျောက်ပန်းတောင်းမြို့ မိုင်တိုင်အမှတ်(၃၉၁/၂)နဲ့ ငွေချိုကျေးရွာအုပ်စု ရှားပင်ကျေးရွာ NLD ပါတီရုံးရှေ့တို့မှာ (၁)ကြိမ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ မကွေးမြို့နယ် ဒေါင်းနေတံတားထိပ်မှာ(၁) ကြိမ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ မကွေးမြို့နယ်အဆုံး တောင်တွင်းကြီးမြို့နယ်အစ ကုက္ကိုခွကျေးရွာအဝင် တံတားထိပ်မှာ(၁)ကြိမ် အကြိမ်ကြိမ်အသိပေး ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒါပေမယ့်လည်း မြင်းခြံမြို့ မြင်းခြံဒီဂရီကောလိပ်ကို ဇန်နဝါရီလ ၂၆ ရက်နေ့ အဲဒီသပိတ်ရောက်ရှိစဉ်မှာ ပင်မကျောင်းဆောင်ရှေ့ရှိ အလံတိုင်က နိုင်ငံတော်အလံကို ဖြုတ်ချခဲ့တဲ့အထိ မင်းမဲ့စရိုက် ဆန်ဆန်ပြုလုပ်လာခဲ့ပါတယ်။ ဒီလိုအပြုအမူမျိုးဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ဂုဏ်သိက္ခာကို များစွာထိပါးစေပါတယ်။ တရားဥပဒေကိုလည်း ချိုးဖောက်ရာရောက်ခဲ့ပါတယ်။

ဇန်နဝါရီလ ၂၇ ရက်နေ့ နန်းမြင့်တောင်ကြားမှာ ညှိနှိုင်းချက်အရ ဇန်နဝါရီလ ၂၈ ရက်နေ့မှာ သပိတ်အဖွဲ့ကို ဦးဆောင်သူတွေနဲ့ အစိုးရဘက်ကတာဝန်ရှိသူတွေ တွေ့ဆုံဆွေးနွေးဖို့နဲ့ သူတို့တောင်းဆိုထားတဲ့ (၁၁)ချက်ကို ဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဇန်နဝါရီလ ၂၈ ရက်နေ့ နေပြည်တော်မှာ တွေ့ဆုံဆွေးနွေးခဲ့ရာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်အဖွဲ့၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER)နဲ့ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့ လေးပွင့်ဆိုင်ဆွေးနွေးနိုင်ဖို့အတွက် သဘောတူညီချက် (၄)ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

အဲဒီသဘောတူညီချက် (၄)ချက်ကတော့ အစိုးရ၊ လွှတ်တော်၊ ကျောင်းသားနဲ့ National Network For Education Reform(NNER) ကိုယ်စားလှယ်တွေ ပါဝင်တဲ့ ပထမအကြိမ် လေးပွင့်ဆိုင်ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁ ရက်နေ့ ရန်ကုန်မြို့မှာ စတင်နိုင်ဖို့၊ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ ကျောင်းသားကိုယ်စားလှယ်အဖွဲ့တွေက တင်ပြတဲ့အချက် (၁၁)ချက်ကို ဆွေးနွေးညှိနှိုင်းအဖြေရှာကြဖို့၊ ကိုယ်စားလှယ်တွေအနေနဲ့ အပြုသဘောဆောင်ဆွေးနွေးပြီး သဘောတူညီမှုတွေကို ညှိနှိုင်းရယူဖို့နဲ့ ကျန်တာတွေကို ဆက်လက်ဆွေးနွေးအဖြေရှာသွားဖို့၊ ကျောင်းသားတွေအနေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ စတင်တဲ့နေ့မှာ သပိတ်ရပ်နားသွားမယ်ဆိုတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

အဲဒီသဘောတူညီချက်(၄)ချက်အရ ဖေဖော်ဝါရီလ ၁ ရက်နေ့ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမမှာ လေးပွင့်ဆိုင်ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ အဲဒီဆွေးနွေးပွဲမှာ မူလသဘောတူညီချက်ပါ အချက်(၁၁)ချက်ကို မဆွေးနွေးမီ ကျောင်းသားအဖွဲ့က အချက်(၉)ချက်ကို ထပ်မံတောင်းဆိုလာတာတွေ့ရပါတယ်။ တောင်းဆိုချက်မှာပါတဲ့ အချက်အချို့ကို လိုက်လျောပေးနိုင်ခဲ့သော်လည်း အချက်အချို့ကိုတော့ အစည်း အဝေးပြုလုပ်ပြီး ညှိနှိုင်းဖြေရှင်းပေးရမှာဖြစ်တဲ့အတွက် ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ထပ်မံဆွေးနွေးကြဖို့ သဘောတူညီခဲ့ကြပါတယ်။

အဲဒီလို သဘောတူညီခဲ့ပေမယ့်လည်း ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ သပိတ်စစ်ကြောင်းတွေ ရပ်တန့်မသွားဘဲ အရှိန်တိုးမြှင့်ကာ ပိုမိုလုပ်ဆောင်လာခဲ့ကြတာကို တွေ့ရတဲ့အတွက် သူတို့ရဲ့ဦးဆောင်မှုအခန်းကဏ္ဍမှာ တာဝန်ယူမှုတွေရောထွေးပြီး မသေချာမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးမှာ ကျောင်းသားတွေက သဘောတူညီထားရှိပြီးတဲ့ အင်အားထက်ပိုပြီး အစည်းအဝေးတက်ရောက်ဖို့ တောင်းဆိုခဲ့ပါတယ်။ အစည်းအဝေးမှာ သာတူညီမျှဖြစ်ရမယ်လို့ဆိုသော်လည်း သတ်မှတ်တဲ့ အင်အားထက် ကျော်လွန်ပြီး အသွင်သဏ္ဌာန်နဲ့ ပုံစံတွေကွဲလွဲမှုတွေရှိလာတဲ့အတွက် အစည်းအဝေးစတင်ဖို့ နှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။ ဆန္ဒပြကျောင်းသားတွေအနေနဲ့ ကိုယ်စားပြုမှုနဲ့ ဦးဆောင်မှုအခန်းကဏ္ဍတွေမှာ ရှုပ်ထွေးမှုတွေ ရှိလာတဲ့အတွက် တာဝန်ရှိသူတွေအနေနဲ့ မလိုလားအပ်တဲ့ အကျပ်အတည်းတွေကို ရှောင်ရှားနိုင်ဖို့အတွက် အချိန်ယူပြင်ဆင်ရမယ့်ကိစ္စရပ်ဖြစ်တဲ့ အစည်းအဝေးကျင်းပမယ့်ပုံစံနဲ့ Agenda ကို အကျေအလည် ညှိနှိုင်း သဘောတူညီချက်ရမှသာ အစည်းအဝေးတွေ ပြန်လည်ကျင်းပဖို့ဆုံးဖြတ်ခဲ့ရတာ ဖြစ်ပါတယ်။

ဆွေးနွေးတဲ့ အဖွဲ့အစည်းတွေအကြား ကြိုတင်ညှိနှိုင်းသဘောတူညီချက်ရမှပဲ အောင်မြင်တဲ့ ဆွေးနွေးပွဲတွေ ကျင်းပနိုင်မှာဖြစ်တဲ့အတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နိုင်ဖို့ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နောက်ပိုင်းမှာ ကျင်းပနိုင်ဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နိုင်ဖို့ လေးပွင့်ဆိုင်ဆွေးနွေးပွဲတွေကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နောက်ပိုင်းမှာ ကျင်းပဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ သတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဒ့ါကြောင့် လေးပွင့်ဆိုင်ဆွေးနွေးပွဲကိုရပ်ဆိုင်းတာမဟုတ်ဘဲ အခြေအနေအရ ရွှေ့ဆိုင်းခဲ့ရခြင်းပဲ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ဒီလေးပွင့်ဆိုင်ဆွေးနွေးပွဲကိစ္စနဲ့ ပတ်သက်ပြီး ဖေဖော်ဝါရီလ ၆ ရက်နေ့ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အဆောင်(၁) ပထမထပ်အစည်းအဝေးခန်းမမှာ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲ ပြန်လည်ကျင်းပရေး အကြိုညှိနှိုင်း ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနဲ့

စာမျက်နှာ ၁၀ သို့ ✱

ကချင်ပြည်နယ် ပူတာအိုမှ ပန်ဒါနီနှစ်ကောင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ရေရှည်တည်တံ့စေရေးနှင့် မျိုးသုဉ်း ပျောက်ကွယ်မှုမရှိစေရေးအတွက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်း၍ ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

ပန်ဒါနီသည် ဥပဒေအရကာကွယ်ထားသော ရှားပါးတိရစ္ဆာန်မျိုးရင်းဖြစ်ပြီး ပြည်သူလူထုများ အပန်းဖြေ ပျော်ရွှင်စွာ နားနေနိုင်ရန်လည်းကောင်း၊ ဗဟုသုတရှာမှီးလိုသည့် ပြည်သူများအတွက် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ သတ္တဗေဒပညာရပ်ဆိုင်ရာများ လေ့လာနိုင်သည့်နေရာ တစ်ခုဖြစ်လာစေရန်လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်များ မျိုးဆက်မပျက်သုဉ်းရေးအတွက် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးသုတေသနလုပ်ငန်းများတွင် အထောက်အကူပြုစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားသော နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့ ဖေဖော်ဝါရီ ၆ ရက်တွင် ကချင်ပြည်နယ် ပူတာအိုမှ ပန်ဒါနီအထီးတစ်ကောင်နှင့် အမတစ်ကောင် လေယာဉ်ဖြင့်ရောက်ရှိ ကြောင်း သိရသည်။ **(သတင်းစဉ်)**

❋ စာမျက်နှာ ၉ မှ

တာဝန်ရှိသူတွေ၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)က တာဝန်ရှိသူတွေ တက်ရောက်ခဲ့ကြပြီး နောက်ထပ်ပြုလုပ်မယ့် အစိုးရ၊ လွှတ်တော်၊ ကျောင်းသားနဲ့ NNER တို့ရဲ့ လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်မှာ မပြုလုပ်ဘဲ ရန်ကုန်မှာ ပြုလုပ်ဖို့ သဘောတူညီခဲ့ကြပြီး ဖေဖော်ဝါရီလ(၉)ရက်နေ့မှာ NNER က အကြောင်းပြန်ကြားမယ်လို့ ဆွေးနွေးခဲ့ကြပါတယ်။

နိုင်ငံတော်အနေနဲ့ ဆန္ဒပြအဖွဲ့တွေအပေါ်မှာ အလျှော့ပေးမှုတွေ ဆောင်ရွက်ပေးခဲ့သလို စိတ်ရှည်ရှည်နဲ့ ညှိနှိုင်းဆွေးနွေးမှုတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျောင်းသားတွေအနေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ စတင်တဲ့နေ့မှာ သပိတ်တွေရပ်နားသွားမယ်လို့ သဘောတူညီလက်မှတ်ရေးထိုးခဲ့ပေမယ့်လည်း အခြေအနေအရ လေးပွင့်ဆိုင်ဆွေးနွေးပွဲတွေ ရွှေ့ဆိုင်းခဲ့ရတဲ့အပေါ် သပိတ်စစ်ကြောင်းတွေ ရန်ကုန်အထိချီတက်ပြီး တစ်နိုင်ငံလုံးက သပိတ်စစ်ကြောင်းတွေ စုပေါင်းပြီး ဖေဖော်ဝါရီ ၁၃ ရက်နေ့အထိ ဆန္ဒပြမှု ပြုလုပ်သွားမယ်လို့ သိရှိရပါတယ်။

မေး။ အလျဉ်းသင့်လို့ တစ်လက်စတည်း အားလုံးစိတ်ဝင်စားနေကြတဲ့ မေးခွန်းလေးမေးချင်ပါတယ်။ မကြာမီက ဖြစ်ပေါ်ခဲ့တဲ့ မူဆယ် ကောင်းခါးကျေးရွာက ဆရာမနှစ်ဦး အသတ်ခံရမှုနဲ့ ပတ်သက်လို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ တရားခံ ဖော်ထုတ်နိုင်ရေးအတွက် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သိချင်ပါတယ်။

ဖြေ။ မူဆယ်မြို့နယ် ကောင်းခါးကျေးရွာမှာ ကျောင်းဆရာမနှစ်ဦး အသတ်ခံရမှုနဲ့ပတ်သက်ပြီး ဒီဆရာမနှစ်ဦးဟာ အစိုးရခန့်မဟုတ်ပါဘူး။ ဒေသခန့်ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မူဆယ်မြို့နယ် ပန်ဆိုင်းနယ်မြေ ရဲစခန်းမှာ (၂၀. ၁. ၂၀၁၅) ရက်နေ့မှာ လူသတ်မှုနဲ့ အမှုဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ အမှုနဲ့စပ်လျဉ်းပြီးတော့ ရဲလုပ်ငန်းဖြစ်တဲ့ အခင်းဖြစ်ရပ်ကို အသေးစိတ်စစ်ဆေးတာ၊ အခင်းဖြစ်ရပ်ပတ်ဝန်းကျင်ရှိ သက်သေတွေကို စစ်ဆေးတာ၊ ရဲဆေးစာနဲ့ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီးမှာ ခရိုင်ဆရာဝန်ကြီးဦးစီးပြီးတော့ ရင်ခွဲစစ်ဆေးတာ၊ သေဆုံးသူနဲ့ အခင်းဖြစ်ရပ်အနီးပတ်ဝန်းကျင် ရွာသူ/ရွာသား ၄၇ ဦးကို စစ်ဆေးတာ၊ အခင်းဖြစ်ရပ်ပတ်ဝန်းကျင်မှာရှိတဲ့ နေအိမ်တွေကို စစ်ဆေးတာ၊ကောင်းခါးကျေးရွာမှာ ရောက်ရှိအခြေပြုလှုပ်ရှားနေတဲ့ တပ်မတော်စစ်ကြောင်းမှာပါဝင်တဲ့ တပ်မတော်သား ၂၈ ဦးကို စစ်ဆေးတာတွေ ဆောင်ရွက်ထားပါတယ်။ ဒ့ါပြင် ဆံပင်နမူနာတွေရယူပြီး အခင်းဖြစ်ရပ်က သွေး၊ သွေးစွန်းအဝတ်၊ စောင်စတာတွေကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးဖို့ ဓာတုဗေဒဝန်ရုံးကို ပေးပို့ထားပြီးဖြစ်ပါတယ်။

ဒီနယ်မြေဒေသဟာ လုံခြုံရေးလိုအပ်ချက်ရှိတဲ့ နယ်မြေဖြစ်တဲ့အတွက် အမှုစစ်ဆေးကြမယ့် မိမိရဲတပ်ဖွဲ့ဝင်တွေဟာ တပ်မတော်စစ်ကြောင်းတွေရဲ့လုံခြုံရေးနဲ့အတူ လိုက်ပါပူးပေါင်းဆောင်ရွက်ကြပါတယ်။ ဖြစ်စဉ်ဖြစ်ပွားကြောင်း သိလျှင်သိချင်းပဲ ဇန်နဝါရီလ ၂၀ ရက်နေ့ မနက်ပိုင်းမှာ ပန်ဆိုင်းနယ်မြေ ရဲစခန်းမှူးဟာ အခင်းဖြစ်နေရာကို ရောက်ရှိခဲ့ပါတယ်။ ဇန်နဝါရီလ ၂၁ ရက်နေ့မှာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ဇန်နဝါရီလ၂၃ ရက်နေ့မှာ ခရိုင် ရဲတပ်ဖွဲ့မှူးနဲ့ ဇန်နဝါရီလ (၂၆၊၂၇၊၂၈၊၃၁) ရက်နေ့တွေမှာတော့ လားရှိုးမြို့မှာအခြေစိုက်တဲ့ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးကိုယ်တိုင် အခင်းဖြစ်နေရာကို မှုခင်းရဲတပ်ဖွဲ့ဝင်တွေပါဝင်တဲ့ စုံစမ်းဖော်ထုတ်ရေးအဖွဲ့နဲ့အတူ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ဒီလိုစစ်ဆေးတဲ့အခါ တပ်မတော်က စစ်ဗျူဟာမှူး၊ တပ်ရင်းမှူးတွေရဲ့ အကူအညီနဲ့ တရားခံ အစစ်အမှန် ဖော်ထုတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။လက်ရှိအချိန်မှာတော့ ဒီလို စစ်ဆေးဆောင်ရွက်နေစဉ်မှာ သံသယရှိသူတွေထဲက ဒေသခံနှစ်ဦး စစ်ဆေးဖို့ကျန်ရှိနေပါတယ်။ ဒီနှစ်ဦးကတော့ လုံခြုံရေးကန့်သတ်ချက်ရှိတဲ့ KIA နယ်မြေအတွင်းကို ထွက်ပြေးတိမ်းရှောင်နေတယ်လို့ ယူဆရပါတယ်။

မေး။ ဒီဖြစ်စဉ်မှာ သံသယရှိတဲ့သူနှစ်ဦးဟာ အခုဆိုရင် ထွက်ပြေးတိမ်းရှောင်နေပြီးတော့ သူတို့ရဲ့ ကျေးရွာမှာမရှိဘဲ KIA လှုပ်ရှားမှုနယ်မြေမှာ ရှိနေတယ်လို့ ယူဆရတဲ့အတွက် ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။

ဖြေ။ မှန်ပါတယ်။ သံသယရှိသူဒေသခံနှစ်ဦးဟာ ခရီးလွန်နေတဲ့အတွက် စစ်ဆေးဖို့ ကျန်ရှိနေပါတယ်။ အဲဒီနှစ်ဦးဟာ တရားဥပဒေစိုးမိုးမှုမရှိတဲ့၊ လုံခြုံရေးကန့်သတ်ချက်ရှိတဲ့နယ်မြေမှာ ရောက်ရှိနေတာဖြစ်တဲ့အတွက် အမှုအတွက် အစစ်အဆေးခံယူဖို့နဲ့ တခြားအဝေးပြေးပကို ထွက်ခွာမသွားဖို့ကိုလည်း ဒေသခံ ဘာသာရေးအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းခေါ်ယူထားပြီးဖြစ်ပါတယ်။ အမှုမှန်ပေါ်ပေါက်ရေးအတွက် KBC ခရစ်ယာန်ဘာသာရေးအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ညှိနှိုင်းချက်အရလည်း အဲဒီသံသယရှိသူနှစ်ဦးကို ခေါ်ယူစေလွှတ်ပေးမယ်လို့ သိရပါတယ်။ အဲဒီ နှစ်ဦးရောက်ရှိလာမယ်ဆိုလို့ရှိရင်တော့ အမှုမှန်ပေါ်ပေါက်စေရေး ဆက်လက်စစ်ဆေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ ဒီလူသတ်မှုမှာ တရားခံအစစ်အမှန် ဖော်ထုတ်နိုင်ရေးနဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။

ဖြေ။ သက်သေစစ်မေးချက်တွေကနေ ပေါ်ပေါက်ချက်တွေ၊ ဓာတုဗေဒဝန်ရုံး၊ ကျန်းမာရေးဦးစီးဌာန၊ အဲဒီဌာနတွေက စစ်ဆေးချက်အဖြေတွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး ခိုင်လုံတဲ့ သက်သေအထောက်အထားတွေ ရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဒေသခံတွေရဲ့ အကူအညီကိုရယူပြီး တပ်မတော်နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တပ်မတော်အနေနဲ့လည်း ဖြစ်စဉ်ဖြစ်ပွားချိန်ကနေ ဒီနေ့အထိအခင်းဖြစ်ကျေးရွာမှာ ညအိပ်ခဲ့တဲ့ တပ်မတော်အရာရှိ လေးဦး၊ စစ်သည် ၂၂ ဦး၊ ပေါင်း ၂၆ ဦး၊ အားကစားပြန်စစ်သည် နှစ်ဦး စုစုပေါင်း ၂၈ ဦးတို့ စစ်သည်တစ်ဦးချင်းစီရဲ့ ခန္ဓာကိုယ်အနှံ့ခိုက်ရန်ဖြစ်ပွားထားတဲ့ ဒဏ်ရာဒဏ်ချက် ရှိမရှိ၊ သူတို့ရဲ့ ဆံပင်နမူနာတွေ ရယူတာ၊ သဲလွန်စရှိမရှိ ပူးပေါင်းစစ်ဆေးတာတွေ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါတင်မကဘဲ သံသယဖြစ်ဖွယ်တွေ ကင်းရှင်းပြီး အမှုမှန်ပေါ်ပေါက်တဲ့အထိ အဲဒီအရာရှိစစ်သည်တွေကို ပြန်လည်ရုပ်သိမ်းခေါ်ယူမှာမဟုတ်ဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ စစ်ဆေးရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီလူသတ်မှု အမှုမှန်ပေါ်ပေါက်ရေးအတွက် အဖွဲ့အစည်းတွေနဲ့ ဒေသခံပြည်သူတွေကယုံယုံကြည်ကြည် ပူးပေါင်းဆောင်ရွက်ပေးကြဖို့နဲ့ ဝိုင်းဝန်းကူညီမယ်ဆိုလို့ရှိရင် အမှုမှန်ပေါ်ပေါက်ပြီး ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

မေး။ အခု ကျောင်းသားလှုပ်ရှားမှုတွေကိုလည်း ဝန်ကြီးအနေနဲ့ ဘယ်လိုထင်မြင်ယူဆမိပါသလဲ။ နောက်ပြီး နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေးတို့အတွက် ဘယ်လိုထိခိုက်မှုတွေ ရှိလာနိုင်ပါသလဲ။

ဖြေ။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေဟာ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးကို အကြောင်းပြုပြီး တိုင်းပြည်မတည်မငြိမ်ဖြစ်ပေါ်လာအောင် ပြုလုပ်နေတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေပဲဖြစ်ပါတယ်။ ကျောင်းသားလူငယ်တွေကို ရှေ့တန်းတင်ပြီး ကျောင်းသားအမည်ခံသူတွေ ဦးဆောင်ကာ နောက်ကွယ်က ကြိုးကိုင်ဆောင်ရွက်နေသူတွေရဲ့ အလိုကျလိုက်ပါလုပ်ဆောင်နေရတာကို တွေ့ရှိရပါတယ်။ အားပေးအားမြှောက်ပြုနေတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းအချို့၊ အကူအညီပေးနေတဲ့ လူမှုရေးအဖွဲ့အစည်းအချို့လည်း ပါဝင်ပတ်သက်နေတာကို တွေ့ရှိရပါတယ်။

ဒီလို အမျိုးသားပညာရေးဥပဒေကို ဆန္ဒထုတ်ဖော်တဲ့ ကျောင်းသားအဖွဲ့တွေ၊ အသက်အရွယ်ကြီးရင့်သူတွေ၊ ကျောင်းသားမဟုတ်တော့တဲ့သူတွေ၊ အိမ်ထောင်သည်တွေတောင် ပါဝင်နေတာကို တွေ့ရှိရပါတယ်။ ဒီဖြစ်စဉ်ကို ဆန်းစစ်ကြည့်မယ်ဆိုရင် ဖြစ်စဉ်ရဲ့ နောက်ကွယ်ကနေ ကြိုးကိုင်နေသူထဲမှာ အစွန်းရောက်ဝါဒီသမား(ဟောင်း) တွေ ပါဝင်ပါတယ်။ သူတို့ရဲ့ သားသမီးတွေကို မျိုးဆက်သစ်အဖြစ်မွေးထုတ်ဦးဆောင်စေကာ သူတို့ရဲ့ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းတဲ့နည်း၊ တောင်းယူတိုက်ယူတဲ့နည်းတွေ ကျင့်သုံးလာတာတွေ့ရပါတယ်။ တစ်ခါတစ်ရံမှာလည်း နိုင်ငံခြားအဖွဲ့အစည်းတွေရဲ့ အားပေးအားမြှောက်ပြုလုပ်နေတာကိုလည်း တွေ့ရှိရပါတယ်။

မေး။ အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒဖော်ထုတ်တဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ ဒီအပေါ်ထောက်ခံ၊ ကူညီ၊ အားပေး၊ ထောက်ပံ့မှုတွေ ပေးနေတဲ့ အဖွဲ့အစည်းတွေအပေါ်ကိုလည်း အရေးယူဆောင်ရွက်သွားဖို့ရှိ၊ မရှိ သိရှိလိုပါတယ်။

ဖြေ။ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးအတွက် ဆန္ဒထုတ်ဖော်နေတဲ့ ကျောင်းသား ကျောင်းသူအစစ်အမှန်တွေအပေါ်မှာတော့ အခုအချိန်ထိ တရားဥပဒေအရ အရေးယူဖို့မရှိပါဘူး။ အရေးယူတာ မပြုလုပ်လိုတဲ့အတွက်လည်း လေးပွင့်ဆိုင်ဆွေးနွေးပွဲတွေ ပြုလုပ်စီစဉ် ခေါ်ယူတွေ့ဆုံညှိနှိုင်းဖြေရှင်းတဲ့ နည်းလမ်းတွေနဲ့ လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်အလံဖြုတ်ချတာမျိုး ဥပဒေမဲ့လုပ်ဆောင်လာကြတာကို တွေ့ရတဲ့အတွက် မင်းမဲ့စရိုက်ဆန်ဆန် ဒီလို လုပ်ရပ်မျိုးကိုတော့ ဥပဒေက မျက်ကွယ်ပြုလို့မရပါဘူး။ တိုင်းပြည်မတည်မငြိမ် ဖြစ်ပေါ်ဖို့ နောက်ကွယ်က ကြိုးကိုင်လှုပ်ရှားနေသူတွေ၊ အားပေးအားမြှောက်ပြုနေကြသူတွေကိုတော့ ဆက်လက် စောင့်ကြည့်ဖော်ထုတ်သွားရမှာ ဖြစ်ပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့ အခြေခံဖြစ်တဲ့ ပညာရေးကဏ္ဍဟာ အရေးကြီးပါတယ်။ အခုကျောင်းသားတွေမှာအတန်းတင်စာမေးပွဲဖြေဆိုဖို့ နီးကပ်နေပြီဖြစ်တဲ့အတွက် ကျောင်းသားမိဘတွေ အနေနဲ့လည်း ပဋိပက္ခတွေ ဖြစ်ပွားပြီး ကျောင်းတွေပိတ်မှာကို စိုးရိမ်နေကြပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြည်သူတွေဟာ စိတ်အေးချမ်းသာစွာနဲ့ နေထိုင်လုပ်ကိုင်စားသောက်နိုင်မှာဖြစ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ကြမှာပဲ ဖြစ်ပါတယ်။ အတိတ်က ကြုံတွေ့ခဲ့ပြီးတဲ့ ဆူပူမှုအရေးအခင်းကြီးတွေ ထပ်မံမဖြစ်ပွားဖို့ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိနိုင်ငံတော်မှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ အခြေအနေတွေကို သိရှိနားလည်ပြီး ရဟန်းရှင်လူ မိဘပြည်သူအပေါင်းက နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ အလေးအနက် တိုက်တွန်းလိုပါတယ်။ ။

နတ်တလင်းမြို့နယ် နွေစပါးစိုက်ပျိုးနိုင်ရေး ရေရရှိအောင်ဆောင်ရွက်

နတ်တလင်း ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံမှ ၂၀၁၄-၂၀၁၅ ခုနှစ် မြို့နယ် နွေစပါး ၅၁၉၇ ဧကစိုက်ပျိုးရန် လျာထားသတ်မှတ်ပြီး ဇီးကုန်းမြို့နယ်တွင် ၅၈၂ ဧက စုစုပေါင်း ၅၇၇၉ ဧကကို လျာထားသတ်မှတ်ချက်အတိုင်းအောင်မြင်ဖြစ်ထွန်းရေးအတွက် အချိန်မီရေပေးဝေနိုင်ရန် မြို့နယ်ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဇီးကုန်းမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန် တောင်ညိုတူးမြောင်းမကြီးအား စက်ယန္တရားများဖြင့်လည်း ရေစီးရေလာကောင်းမွန်ရေးအတွက် လုပ်ကိုင်ပေးလျက်ရှိသည်။ ယခုနှစ်နွေစပါးစိုက်ပျိုးမှုအတွက် အောင်ရေရရှိရေးများကို အခက်အခဲမရှိပေးဝေနိုင်ရန် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန အကြီးအကဲများ၏ လမ်းညွှန်မှုကို ခံယူကာ ဦးစဝ်ခွန်ဦး(မြို့ပြ)က ဦးဆောင်ပြီး မြို့နယ်ဆည်မြောင်းဦးစီးဌာနရှိ ဝန်ထမ်းများစုပေါင်း၍ လုပ်ကိုင်ပေးရာ တောင်ညိုတမံမှနတ်တလင်းမြို့နယ်နှင့်ဇီးကုန်းမြို့နယ် အတွင်းရှိ နွေစပါးချောင်းပိတ်တမံများဖြစ်သည့် ချောင်းဇောက်(ကြိုးဝိုင်း)၊ တမံ၊ ချောင်းဇောက်တမံ၊ ဦးညွှက်လှတမံ၊ ဝပ်စားပိုးတမံ၊ ဘုန်းကြီးတမံ၊ ငွေးပင်ခုံတမံ၊ ရွှေကြို့ပင်(မောရ)တမံစသည့်တမံများသို့ လိုအပ်သောရေများကို ဖြည့်တင်းပေးလျက်ရှိပြီး ယခုအခါတွင် နွေစပါး ၁၆၉၆ ဧကကို ပျိုးထောင်ပြီးရာ ဆက်လက်၍ လျာထားသတ်မှတ်ချက်ဧကများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရေပေးဝေလျက်ရှိကြောင်း သိရသည်။ **(၀၇၁)**

ရောဝတီယူနိုက်တက်အသင်းနိုင်ပွဲရရှိ

ပုသိမ် ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီးပုသိမ်မြို့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် ဧရာဝတီယူနိုက်တက်အသင်းနှင့်ရခိုင်ယူနိုက်တက်အသင်းတို့ ယနေ့ ညနေ ၃ နာရီခွဲက ကျောက်တိုင်အားကစား ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီယူနိုက်တက်အသင်းက ၂-၁ ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧရာဝတီယူနိုက်တက်အသင်းမှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြောင်း သိရသည်။

မောင်မောင်မြင့်(ပြန်/ဆက်)

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်ပြပွဲ ကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၇

တောင်ကြီးမြို့မှ သစ္စာပြတင်းလူမှုနှင့် အနုပညာကွန်ရက်မှ ကြီးမှူး၍ ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်သည့်အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြစပယ်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ အာဇာနည် ခေါင်းဆောင်ကြီးတစ်ဦး၏ ထူးခြားသော ဂုဏ်ယူဖွယ်ဆောင်ရွက်ချက်များကို နောင်မျိုးဆက်သစ်လူငယ်များ အတုယူအားကျစေရန် ရည်ရွယ်ကျင်းပကြောင်း တာဝန်ရှိသူများက ပြောကြားပြီး ပြခန်းအထိမ်းအမှတ်ဖဲကြိုးကို ဖွင့်လှစ်ပေးကြကာ တက်ရောက်လာသော လူငယ်များ၊ မြို့မိမြို့ဖများက ပြခန်းအတွင်း ပြသထားသော ဗိုလ်ချုပ်အောင်ဆန်းဘဝမှတ်တမ်းများ၊ ဓာတ်ပုံနှင့်ပန်းချီကားများ၊ ပန်းပုလက်ရာများကို ကြည့်ရှု၍ ဗိုလ်ချုပ်အောင်ဆန်းဂုဏ်ပြုတေးများ သီဆိုဖျော်ဖြေကြသည်။

ပြခန်းတွင် သစ္စာပြတင်းလူမှုအနုပညာကွန်ရက်အဖွဲ့ဝင် အနုပညာရှင်များ၏ ပန်းချီကား ၅၀ ကျော်၊ ကလေးပန်းချီ ၁၀၀ ကျော်၊ ကာတွန်း ၅၀၊ ကဗျာ ၂၀ နှင့် မှတ်တမ်းတင်ဗီဒီယိုများ ပါဝင်ပြသပြီး ပြပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖေဖော်ဝါရီ ၉ ရက်ထိ ပြသမည်ဖြစ်သည်။

သန်းဝေ(တောင်ကြီး)

ရွှေရတုအကြိမ်မြောက် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဂုဏ်ပြုနှုတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ ရန်ကုန်)ကကြီးမှူး၍ ရွှေရတုအကြိမ်မြောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုနှုတ်ဆက်ပွဲတို့ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ကျင်းပရာ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာကျော်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရခိုင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များရန်ကုန်) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

အဆိုပါ ကြိုဆိုနှုတ်ဆက်ပွဲတွင် ရခိုင်တိုင်းရင်းသား ရိုးရာအကများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းနှင့် ရခိုင်အလှဘုရင်နှင့် အလှဘုရင်မရွေးချယ်ပွဲကိုလည်း ကျင်းပသည်။

ယနေ့ကျင်းပသည့် အခမ်းအနားများနှင့်အတူ ၁၉၅၀ ခုနှစ်က စတင်ထုတ်ဝေခဲ့ပြီး ဆယ်စုနှစ်နှစ်ခုကြာ ရပ်နားခဲ့သော အကြိမ် (၂၀)မြောက် ရခိုင်တန်ဆောင်မဂ္ဂဇင်းအား ပြန်လည်ထုတ်ဝေနိုင်ခဲ့သည်ဟု ရခိုင်တန်ဆောင်မဂ္ဂဇင်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇံလှက ပြောကြားသည်။

အဆိုပါပွဲကို ရန်ကုန်မြို့ရှိ တက္ကသိုလ်ကောလိပ်အသီးသီး၌ ပညာသင်ကြားနေကြသော ရခိုင်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြသည်ဟု သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ခင်ချိုဝင်း

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် ပဒေသာကပွဲ ကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၇

ကရင်ပြည်နယ် ဘားအံပညာရေးကောလိပ်၏ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် ပဒေသာကပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ဘားအံပညာရေးကောလိပ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးကောလိပ် ကျောင်းသား ကျောင်းသူများက သွေးရင်းများပီပီသီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို DTEd (၁၉/၁၄) ပထမနှစ် ဝိဇ္ဇာတန်းခွဲ (၃)မှ မရည်မွန်ကျော်ကလည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စု၏ အရေးပါပုံကို DTEd (၁၉/၁၄) ပထမနှစ် ဝိဇ္ဇာတန်းခွဲ(၃)မှ မောင်ဝေယံထွန်းကလည်းကောင်း ဟောပြောပြီး ကျောင်းသား ကျောင်းသူများက ပင်ချင်းယှက်၍ နွယ်ချင်းခတ်သော် သီချင်း၊ တို့ပြည်ထောင်စုသား သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကပြကြသည်။ အလားတူ ဒုတိယပိုင်းအစီအစဉ်ဖြင့် ကရင်ဒုံးယိမ်းအက၊ မွန်ယိမ်းအက၊ ပအိုဝ်းတိုင်းရင်းသားအကများဖြင့် တင်ဆက်ကပြဖျော်ဖြေကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

(၆၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ၁၀-၂-၂၀၁၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားနှင့် ၁၂-၂-၂၀၁၅ ရက်နေ့ ၅း၀၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် ဟောပြောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရွှေပြည်သာမြို့နယ်(ည/၁၁)ရပ်ကွက် ဇေယျဝတီပန်းခြံ၌ ကျင်းပမည့် ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် ဟောပြောပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီမှစ၍ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိအကြောင်းအရာများကို အချိန် ၁၀ မိနစ်ဖြင့် ကန့်သတ်၍ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဟောပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုလေးဆုကို ချီးမြှင့်ပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အသက်(၁၄)နှစ်မှ (၂၅)နှစ်အတွင်း(မည်သူမဆို လူမျိုးဘာသာမရွေး) အမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံဖော်ပြ၍ စိတ္တသုခစာသင်တိုက် ရဲရန်အောင်လမ်း(ည/၁၀) ရပ်ကွက် ရွှေပြည်သာမြို့နယ်၊ မေတ္တာရေကြည် "အခမဲ့"ဆေးခန်း မြဝတ်ရည်လမ်း (၃၃/၁၀)ရပ်ကွက် ရွှေပြည်သာမြို့နယ် ဖုန်း-၀၉-၂၅၀၁၆၅၇၃၉၊ ၀၉-၇၉၉၇၆၃၂၂၇၊ ၀၉-၄၃၀၇၀၇၉၄၊ ၀၉-၇၃၁၉၂၈၆၉၊ ၀၉-၄၂၀၀၃၄၁၂၆ တို့သို့ဆက်သွယ်စုံစမ်းနိုင်သည်။

(ကြေးမုံ)

မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း(ဗဟို)က ကြီးမှူးကျင်းပမည့် "မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး"ဆိုင်ရာဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁၈၈)ဆိပ်ကမ်းသာလမ်း ဂုဏ်ထူးဦးသိန်းနိုင် မြန်မာစာသင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင်နေထိုင်သော ဧည့်ပါမောက္ခ ဦးစောထွန်း (စာရေးဆရာ စောလူ)က ဟောပြောမည်ဖြစ်ပြီး မြန်မာစာစိတ်ပါဝင်စားသူများ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

(စိန်ရွှေလှိုင်)

ကျေးလက်ဒေသအခြေခံမွေးမြူရေးလုပ်သား သင်တန်းဆင်း

သုံးခွ ဖေဖော်ဝါရီ ၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၆ ရက် ညနေ ၄ နာရီက ကျေးလက်ဒေသအခြေခံမွေးမြူရေးလုပ်သား (CAHW) ၁/၂၀၁၅ သင်တန်းဆင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ မွေးမြူရေးဘာသာရပ် တိရစ္ဆာန်ဆေးကုသရေး၊ မျိုးမြှင့်သားစပ်ခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်း၊ တိရစ္ဆာန်အာဟာရဗေဒဇီဝလုံခြုံရေး၊ ကူးစက်ရောဂါများထိန်းချုပ်ခြင်းဘာသာရပ်၊ စားကျက်စိုက်ပျိုးခြင်း၊ ပေါင်းစည်းလယ်ယာစနစ်၊ တိရစ္ဆာန်ကျန်းမာဖွံ့ဖြိုးဥပဒေ၊ မွေးမြူရေးဘဏ်စနစ်၊ ကာကွယ်ဆေးများအသုံးပြုခြင်းဘာသာရပ်များကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၆ ရက်ထိ သုံးခွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်ကိုကိုခိုင်နှင့် ခရမ်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုဦးစီးမှူးဒေါက်တာအေးမင်းတို့က သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝ၂၀)

ကော့တွန်ကျေးရွာ မီးလင်းရေး ဆောင်ရွက်ပြီးစီး

မော်လမြိုင် ဖေဖော်ဝါရီ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့တွန်ကျေးရွာတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၃ ရက်က မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ငွေနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေဝင်းတို့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကျေးရွာ မီးလင်းရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၆ သန်းဖြင့် Solarises System ကုမ္ပဏီက တင်ဒါရယူဆောင်ရွက်ခဲ့ပြီး အိမ်ထောင်စု ၁၈၃ စုအတွက် ဆိုလာမီးရရှိရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကျေးလက်ဦးစီး)

ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၂-၂၀၁၅ (တနင်္ဂနွေနေ့)

MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၈း၀၅ Kid's Show
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့ နှလုံးသား" (အပိုင်း-၁၀၄)
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၂၅ Forever Music Tribute30 Dreams Connie (အပိုင်း-၁) (ပထမပိုင်း)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မေတ္တာတရား (အပိုင်း-၁)]
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၁၇)
၅း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြယ်ကလေးရဲ့ကောင်းကင်" (အပိုင်း-၉)
၄း၃၀ သာသနာတော်ထွန်းကား အလှူတရားဖြာဝေ ထားဝယ်မြေ

မြဝတီ

၆း၀၃ တရားတော်
၈း၁၅ စိုက်ပျိုးသုတ
၈း၃၅ အင်္ဂလိပ်စာသုတ
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -၅၂၈ ၏ အခြားတစ်ဖက်
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမာယာ" (အပိုင်း-၇၂)
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၅း၂၀ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပန်းခူးသူဆူးစူးပါစေ" (အပိုင်း-၁၁)
-ပဟေဠိနန်းတော်
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာဖွဲ့ကြိုး" (အပိုင်း-၂၇)

News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၃၅ "အတက်ရောဂါအကြောင်း သိကောင်းစရာ"
၈း၅၀ "လှေလာရအောင် မင်းတပ်ရိုးရာ"
၉း၃၅ "အနုပညာသတင်းအစီအစဉ်"
၁၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
၁၀း၅၀ "ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ ဂုဏ်ပြုအစီအစဉ်"
၁၁း၃၅ Hyper Sports
၂း၃၅ ဆေးရောင်စုံရုပ်ရှင် "ရုပ်ရှင်ရူးမလေး" (စိန်မြင့်၊ အောင်လွင်၊ ခင်သန်းနု၊ ဖိုးပါကြီး) (ဒါရိုက်တာ-စံရွှေမောင်)
၃း၅၀ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀ Head Line NEWS
၅း၃၅ "ယှဉ်တွဲနွှဲပျော်စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်" (အပိုင်း-၁)
၇း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
-Tasty Trip
-ဆိုကြမယ်၊ ပျော်ကြမယ်

Entertainment Channel

၆း၀၀ အဖွင့်
-အလင်္ကာဝတ်ရည်မြန်မာမှုတေး ဂီတအဖွဲ့ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၅)
၆း၂၀ ဝတ်စားဆင်ယင်မှုပြပွဲ
၆း၅၅ တေးဂီတအစီအစဉ်
၇း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "လူနှင့်မျက်နှာ" (နေယံ၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ကုသိုလ်)
၈း၅၀ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၅၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "ငယ်သူမို့မသိပါ" (လူမင်း၊ ချစ်သုဝေ၊ ခရစ္စတီးနား) (ဒါရိုက်တာ-အိအိခိုင်)
၁၂း၀၀ အစီအစဉ်ပြီး၏။

တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။

MYANMAR INTERNATIONAL
Programme in Brief
(8-2-2015) (Sunday)

- Today Myanmar "Ratten Export"
- Beach Food Delivery
- The Man and The Elephant
- Goldsmith
- Strolling Along A Memory Link - U Pein Bridge
- Pyin Oo Lwin Sweater
- Lisu: Their Life and Customs
- In the Studio : Ja Som (The Myth)
- Nine Wonders Around The Platform Of Shwedagon Pagoda
- One Heritage……One Festival
- Products of Myanmar - Bomboo Hat
- Crab Business "Mud Crab"
- Size Does Matter (Human-Elephant Conflict, "Laws & Regulations")
- School for the Blind (Kyee Myin Dine)

စတိဗ်ဂျော့ခ်၏ဘဝအကြောင်း ရိုက်ကူးထားသော ဇာတ်ကားပြသမည်

ကမ္ဘာ့ထိပ်တန်း နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Apple ကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူ စတိဗ်ဂျော့ခ်၏ ဘဝဇာတ်ကြောင်းကို ရိုက်ကူးထားသော ဇာတ်လမ်းကို အောက်တိုဘာ ၉ ရက်တွင် စတင်ပြသသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၄ရက်က ကြေညာခဲ့သည်။

စာရေးဆရာကြီး အာဂွန်ဆော်ကင် ရေးသားသော Steve Jobs စာအုပ်ကို ဇာတ်လမ်းဆင်ရိုက်ကူးထားခြင်းဖြစ်ပြီး မိုက်ယ်ဖက်စ်တန်းဒါနှင့် စက်သ်ရိုဂန်တို့က အဓိကပါဝင်သရုပ်ဆောင်ထားသည်။

လွန်ခဲ့သော သီတင်းပတ်က ယင်းဇာတ်ကားမှ ဓာတ်ပုံများကို ထုတ်လွှင့်ပြသခဲ့ပြီး လာမည့်နှစ် အော်စကာဆုပေးပွဲတွင် ဆုရရှိနိုင်သည့် အလားအလာရှိသော ဇာတ်ကားတစ်ကားလည်းဖြစ်သည်။

ဆယ်လီနာဂိုမက်စ်က သူ၏ချစ်သူ ဇက်ဒ်နာမည် အပြည့်အစုံကို စာသံပေသံကျကျ အသံမထွက်တတ်ပါဟု ဝန်ခံ

အမေရိကန် အဆိုတော် ဆယ်လီနာဂိုမက်စ်က သူ၏ချစ်သူ ဇက်ဒ်၏ နာမည်ရင်းကို အသံဌာန်ကရိုဏ်းတကျ မထွက်တတ်ကြောင်း ဝန်ခံသွားခဲ့သည်။

တက္ကဆက်ပြည်နယ်၏ အချစ်တော် အဆိုတော်မလေး ဆယ်လီနာသည် ချစ်သူဟောင်း ဂျက်စတင်ဘီဘာနှင့် လမ်းခွဲပြီးနောက် ထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဇက်ဒ်နှင့် ချစ်သူဖြစ်ခဲ့ကြသည်။

ဇက်ဒ်ကို ရုရှားနှင့် ဂျာမနီလူမျိုး မိဘနှစ်ပါးမှ မွေးဖွားလာခဲ့ပြီး သူ၏ အမည်ရင်းမှာ အန်တွန်ဇက်ဒ်စလက်ဗ်စကီး (Anton Zaslavski) ဖြစ်ရာ ယင်း နာမည်ကို ပီပီသသ အသံထွက်နိုင်ရန် သူ့အတွက်ခက်ခဲကြောင်းနှင့် ရွတ်ဆိုပါက လျှာလိပ်သွားတတ်ကြောင်း ပြောပြခဲ့သည်။

ဆယ်လီနာသည် ဇက်ဒ်၏နာမည်ကို ရွတ်ဆိုနေသော ဗီဒီယိုတစ်ခုကို ရိုက်ကူးထားပြီး ယင်းဗီဒီယိုထဲတွင် နာမည်ကို ရွတ်ဆိုသည့်အခါတိုင်း လျှာလိပ်လိပ်သွားသောကြောင့် ဟန်မပျက်ရွတ်ဆိုနိုင်ခြင်းမရှိကြောင်းလည်း တွေ့ရသည်။

ခင်ခင်သက် - စုစည်းသည်။

ဘီယွန်စေးလည်း ၂၀၁၅ ဂရမ်မီဆုပေးပွဲတွင် ဖျော်ဖြေမည်

ယခုနှစ်အတွက် ဂရမ်မီဆုပေးပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဂရမ်မီဆုအတွက် နာမည်စာရင်းတင်သွင်းခြင်းခံထားရသော အဆိုတော်ဘီယွန်စေးလည်း ဝင်ရောက်ဖျော်ဖြေမည်ဖြစ်သည်။

သူသည် ၂၀၁၄ ခုနှစ် ဂရမ်မီဆုပေးပွဲတွင် Drunk in Love သီချင်းဖြင့် ဖျော်ဖြေခဲ့ရာ သူ၏ တင်ဆက်သွားခဲ့သော ညှို့ငင်နိုင်စွမ်းကြီးမားသည့် အကကြောင့် ဂရမ်မီဆုပေးပွဲအပြီးတွင် အထူးကျော်ကြားခဲ့သည်။ ထို့ပြင် ဂရမ်မီပရိသတ်များကလည်း ယခုနှစ် ဆုပေးပွဲတွင် ယခင်နှစ်ကထက် ပိုမိုထူးခြားစွာ တင်ဆက်နိုင်လိမ့်မည်ဟု ထင်မှတ်ကြကာ သူ၏တင်ဆက်မှုအပေါ် အထူးစိတ်ဝင်စားနေကြသည်။

ယခုနှစ် ဂရမ်မီဆုပေးပွဲတွင် ဘီယွန်စေးသည် ဂရမ်မီဆု ခြောက်ဆု ရရှိမည်ဟုလည်း ထင်ကြေးပေးခံနေရသည်။ အသက် (၃၃)နှစ်ရှိပြီဖြစ်သော ၎င်းသည် ယခုနှစ်တွင် သူ၏ Take My Hand Precious Lord သီချင်းဖြင့် ဖျော်ဖြေမည်ဟုလည်း သိရသည်။

ကိုကာကိုလာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် Bobby Soxer အားခန့်အပ်

ထက်ထက်အောင် (Bobby Soxer) သည် မြန်မာဆယ်ကျော်သက်ရက်ပ်၊ ဟစ်ပ်ဟော့ပ်အဆိုတော်နှင့် သီချင်းရေးဆရာတစ်ဦးဖြစ်ပြီး သူ့ကို ကိုကာကိုလာက မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ရွေးချယ်ခန့်အပ်လိုက်ကြောင်း Myanmar Cuties ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။

ထက်ထက်သည် အသက် (၁၃)နှစ်အရွယ်က အဆိုတော် ရဲလေး၏ "နှုတ်မဆက်ချင်ဘူး" သီချင်းဖြင့် ဂီတလောကသို့ စတင်ဝင်ရောက်လာခဲ့သည်။ သူသည် အဆိုတော်လွှမ်းပိုင်နှင့် တွဲဖက်သီဆိုထားသော ဒုံးပျံတေးစီးရီးဖြင့် အကောင်းဆုံးတေးစီးရီးဆုကို ရရှိထားသည်။

ယခုအချိန်တွင် သူသည် ကိုကာကိုလာ၏ ကိုယ်စားလှယ်အဖြစ် ကုမ္ပဏီက ဒီဇိုင်းသစ်ဖြင့်ပြုလုပ်ထားသော ကိုကာကိုလာပုလင်းများကို ဈေးကွက်တွင် ဖြန့်ချိကာ ဈေးကွက်ရှာဖွေရေးလုပ်ငန်းများတွင် ပါဝင်ကူညီလျက်ရှိသည်။ သူသည် "ဒုံးပျံ"တေးစီးရီးထွက်ရှိပြီးနောက် ဆယ်ကျော်သက်ပရိသတ်များ၏ အားပေးမှုကို အခိုင်အမာရရှိထားသည်။

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

တပ်ကုန်း ဖေဖော်ဝါရီ ၇

တပ်ကုန်းမြို့နယ်စားပွဲတင်တင်းနစ်ကလပ်မှ ကြီးမှူးကျင်းပသည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို နေပြည်တော် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ဇမ္ဗူသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့မှ အားကစားဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို ဇမ္ဗူသီရိမြို့နယ်မှ ကိုဇေရာအောင်နှင့် ဒုတိယဆုကို တပ်ကုန်းမြို့နယ်မှ ကိုအောင်နေမျိုးတို့က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် နေပြည်တော်တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြိုင်ပွဲသို့ ပင်ပေါင်ဘောလုံး ၃၀၀ ထောက်ပံ့ပေးအပ်ခဲ့ရာ တပ်ကုန်းမြို့နယ် စားပွဲတင်တင်းနစ်ကလပ်မှ ဦးကျော်လွင်က လက်ခံခဲ့ကြောင်း သိရသည်။

(ဇင်ဘို)

မန္တလေး-မူဆယ်လမ်းကြောင်းပေါ်တွင် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

မန္တလေး ဖေဖော်ဝါရီ ၇

တရားမဝင်ကုန်သွယ်မှု တားဆီးရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် စီမံချက်များချမှတ်ပြီး ထိရောက်စွာဟန့်တားအရေးယူဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် မန္တလေး-မူဆယ်လမ်းကြောင်းပေါ်ရှိ နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ယာဉ်များအား စစ်ဆေးနေစဉ် မန္တလေး-မူဆယ်လမ်းကြောင်းအတိုင်း မောင်းနှင်လာသောယာဉ်အမှတ် 6C/--- ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် တင်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံး(အကြီး) ခြောက်တုံးနှင့် ကျောက်တုံးအသေးများအား စစ်ဆေးတွေ့ရှိခဲ့သည်။

တားဆီးစစ်ဆေးတွေ့ရှိခဲ့သော တရားမဝင်ကျောက်စိမ်းနှင့် တင်ဆောင်လာသည့် မော်တော်ယာဉ်တို့အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံခဲ့ကြောင်း သိရသည်။

ကျော်မြင့်အေး(ပြန်/ဆက်)

ဘာစီလိုနာအသင်းမှထွက်ခွာ၍ အင်္ဂလန်မြေတွင်ကစားရန် ပတ်ဒရို ဆန္ဒရှိနေ

ဘာစီလိုနာအသင်း၏ စပိန်လက်ရွေးစင်ကွင်းလယ်လူ ပတ်ဒရိုသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း အသင်းမှထွက်ခွာကာ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် စီစဉ်နေကြောင်းသိရသည်။ လက်ရှိအချိန်တွင် ပတ်ဒရိုအားအင်္ဂလန်ထိပ်သီးကလပ်အသင်းများဖြစ်ကြသည့် အာဆင်နယ်၊ စပါးတို့က ခေါ်ယူရန်စိတ်ဝင်စားနေပြီး ၎င်း၏ အေးဂျင့်ဖြစ်သူနှင့် အပြိုင်ချိတ်ဆက်လျက်ရှိနေကြောင်း BBC အားကစားဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ပတ်ဒရိုမှာ ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက ဘာစီလိုနာအသင်းမှ ထွက်ခွာရန် ရေပန်းစားနေသူဖြစ်ပြီး အာဆင်နယ်အသင်းက ၎င်းအား ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာခဲ့ခြင်း မရှိပေ။

ထို့ကြောင့် အာဆင်နယ်အသင်း၏ တာဝန်ရှိသူများမှာ ပတ်ဒရိုအတွက် ဘာစီလိုနာအသင်းနှင့် ထပ်မံချိတ်ဆက်ရန်ပြင်ဆင်လျက်ရှိပြီး လာမည့်ဘောလုံးရာသီမတိုင်မီ အသင်းသို့ အရောက်ခေါ်ယူသွားရန်နီးစပ်နေကြောင်း Daily Mail သတင်းစာက ဖော်ပြခဲ့သည်။ ထို့ပြင် ပတ်ဒရိုမှာလည်း လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် ဘာစီလိုနာအသင်းမှထွက်ခွာဖွယ်ရှိနေကြောင်း အရိပ်အမြွက်ပြောကြားခဲ့ပြီး ၎င်းအား ခေါ်ယူရန် အာဆင်နယ် အသင်းက အခြားအသင်းများထက် ပိုမိုရေပန်းစားနေကြောင်း သိရသည်။

(ကိုရဲ)

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မြန်မာ့ရိုးရာခြင်းလုံးဆပ်ကော်မတီ ဥက္ကဋ္ဌတာဝန်မှ အနားယူသွားခြင်းအား ဂါရဝပြုနှုတ်ဆက်ပွဲနှင့် ဥက္ကဋ္ဌအသစ်အား ဂုဏ်ပြုကြိုဆိုပွဲအနေဖြင့် ခြင်းအလှခတ်ပွဲများကို ဖေဖော်ဝါရီ ၇ ရက်က (၉)ရပ်ကွက်ရှိ "အောင်" ခြင်းရုံ၌ ကျင်းပရာ ခြင်းအလှခတ်အဖွဲ့ ၄၀ ပါဝင်၍ အလှခတ်နေသည်ကို တွေ့ရစဉ်။ (ဝသန်ထွန်း)

မြန်မာ-ထိုင်းချစ်ကြည်ရေးအထိမ်းအမှတ် စက်ဘီးစီးပွဲတော်ဖွင့်

မြဝတီ ဖေဖော်ဝါရီ ၇

မြန်မာ-ထိုင်းချစ်ကြည်ရေးအထိမ်းအမှတ် စက်ဘီးစီးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က နှစ်နိုင်ငံ ချစ်ကြည်ရေး မြဝတီ-မဲဆောက်တံတားပေါ်တွင် ပြုလုပ်ရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင်နှင့် မဲဆောက်မြို့နယ်မှ တာဝန်ရှိသူများက စက်ဘီးစီးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြန်မာ-ထိုင်းစက်ဘီးစီးပါဝင်သူ ၁၅၀၀ ကျော်က မြဝတီချစ်ကြည်ရေး တံတားမှ ကုန်သွယ်ရေးဇုန်အထိ စီးနင်းပြီး ကုန်သွယ်ရေးဇုန်မှ ကျောက်လုံးကြီးဘုရားဝင်းအတွင်းရပ်နား၍ အက အလှများဖြင့် ဖျော်ဖြေကာ ကံစမ်းမဲဖောက်၍ ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၇၀)

ခရီးသည်တင်ယာဉ်တစ်စီး အောင်ဇေယျတံတားအဆင်း ဘရိတ်ပေါက်၊ လမ်းလယ်တုံးတိုက်၊ တစ်ဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီခန့်တွင် လှိုင်သာယာမှ ရန်ကုန်ဘက်သို့မောင်းနှင်လာသော မေတ္တာလှိုင်း (၅)ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်တစ်စီးသည် အောင်ဇေယျကြိုးတံတားအဆင်း အင်းစိန်ဘက်ခြမ်းတွင် ဘရိတ်ပေါက်၍ လမ်းလယ်တုံးများအား ဝင်တိုက်ကာ တစ်ဖက်ယာဉ်ကြောပေါ်ရောက်ရှိသွားကြောင်း၊ ယာဉ်ရှေ့ပိုင်းရှိ ဘီးတစ်ဘီးမှာလည်း လမ်းဘေးရှိ စာသင်ကျောင်းအနီးသို့ ကျွတ်ထွက်လွင့်စဉ်သွားကြောင်း၊ လမ်းတားတုံးအချို့ကြေမွသွားပြီး အချို့မှာ ယာဉ်အောက်ပါရှိသွားကြောင်း၊ လမ်းလယ်ရှိ လမ်းဖြတ်ကူးသူနှစ်ဦးကို တိုက်မိရာ တစ်ဦး ပွဲချင်းပြီးသေဆုံးသွားပြီး ကျန်တစ်ဦးမှာ ဒဏ်ရာရရှိသွားကြောင်း ယင်းဖြစ်စဉ် မြင်တွေ့ရသူများက ဆိုသည်။

အင်းစိန်မြို့မရဲစခန်းက အဆိုပါယာဉ်တိုက်မှုကို ပြစ်မှုပုဒ်မ ၃၀၄(က) ၃၃၈/၁၇၉/၂၀၂ အရ အမှုဖွင့်အရေးယူထားသည်ဟု သိရသည်။

အောင်ဇေယျကြိုးတံတား၏ အင်းစိန်ဘက်ခြမ်းနေရာတွင် ယာဉ်တိုက်မှုမကြာခဏဖြစ်ပွားပြီး ထိခိုက်သေဆုံးမှုများရှိတတ်ကြောင်း၊ ယင်းနေရာအနီးတွင် စာသင်ကျောင်းလည်းရှိသဖြင့် ကျောင်းသား ကျောင်းသူများနှင့် လမ်းသွားလမ်းလာများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံပေးစေလိုကြောင်း ယင်းနေရာအနီးတွင် ဈေးဆိုင်ဖွင့်ရောင်းချနေသူတစ်ဦးက ပြောသည်။

(မောင်စေအောင်)

နွေရာသီအပြောင်းအရွှေ့ကာလတွင် ဝက်စ်ဘရွန်းတိုက်စစ်မှူး ဘာရာဟီနိုအားခေါ်ယူရန် လီဗာပူးစီစဉ်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ဝက်စ်ဘရွန်းအသင်း၏ လူငယ်တိုက်စစ်မှူး ဘာရာဟီနိုအားခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ လီဗာပူးအသင်းမှာ ၎င်းအားခေါ်ယူရန် ပြီးခဲ့သည့် ဆောင်းရာသီဈေးကွက်မပိတ်သိမ်းမီကာလကတည်းက ကြိုးပမ်းခဲ့သော်လည်း ဝက်စ်ဘရွန်းအသင်း၏ငြင်းဆန်ပယ်ချမှုကြောင့် ပျက်ပြယ်ခဲ့ရသည်။

ထို့ကြောင့် လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာအနေဖြင့် ဘာရာဟီနိုအား လာမည့်နွေရာသီတွင် ပြန်လည်ခေါ်ယူကမ်းလှမ်းသွားရန် ဆန္ဒရှိနေပြီး ဝက်စ်ဘရွန်းအသင်း အလိုရှိနေသည့် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ခန့်ကို ပေးချေသွားရန် အသင့်ရှိနေကြောင်း သိရသည်။

ဘာရာဟီနိုက "ကျွန်တော့်အနေနဲ့ ဒီနှစ်မှာ အသင်းတန်းမဆင်းရဖို့ကိုပဲ မျှော်လင့်ထားပါတယ်။ အပြောင်းအရွှေ့ကိစ္စကို မစဉ်းစားချင်သေးပါဘူး။ လီဗာပူးအသင်းကို ပြောင်းရွှေ့ခွင့်ရဖို့ဆိုတာကတော့ ကစားသမားတိုင်းအတွက် စိတ်လှုပ်ရှားစရာပါပဲ" ဟု ပြောကြားခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ဘူရန်ဒီနွယ်ဖွား အင်္ဂလန်ကွင်းလယ်ကစားသမားမှာ ဝက်စ်ဘရွန်းအသင်း၏ လူငယ်စီမံကိန်းမှပေါ်ထွက်လာခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းအတွက်ပွဲပေါင်း ၅၃ ပွဲပါဝင်ကစားကာ ၁၄ ဂိုးသွင်းယူပေးခဲ့သလို သက်တမ်းအလိုက် အင်္ဂလန် လူငယ်လက်ရွေးစင်အသင်းများတွင်လည်း တောက်လျှောက်ပါဝင်ကစားခဲ့သူဖြစ်ကြောင်း သိရသည်။

(ကိုရဲ)

အရှိန်အဟုန်ပြင်းစွာ ဖွံ့ဖြိုးတိုးတက်နေသည့် ရေအနောက်ခြမ်းက ပခုက္ကူမြို့

မွေးရပ်မြေ ပခုက္ကူသို့ မရောက်သည်မှာ နှစ် ၂၀ ကျော်ပြီဖြစ်၍ ဇန်နဝါရီလလယ်က ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှ ခေတ်မီအဆင့်မြင့်လေအိတ်ကားဖြင့် ညနေ ၅ နာရီကထွက်ခဲ့ရာ လမ်းတံတားတွေကလည်းကောင်း၊ ကားတွေကလည်းကောင်းတော့ နောက်တစ်နေ့နံနက် ၄ နာရီခွဲခန့်တွင် ပုဂံညောင်ဦးဘက်မှ လက်ရှိမြစ်ကူးတံတားများအနက် အရှည်လျားဆုံးတံတားဖြစ်သည့် ဧရာဝတီတံတား (ပခုက္ကူ)ကိုဖြတ်သန်းပြီး သက်သောင့်သက်သာဖြင့် ပခုက္ကူမြို့ကို ရောက်ခဲ့သည်။

ယခုတစ်ခေါက် ပခုက္ကူသို့သွားရသည်မှာ အချိန်တိုအတွင်း စိတ်လက်ကြည်သာ ပေါ့ပါးစွာသွားလာခဲ့ရသည်။ တစ်ချိန်က စိတ်မော လူမောသွားလာခဲ့ရသည့် ခရီးကို ပြန်လည်သတိရမိသည်။ ယခင်က ပခုက္ကူသို့သွားလိုက ရန်ကုန်မှ မြင်းခြံညနေရထားစီးပြီး မြင်းခြံမှ နောက်တစ်နေ့နံနက် ၁၀ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့်သွားခဲ့ရာ ညနေပိုင်းတွင် ပခုက္ကူသို့ရောက်သည်။ သို့မဟုတ် ရန်ကုန်မှ ပုဂံညောင်ဦးသို့ မော်တော်ကားဖြင့်၊ ယင်းမှ ပခုက္ကူမြို့သို့ မော်တော်ရေယာဉ်ဖြင့် သွားခဲ့ရ၍ အချိန်ကုန် ငွေကုန်လူပန်းဖြစ်ခဲ့ရသည်။ ယခုအခါ နိုင်ငံတော်က အနာဂတ်ရေးမြော်တွေးပြီး လမ်းတံတားများ ခင်းကျင်းဆောက်လုပ်ပေးထားသည့်အတွက် လိုရာခရီးကို အချိန်တိုအတွင်း နေ့၊ ည အချိန်ခါမရွေးသွားလာနေကြသည်ကိုပင် တွေ့ခဲ့ရသည့်အတွက် စာရေးသူ ဝမ်းသာပီတိဖြစ်ရသလို နိုင်ငံတော်အစိုးရကိုလည်း အထူးကျေးဇူးတင်မိသည်။

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို ပေါင်းကူးဆက်သွယ်ပေးသည့် ဧရာဝတီတံတား (ပခုက္ကူ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ပေးထားသည့် ဆင်ဖြူရှင်တံတားတို့၏ကျေးဇူးကြောင့် တောင်ပေါ်မြေပြန့် ခရီးပေါက်နေပြီဖြစ်သည့်အတွက် ဒေသခံပြည်သူတို့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေးနှင့် ကျန်းမာရေးများ တစ်နေ့တခြားတိုးတက်နေသကဲ့သို့ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတို့မှ တိုင်းရင်းသားတို့ နိုင်ငံတော်အတွင်း ဒေသမရွေးကူးသန်းသွားလာနိုင်ပြီဖြစ်၍ နိုင်ငံသား တိုင်းရင်းသားတို့၏ချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်စာနာထောက်ထားမှုနှင့် လေးစားမှုများပိုမိုရရှိလာသည့်အပြင် လူမှုဘဝများသည်လည်း ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ ဟန်ချက်ညီညီ မြင့်မားတိုးတက်နေသည်မှာ ကြည့်တတ်မြင်တတ်သူတိုင်း တွေ့မြင်နိုင်ပြီဖြစ်ပေသည်။

ပခုက္ကူမြို့တွင် တစ်ပတ်ခန့်လေ့လာကြည့်ရာ တိုးတက်နေသည့်တက္ကသိုလ်/ကောလိပ်ကျောင်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ပခုက္ကူမြို့၏ အထင်ကရ သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ဧရာဝတီမြစ်ကမ်းဘေးက ရွှေမုဋ္ဌောဘုရား၊ မြို့လယ်က ရွှေကူမြတ်စွာဘုရားနှင့် မြို့အနောက်ဘက်တွင် တည်ရှိသည့် သီဟိုဠ်ရှင်မြတ်စွာဘုရားတို့မှာလည်း ပြင်ဆင်မွမ်းမံထားကြသည်မှာ ဗုဒ္ဓဘာသာဝင်များ ဘုရားဖူးလာချင်အောင် ဆွဲဆောင်လျက်ရှိသည်။

ထို့အပြင် တိုးချဲ့ပြုပြင် ဆောက်လုပ်ထားသည့် သာသနိကအဆောက်အအုံများ၊ ကျယ်ပြန့်သည့် မြို့ကွက်များနှင့် ခေတ်မီခိုင်ခံ့စွာဆောက်လုပ်ထားကြသည့် အထပ်မြင့် တိုက်တာများနှင့် အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်နေသည်မှာ အိပ်မက်လေလားဟုပင် တွေးထင်မှားလောက်ပေသည်။

ဒေသထွက်ကုန်များအနက် ပဲမျိုးစုံရောင်းဝယ်နေသည့်ပွဲရုံများ၊ ရက်ကန်းလုပ်ငန်းများ၊ အထည်ချုပ်စက်ရုံနှင့် ချည်မျှင်စက်ရုံတို့ကြောင့် ဒေသခံပြည်သူတို့ စီးပွားဖွံ့ဖြိုးကြောင်းလည်း သိရသည်။ မော်တော်ကားလမ်းနှင့် တံတားများအကျိုးဆက်ကြောင့် မော်တော်ကားဖြင့် စီးပွားရှာသူများ၊ ကားပြုပြင်သည့် အလုပ်ရုံ (ဝပ်ရှော့)များကြောင့် စီးပွားဖြစ်ထွန်းသူများကိုလည်း တွေ့ခဲ့ရသည်။ ပခုက္ကူမြို့တွင် နိုင်ငံတော်က တက္ကသိုလ်/ကောလိပ်ကျောင်းများဖွင့်လှစ်ပေးသဖြင့် ပခုက္ကူခရိုင်အတွင်း မြို့နယ်များမှ လူငယ်များအပြင် နယ်မြေချင်းဆက်စပ်နေပြီး သွားလာဆက်သွယ်မှု ယခင်ကထက် လွယ်ကူလာသည့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ တက္ကသိုလ်/ကောလိပ်တက်ရောက်ရမည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ယူရေးအဆင်ပြေနေကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ပခုက္ကူတက္ကသိုလ်နှင့်နီးသည့် မျိုးမြန်မာ(၆)ရပ်ကွက် (၁၃)လမ်းနေ ဦးဝင်းနိုင်က "တက္ကသိုလ်ဖွင့်လှစ်ပေးသဖြင့် လွယ်ကူစွာပညာသင်ယူနိုင်၍ ခရိုင်အတွင်း ဘွဲ့ရပညာတတ်များ များပြားလာကြောင်း၊ တက္ကသိုလ်ကို အမှီပြုပြီး စားသောက်ဆိုင်၊ ကုန်စုံဆိုင်နှင့် စတိုးဆိုင်များဖွင့်လှစ်လာသဖြင့် ဒေသခံများ စီးပွားဖွံ့ဖြိုးတိုးတက်ကြောင်း၊ ယင်းအပြင် ကျောင်းသား ကျောင်းသူများအတွက် အဆောင်များ ငှားရမ်းရသဖြင့် တက္ကသိုလ်နှင့်နီးစပ်သည့် ရပ်ကွက်နေပြည်သူတို့ စီးပွားရေးအထောက်အကူဖြစ်ကြောင်း" တို့ကို ပြောပြသည်။

ထူးခြားသည်မှာ တစ်ချိန်က ကျေးရွာများတွင် ထန်းလျက်လုပ်ငန်းကို အဓိကထားလုပ်ကိုင်ခဲ့ကြသော်လည်း ထန်းတက်လုပ်သားများ ရှားပါးမှုကြောင့် ထန်းလျက်လုပ်ငန်း တိမ်ကောစပြုနေပြီဖြစ်ကြောင်း သိရသည်။ ထန်းပင်များခုတ်လှဲပြီး ထန်းသားများ ခွဲစိတ်ရောင်းဝယ်နေကြောင်းကိုလည်း ကြားသိခဲ့ရသည်။ ထန်းပင်များ ပျောက်ကွယ်ပြီး ထန်းလျက်ရှားပါးသွားမည်ကို တွေးလျက် ရင်လေးမိသည်။ ထန်းပင်များပျောက်ကွယ်သွားပါက အညာဒေသ ရာသီဥတုမှာ ယခုထက်ပိုပြီး ပူပြင်းခြောက်သွေ့လာဖွယ်ရှိကြောင်း ဒေသခံတို့ သတိထားဆင်ခြင်သင့်ပေသည်။

ဧရာဝတီအနောက်ခြမ်းတွင် ရာသီမရွေးရှင်သန်ကြီးထွားနေသည့် တမာပင်၊ မန်ကျည်းပင်၊ ထနောင်းပင်နှင့် ကုက္ကိုပင်တို့၏ အရိပ်အာဝါသတို့ဖြင့် စိမ်းစိုအေးမြနေပြီး ဖွံ့ဖြိုးတိုးတက်နေသည့် ပခုက္ကူမြို့အကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ရေးသားလိုက်ပါသည်။

အောင်ဝင်း(ဖျာပုံ)

◆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅ခုနှစ်အတွင်း ဖွင့်လှစ်မည့် ရန်ကုန်စတော့အိပ်ချိန်းအတွက် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၂၄-၂၆)ရှိ ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ၏ မြေညီထပ်နှင့် ပထမထပ်(ကြားထပ်)အား ပြုပြင်မွမ်းမံရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် ဆောက်လုပ်မည့်ပုံစံအသေးစိတ်တို့ကို ၉-၂-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၂-၂-၂၀၁၅ရက် ၁၆း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်ရုံး၊ အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ ဒုတိယထပ်၊ ဖုန်း-၀၁-၁၂၂၀၈၃၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ



❒ မကွေးအသင်းမှ

၂၅ မိနစ်တွင် မကွေးတိုက်စစ်မှူး ဆယ်လာနှင့် ဟံသာဝတီ နောက်ခံလူ ဂျော်ဂျီတို့ခိုက်ရန်ဖြစ်ပွား၍ အနီကတ်ဖြင့် နှစ်ဦးစလုံး အထုတ်ခံခဲ့ရပြီး ယင်းနောက်ပိုင်းတွင် ပွဲမှာအေးသွားခဲ့သည်။

ဒုတိယပိုင်းတွင် မကွေးအသင်းက သန်းဇော်ဟိန်းနှင့် ထူးထူးအောင်တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မကွေးအသင်းအတွက် အနိုင်ဂိုးကို ၇၃ မိနစ်တွင် ဟိန်းဇာအောင်၏ထောင့်ကန်ဘောမှတစ်ဆင့် ထူးထူးအောင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်း ချေပဂိုးရရှိရေးကြိုးပမ်းခဲ့သော်လည်း အရှုံးဖြင့်သာ ရင်ဆိုင်ခဲ့ရသည်။

(ကျောက်တိုင်ကွင်း)
ဧရာဝတီယူနိုက်တက်-နှစ်ဂိုး
(ဖွန်ဆီကာနှင့်ခရစ္စတီ-ပင်နယ်တီ)
ရခိုင်ယူနိုက်တက်-တစ်ဂိုး
(အောင်စိုးမိုး-ပင်နယ်တီ)
ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
ဇွဲကပင်-မနောမြေ
(အောင်ဆန်းကွင်း)
ချင်းယူနိုက်တက်-ကမ္ဘောဇ

ရာသီအလိုက်ပန်းများ စိုက်ပျိုးအောင်မြင်

ရေစကြို ဖေဖော်ဝါရီ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဖူလုံကျေးရွာအုပ်စု တမာတန်း-ပခုက္ကူလမ်းဘေး၌ နွေ၊ မိုး၊ ဆောင်းရာသီအလိုက် ပန်းများစိုက်ပျိုးသည်ဟု သိရသည်။

"ကျွန်တော့်အမျိုးသမီးက ရေစကြိုရထားဘူတာမှာ ပန်းရောင်းတယ်။ နေ့စဉ်အစောကြီး အခြားတောင်သူတွေထံသွားပြီး ပန်းဝယ်ရတယ်။ အဲဒါကြောင့် လွန်ခဲ့တဲ့ငါးနှစ်လောက်က နေအိမ်နောက်ဖေးမြေ သုည ဒသမ ၅၀ ဧကလောက်ကို ရာသီအလိုက်ပန်းမျိုးစုံစိုက်ဖို့လေ့လာခဲ့ရတယ်။ အဓိကတော့ ဂန္ဓမာစိုက်တယ်။ အကျယ်သုံးပေနဲ့ တစ်ပင်နဲ့တစ်ပင် ခြောက်လက်မခြားစိုက်တယ်။ အရှည်တော့ ၁၆ ပေ လောက်ရှည်တယ်။ စိုက်ခါစတော့ တစ်ပင်ကို ၁၅ ကျပ်လောက်ရောင်းရတယ်။ မြောင်း ၃၅ မြောင်းစိုက်တယ်။ တစ်မြောင်းကို အပင် ၅၀၀ လောက်စိုက်တယ်။ တစ်ပင်ကို သုံးကိုင်းလေးကိုင်းထွက်တယ်။ တစ်ကိုင်းကို လေးပွင့်လောက်ပါတယ်။ တစ်ကိုင်းကို တစ်စည်းနဲ့ရောင်းရတယ်။ တစ်စည်းကို ၁၀၀ ကျပ်ရတယ်။ အခုရာသီမှာတော့ တစ်ကိုင်းကို ၂၀၀ ကျပ်ရတယ်။ တစ်ပင်ကို ၈၀၀ ကျပ်ဝင်ပါတယ်" ဟု အဆိုပါဂန္ဓမာပန်းစိုက်တောင်သူ ဦးစိုးလွင်က ပြောသည်။

ရင်အောင်ဦး(ရေစကြို)



မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
ပါမောက္ခဒေါက်တာဦးဘမြင့်(ပါမောက္ခချုပ်-ငြိမ်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်)-ဒေါ်ခင်စမ်းထွေးတို့၏သားကြီး

မောင်ဇေယျာလင်း
Bachelor of Science (Civil Engineering)
California Polytechnic State University, Pomona U.S.A
CEO (Dragon Wing Co.,Ltd)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ သိပ္ပံလမ်း၊ ခြံအမှတ်(၅၁)နေ
ဦးသန်းဝင်း("လှိုင်းသစ်" Purified Drinking Water Factory)-ဒေါ်ခင်မင်းသန့်တို့၏သမီး

မအေးချမ်းမြင့်မြတ်@ ဖူးဖူး
B.A (English)
Bachelor of Science (Hons) Business IT
NCC, University of Greenwich-UK
Capital Diamond Star Group (Retail Cluster)

တို့၏ ၁-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီးဒေါက်တာ ဒေါ်မြင့်ငွေးတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ငွေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်-စက်မှုနှင့်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့်ဇနီးဒေါ်ခင်စောဥမ္မာတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်/နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ/ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ရပ်ဝေးမှလာရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာ အခါတော်ပေးစောင်းနှင့် တီးခတ်ဖျော်ဖြေပေးပါသော ဒေါ်ရီရီသန့်၊ တေးသံသာများဖြင့်ဖျော်ဖြေပေးပါသော ရောင်စဉ်လှိုင်း(Spectrum)အဖွဲ့၊ မင်္ဂလာလမ်းပြကြယ်ကိုင် ဆောင်ပေးပါသော မအေးချမ်းမျိုးမြတ်၊ မင်္ဂလာပန်းများကြဲပေးပါသော ဒေါက်တာဖြိုးသီတာဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မမျိုးမြတ်သဥ္ဇာ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မစောသန္တာမိုး၊ သတို့သားအရံ ဒေါက်တာဝေယံဦးနှင့်မောင်ကျော်သူရအောင်၊ သတို့သမီးအရံ မဇင်မီမီသော်နှင့် မရီရီစံ၊ မိတ်ကပ်ဆံပင် လင်းလင်း(Artist)နှင့်အဖွဲ့၊ မင်္ဂလာ ဝတ်စုံများဖန်တီးပေးပါသော မခိုင်ဇင်ဦး(Dreams True Fashion House)၊ သတို့သမီးအရံများအား မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော မသက်သက်မာ(စင်သီယာ)အားလည်းကောင်း၊ သတို့သမီးအား မင်္ဂလာညစာစားပွဲဝတ်စုံ ဖန်တီးပေးပါသော ဒီဇိုင်နာမတင်တင်ခိုင်အားလည်း ကောင်း၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဒေါက်တာ စန်းလဲ့ဝေ၊ ဖိတ်စာများရိုက်နှိပ်ပေးပါသော Dagon (ပုံနှိပ်တိုက်)၊ Pre Wedding Photo နှင့် မင်္ဂလာဧည့်ခံပွဲတွင် မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံများ ရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး(Focus Daily)နှင့်အဖွဲ့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော ဒေါ်သက်နှင်းလှိုင် (Inya Flora)နှင့်အဖွဲ့အားလည်းကောင်း၊ ၁၄-၁၁-၂၀၁၄ ရက်(သောကြာနေ့)တွင်တရားရုံးချုပ်တွင်ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်ထပ်ထိမ်းမြားပေးပါသော ဦးမျိုးမြင့်(ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး)၊ အသိသက်သေအဖြစ်လက်မှတ်ရေးထိုးပေးပါသော ဦးမောင်မောင်ကြီး(တိုင်းတရားသူကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း(အထက်တန်းပြ-ငြိမ်း)၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်ဆွေမျိုးများအားလည်းကောင်း၊ ၁၅-၁၁-၂၀၁၄(စနေနေ့)တွင် သန်လျင်မြို့"မင်းကျောင်းပထမပြန်စာသင်တိုက်"(မဏိရတနာဗိမာန်)၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးများအားလည်းကောင်း၊ ၁-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် Rose Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ Sedona Hotel နှင့် Rose Garden Hotel များမှ မန်နေဂျာ-ဒေါ်လီလီ၊ မန်နေဂျာ ဦးဇော်ဝင်းထွန်းနှင့်ဝန်ထမ်း များအားလည်းကောင်း၊ ဤမင်္ဂလာဧည့်ခံပွဲကြီးကို စေတနာထက်သန်စွာဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်မောင်ဇေယျာလင်း-မအေးချမ်းမြင့်မြတ်@ဖူးဖူး

မန်းချောင်းတံတားပျက်စီးယိုယွင်းနေမှု ပြုပြင်နိုင်ရေးဆောင်ရွက်

မင်းဘူး ဖေဖော်ဝါရီ ၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရေနံမြေဧရိယာအတွင်း မန်းကျိုးကျေးရွာ အနီးမန်းချောင်းတံတားပျက်စီးယိုယွင်းနေမှု အပိုင်းများအား မန်းရေနံမြေတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စု ၉ အုပ်စုမှ ဒေသခံတောင်သူများ ပူးပေါင်း၍ ပြုပြင်ဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မန်းရေနံမြေလုပ်ငန်းများအပါဝင် ကျေးရွာ အုပ်စု ၉ အုပ်စုမှ ဒေသခံတောင်သူများ ကူးသန်းရောင်းဝယ်ရေးအတွက် အဓိကအသုံးပြုနေရသော မန်းကျိုးတံတားနှင့် ရေပူရိုးတံတားနှစ်စင်းမှာ မင်းဘူး(စကု) မြို့နှင့် ပွင့်ဖြူမြို့နယ် ဆက်စပ်လမ်းဖြစ်ပြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ သုံးဘီးဆိုင်ကယ်၊ ကုန်တင်ကားများဖြင့် မကွေး၊ မင်းဘူးစသည့်မြို့များသို့ ကုန်စည်စီးဆင်းရာလမ်းဖြစ်သည့်အတွက် ယခုကဲ့သို့ ငရုတ်၊ ပဲမျိုးစုံပေါ်ချိန်မျိုးမှာ အများဆုံး ဖြတ်သန်းသွားလာရသော်လည်း တံတားပျက်စီးနေမှုကြောင့် လှည်းများ၊ လူများနှင့် တစ်ဆင့်သယ်ယူ၍ ဖြတ်သန်းရသောကြောင့် အချိန်ကုန်လူပမ်း နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရသည်။

ယင်းကြောင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မန်းရေနံမြေမှ တာဝန်ရှိသူများနှင့် ရွာအကျိုးတော်ဆောင်များ ညှိနှိုင်းဆွေးနွေး၍ ကုန်ကျမည့် တံတားပြုပြင်စရိတ်များကို မန်းရေနံမြေနှင့် ကျေးရွာ ကိုးအုပ်စုမှ ဒေသခံတောင်သူများက အကုန်ကျခံ ပြုပြင်ရန် ကြိုးစားဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

မန်းရေနံမြေ တာဝန်ရှိသူများမှ မန်းရေနံမြေ တံတားပြုပြင်နိုင်ရန် စွမ်းအင်ဝန်ကြီးဌာနကို တင်ပြထားရာ ၂၀၁၅-၂၀၁၆ မှသာ ဘတ်ဂျက်ကျမည်ဖြစ်သော်လည်း တံတားနှစ်စင်းလုံးမှာ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် အမြန်ဆုံးပြုပြင်သင့်ကြောင်း တင်ပြဆွေးနွေးလာ၍ ဘတ်ဂျတ်မကျမီ ပြုပြင်ရန်လိုအပ်သောကြောင့် ပါဝင်ကူညီဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသခံများ အနေဖြင့် ရာသီဥတုဖောက်ပြန်ပြီး စိုက်ပျိုးသီးနှံများမရသည်မှာ ၁၀ နှစ်နီးပါးရှိသွားပြီဖြစ်သောကြောင့် တံတားပြုပြင်ရန် ကုန်ကျမည့်စရိတ်ကို မစိုက်ထုတ်နိုင်ကြောင်း၊ ကျေးရွာတွင် မဏ္ဍပ်ထိုးပြီး အလှူခံထားကြောင်း၊ ဦးစားပေး အနေဖြင့် မန်းကျိုးတံတားကို အရင်ဆုံးပြုပြင်သွားမည်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

ကျေးရွာ ကိုးအုပ်စုမှ ဒေသခံတောင်သူများ ကူးသန်းရောင်းဝယ်ရေးအတွက် ဖြတ်သန်းသွားရသော မန်းချောင်းတံတားနှင့်ရေပူရိုးချောင်း တံတားနှစ်စင်းကို နိုင်ငံတော်မှ ခိုင်ခံ့သော ကွန်ကရစ်တံတားများအဖြစ် ပံ့ပိုးကူညီဆောင်ရွက်ပေးဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ပိုင်ဧ(မကွေး)

ရပ်ကွက်စာကြည့်တိုက်အတွက်မြင်းမူ၌ အလှူငွေများပေးအပ်

မြင်းမူ ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ဗန္ဓုလရပ်ကွက်တွင် ဗန္ဓုလလူငယ်စာပေဥယျာဉ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဆောက်လုပ်လျက်ရှိရာ စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေနှင့်အဖွဲ့က အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဗန္ဓုလလူငယ်စာပေဥယျာဉ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၁၃ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ပြီး မြင်းမူမြို့ ဗန္ဓုလရပ်ကွက် ပြည်သူများ စုပေါင်းဆောက်လုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးခါး

ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာများတိုးချဲ့တပ်ဆင်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၇

သဃ်န်းကျွန်းမြို့နယ်ရှိပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဗို့အားပြည့်ဝစွာ သုံးစွဲရရှိရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် အင်ဂျင်နီယာလိုင်းဝန်ထမ်းများက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၃၁ ရက်ထိ ရက်သတ္တတစ်ပတ်အတွင်း ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ခုနစ်လုံးအား တိုးချဲ့တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့တည်ဆောက်ရာတွင် (င/က) ရပ်ကွက်၊ ဇာဝေယာလမ်းနှင့် ညီညွတ်ရေးလမ်း၊ ရန်ကုန်သစ်ရပ်ကွက် အောင်ဇေယျ ၅ လမ်း၊ လေးထောင့်ကန်ရပ်ကွက် ဖြတ်လမ်း ၅ ထောင့်၊ ၂၉ ရပ်ကွက် သဇင်ပန်းလမ်းနှင့် အင်ကြင်းလမ်းတို့၌ တိုးချဲ့တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုထရန်စဖော်မာ ၃၂ လုံးအနက် ထရန်စဖော်မာအလုံး၃၀ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီး ကျန်ရှိထရန်စဖော်မာနှစ်လုံးအား အမြန်ဓာတ်အားပို့လွှတ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အေးသန်း

မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားပြုလုပ်

ပန်လုံ ဖေဖော်ဝါရီ ၇

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့၌ ကျေးရွာငါးရွာအား မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၁ နာရီက ပန်လုံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပခဲ့ပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူက မြစိမ်းရောင်စီမံကိန်းသည် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတော်သမ္မတ၏အစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပန်လုံဒေသရှိ ကျေးရွာငါးရွာအတွက် ကျပ်သိန်း ၁၅၀၀ ရရှိကြောင်း၊ ရရှိသည့်ရန်ပုံငွေကို အရင်းမပျောက်စေဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အကျိုးရှိရှိအသုံးချသွားရန် မှာကြားခဲ့သည်။

ယင်းနောက် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးတင်မောင်စိုးက မြစိမ်းရောင်ရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းခဲ့ပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပန်လုံကျေးရွာငါးရွာမှ ကိုယ်စားလှယ်များအား တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီဖြင့်ပေါင်းကျပ်သိန်း ၁၅၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

စိတ်နှလုံးဖြူ
မေတ္တာတု
လူကုန်ကူးခံရသူ
လက်တွဲကူ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အိမ်ဆောက်ရန်အချိန်မပေးနိုင်သူများ၊ အိမ်ဆောက်ရန် စိတ်ညစ်နေသူများအတွက် အဆင်သင့်နေထိုင်နိုင်သော တိုက်သစ်

၁။ ကိုယ့်ဝင်း၊ ကိုယ့်ခြံဖြင့် နေလိုသူများ၊ ဝန်ဆောင်မှု ပေးစရာမလိုသော ကိုယ်ပိုင်အိမ်ရာဝင်း၊ RC နှစ်ထပ်၊ မြေအကျယ် မျက်နှာ ပေ(၉၀)၊ ရှေ့နောက် ပေ(၇၀)၊ အိမ်အကျယ်အဝန်း 7000 Sqft, Master Bedroom (၃)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း၊ အိမ်အနောက်တွင် အိမ်အကူမိသားစုနေနိုင်သော သီးသန့်ခန်း(၁)ခန်း၊ ကြိုးဖုန်း၊ Aircon (၆)လုံး၊ ကားနှစ်စီးရပ်နားနိုင်သော ကားဂိုဒေါင်၊ ပေ(၂၀×၇၀) ကျယ်ဝန်းသော မြက်ခင်းပြင်၊ တစ်ခြံလုံးနီးပါး ကျွေပြားခင်းပြီး၊ ရန်ကုန်မြို့ထဲမှ (၃၅)မိနစ်ခန့်သွားလျှင် ရောက်နိုင်သောနေရာ၊ အဆင်သင့် တက်နေရန် ဆောက်ပြီးသောတိုက်သစ်၊ ထောင့်ခြံ၊ ပတ်ဝန်းကျင်ကောင်း ဆိတ်ငြိမ်၊ လေကောင်းလေသန့်ရ၊ ကွန်ဒိုတိုက်ခန်းများ ကျပ်သိန်း (၇၀၀၀၊ ၈၀၀၀)ဖြစ်နေသောအချိန်တွင် ရောင်းဈေးကျပ်သိန်း(၄၅၀၀)ဖြင့် ရရှိနိုင်မည့်အခွင့်အရေး။ ကျပ်သိန်း(၄၅၀၀)

တန်ဖိုးနည်းနည်းနှင့် မြေကွက်ကျယ်ကျယ် အချက်အချာကျနေရာကောင်းလိုချင်သူများအတွက်

၂။ ငွေရှိပြီး ဘာလုပ်ရမှန်းမသိ စဉ်းစားနေသူများ၊ တိုးပွားအောင်လုပ်ချင်သူများအတွက် သီလဝါသွားသော ရန်ကုန်-သန်လျင် အမှတ် (၂)ခြောက်လမ်းသွားလမ်းမကြီးဘေး၊ သီလဝါစက်မှုဇုန်သို့ (၅)မိနစ်ခန့်သွားရသော နေရာတွင်ရှိသော လယ်မြေ(၁၆)ဧက၊ (၁) ဧက=ကျပ်သိန်း (၄၀၀)၊ အရှုပ်အရှင်းကင်း၊ ပိုင်ရှင်တိုက်ရိုက်၊ ရန်ကုန်မြို့လယ်ဗန္ဓုလတံတားထိပ်သို့ မိနစ်(၃၀)အတွင်း ရောက်ရှိနိုင်သော နေရာ၊ မြုပ်နှံ ထားလျှင် တန်ဖိုး အလွန်တက်ရန်ရှိသော မြေနေရာ၊ သီလဝါမြေ (၁)ဧကကျပ် သိန်း(၇၅၀၀)ရှိနေသောအချိန်တွင် (၁)ဧကကျပ်သိန်း(၄၀၀) ဖြင့် ရရှိနိုင်သော အခွင့်အလမ်း၊ ဖုန်းလေးတစ်ချက်ဆက်ရုံဖြင့် အကျိုးရှိနိုင်မည့် အခွင့်အရေး။ (၁) ဧက=ကျပ်သိန်း(၄၀၀)

ဆက်သွယ်ရန်ဖုန်း-**09-5178979, 09-420301091, 09-43022828, 01-562438, 01-572224**

မြန်မာ့အားကစားအောင်မြင်မှုကိုဆက်လက်မြှင့်တင်ပေးမည့် အမျိုးသားအားကစားပွဲတော်ပြန်လည်ကျင်းပမည်

à rifacif

အားကစားဟူသော ဝေါဟာရကို နိုင်ငံတကာအဘိဓာန်များက“ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှု ပုံစံအားလုံးကို အားကစား” ဟု အဓိပ္ပာယ်ဖွင့်ကြသည်။ အားကစား၏အဓိက ရည်မှန်းချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါ အားကစားမှာ တစ်ဦးချင်းယှဉ်ပြိုင်ရသော ပြိုင်ပွဲမှ လူပေါင်းရာထောင်ချီပါဝင်သော ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသော အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် အားကစားအောင်မြင်မှုမှာ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာတွင် ထည်ဝါခန့်ညားစေသည်။ အားကစားပြိုင်ပွဲများကိုလည်း လက်နက်မပါသော တိုက်ပွဲများဟုပင်တင်စားလာနေကြပြီဖြစ်သည်။

အားကစားသည် အမျိုးသားရေးတာဝန်

အားကစားသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည်ဖြစ်ရာ ကျန်းမာရေးသက်သက်၊ အားကစားသက်သက်အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်လာခဲ့သည်။ သို့ဖြစ်ရာ အမျိုးသားရေးတာဝန်တစ်ရပ်၏ အဆင့်အနေနှင့်အညီ အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို အမျိုးသား အားကစားပြိုင်ပွဲအဖြစ် တစ်နိုင်ငံလုံးပါဝင်သည့် အားကစားပြိုင်ပွဲကြီးများမှ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများကို စိစစ်ရွေးချယ်လာကြခြင်းမှာ မဖြစ်မနေဆောင်ရွက်ရမည့် အရေးပါသော အဓိကလုပ်ငန်းတစ်ရပ်လည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အားကစားအဆင့်တိုးတက်မြင့်မားစေဖို့ ခေတ်အဆက်ဆက်မှ ကြိုးစားဆောင်ရွက်မှုများရှိပြီဖြစ်ရာ ယခင်ကာလများကပင် ပြည်နယ်/တိုင်းအားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲများကို ကျင်းပကာ နိုင်ငံကိုယ်စားပြု [illegible] ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိခဲ့သည့် သာဓကများလည်းရှိခဲ့ပြီးဖြစ်သည်။ သို့သော် ၁၉၈၀ ပြည့်[illegible] အားကစားအဆင့်မှာ အရှေ့တောင် အာရှမှာပင် တဖြည်းဖြည်းကျဆင်းလာခဲ့ပြီး ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်အနေဖြင့် ရွှေ ၁၆၊ ငွေ ၂၇၊ ကြေး ၃၇ ခုဖြင့် အဆင့်(၇)သာရရှိခဲ့သည်မှာ ကျဆင်းမှု သိသာသောအဆင့်အထိ ရောက်ရှိခဲ့သည်။ ထိုသို့သော အခြေအနေကို ကာကွယ်ရန် ၁၉၉၂ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရလက်ထက်ကပင် ကြိုတင်ပြင်ဆင်မှုများဖြင့် ကြိုးစားခဲ့ဖူးပြီး သာဓကအားဖြင့် အမျိုးသားအားကစားပွဲတော် ၁၉၉၂၊ ၁၉၉၄ နှင့် ၁၉၉၇ ခုနှစ်တို့ကို ကျင်းပခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။

အမျိုးသားအားကစားပြိုင်ပွဲများ

အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်မည့် လက်ရွေးစင်အားကစားသမားများကို စိစစ်ရွေးချယ်နိုင်ရန် အမျိုးသားအား ကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ထိုစဉ်က မြန်မာ့အားကစားအဆင့်အတန်းကို အစွမ်းကုန် မြှင့်တင်ရန်ဟူသော မျှော်မှန်းချက်ဖြင့် “မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်”ဟုပင် ကြွေးကြော်ခဲ့ကြသည်။ တဖြည်းဖြည်းချင်းကျဆင်းနေသော မြန်မာ့အားကစားအဆင့်ကိုမြှင့်တင်ရန်မှာ ဒူးလောက်တင်မှရင်လောက်ကျမည်ဟု ခံယူကာ စိုင်းပြင်းခဲ့ကြခြင်းလည်း ဖြစ်သည်။

သို့ဖြစ်၍လည်း “မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည်”ဟူသော ရည်မှန်းချက်ကို အမျိုးသားရေးလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်ရန် အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်သည်ဟုခံယူလာစေရန်၊ အားကစားဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်ရှင်သန်လာစေရေးအတွက် ဦးတည်လာစေရန် ထက်မြက်ထူးချွန်သော အားကစားသမားမျိုးဆက်သစ်များ ပေါ်ထွက်လာပြီး ကမ္ဘာ [illegible] အားကစားအဆင့်အတန်းမြင့်မားလာစေရေးအတွက် တစ်နိုင်ငံလုံးမှ [illegible] လာစေရန်၊ ခေတ်မီတိုးတက်သော အားကစားနည်းစနစ်သစ်များဖြင့် လေ့ကျင့်ပျိုးထောင်ထားသော အားကစားထူးချွန်သူများပေါ်ထွက်လာရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်မှ တက်ကြွစွာပါဝင်ဆောင်ရွက်လာစေရန်၊ အနယ်နယ်အရပ်ရပ်တွင်ပျံ့နှံ့နေသည့် ထူးချွန်သော အားကစားသမားအချင်းချင်း ပိုမိုရင်းနှီးမှုရရှိကာ ပြည်ထောင်စုစိတ်ဓာတ် ပြင်းထန်လာစေရန်ဟူသည့် မွန်မြတ်သောဦးတည်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားအားကစားပွဲတော်များကို ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ကျင်းပခဲ့ပြီး ထိုကာလများအတွင်းပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့သည့် လက်ရွေးစင်အားကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့သည်။ သို့သော်လည်း ၁၉၉၂ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း ကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာအားကစားအဖွဲ့ဆွတ်ခူးနိုင်ခဲ့သော ဆုတံဆိပ်များမှာ ၁၉၉၂ ခုနှစ် စင်ကာပူဆီးဂိမ်းတွင် ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ် ၁၃ ခု၊ ကြေးတံဆိပ် တစ်ခု၊ ၁၉၉၅ ခုနှစ် ဇင်းမယ်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် [illegible] ၁၉၉[illegible] ခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲ [illegible] ကြေးတံဆိပ် ၄၄ ခုသာ ရရှိခဲ့သည်။

မှန်းချက်နှင့် နှမ်းထွက်မကိုက်ခြင်း

[illegible] အားကစားပြိုင်ပွဲများကို ကျင်းပပြီး အားကစားအဆင့်အတန်း တိုးတက်မြင့်မားအောင် ကြိုးစားစွမ်းဆောင်ခဲ့သော်လည်း မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ကြိုးစားခဲ့သလောက် ထိရောက်မှုမရှိခဲ့သည့်အပြင် အဆိုပါအမျိုးသားအားကစားပွဲတော်မှာလည်းဆက်လက်ကျင်းပနိုင်ခြင်းမရှိဘဲ ရပ်စဲသွားခဲ့ရသည်။

၂၀၀၀ပြည့်နှစ် နောက်ပိုင်း ပြုလုပ်သည့် ဆီးဂိမ်းပြိုင်ပွဲများရောက်မှသာ မြန်မာ့အားကစားအဖွဲ့မှာ ရွှေတံဆိပ်ရရှိမှု ဆယ်ဂဏန်းကျော်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ရွှေတံဆိပ်ပေါင်း ၇၇ ခုအထိရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ သို့ဖြစ်ရာ နဝတအစိုးရလက်ထက်က ကျင်းပခဲ့သော အမျိုးသားအားကစားပြိုင်ပွဲများ၏ ထိရောက်အောင်မြင်မှု အားနည်းခဲ့သည့် ချို့ယွင်းချက်နှင့် စီမံခန့်ခွဲမှုအခြေအနေများကို လေ့လာဆန်းစစ်ကာ လက်ရှိ နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၃ ခုနှစ်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ခြင်းမှ ရရှိခဲ့သည့် ပြိုင်ပွဲအကြိုကာလ ပြင်ဆင်မှု၊ ပြိုင်ပွဲကျင်းပနေစဉ်ကာလ ဆောင်ရွက်ခဲ့ရသည့် စီမံခန့်ခွဲမှု အတွေ့အကြုံကောင်းများကို အခြေခံကာ ရရှိထားသည့် အောင်မြင်မှုရလဒ်နှင့် တိုးတက်လာသည့် အားကစားအဆင့် အတန်းများကို ဆက်လက်ထိန်းသိမ်းထားရင်း နောင်တွင် ကျင်းပမည့် အားကစားပြိုင်ပွဲများ၌ မြန်မာ့အားကစားအဖွဲ့ အောင်မြင်မှု ဆက်လက်ရရှိစေရန် ပြင်ဆင်ကြိုးပမ်းလျက်ရှိသည်။ ကစားသမားမျိုးဆက်သစ်များ ထပ်မံပေါ်ထွက်လာစေရန် ထူးချွန်ထက်မြက်သည့် အလားအလာရှိသော လူငယ်အားကစားသမားများကို ရှာဖွေစုဆောင်းနိုင်ရန်၊ ရွက်ပုန်းသီးကစားသမားများ ဖော်ထုတ်ပြုစုပျိုးထောင်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုကာလကတည်းကပင် ပြင်ဆင်မှုများဖြင့် ကြိုးစားဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံကောင်းများ ရရှိခဲ့ပြီးလည်းဖြစ်သည်။

> တစ်နိုင်ငံလုံးပါဝင်သည့် အားကစားပြိုင်ပွဲကြီးများမှ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများကို စိစစ်ရွေးချယ်လာကြခြင်းမှာ . . .

ဆက်လက်ဖော်ပြပါမည်။

ကေတီပယ်ရီ၏ ဗီဒီယိုဂိမ်း ဂလူးမိုဘိုင်းမှ ဖန်တီးပေးမည်

အမေရိကန် Super Bowls သမိုင်းတွင် ကြည့်ရှုသူအများဆုံး ရရှိခဲ့သည့် အဆိုတော်ကေတီပယ်ရီ၏ ပုံရိပ်များဖြင့် ဖန်တီးထားသည့် ဗီဒီယိုဂိမ်းကို တီထွင်သွားရန် ကေတီသည် ဂလူးမိုဘိုင်းနှင့် ငါးနှစ်တာစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ယင်း ဗီဒီယိုဂိမ်းကို အခမဲ့ဒေါင်းလုတ်ပြုလုပ်ရယူနိုင်မည်ဖြစ်ပြီး iOS နှင့် Android ဖုန်းများတွင် ယခုနှစ်အကုန်၌ စတင်စမ်းသပ်အသုံးပြုစေမည်ဖြစ်သည်။

"ကေတီက အမေရိကန်သမိုင်းမှာ ပရိသတ်အားပေးမှု အခံရဆုံး အဆိုတော်တစ်ယောက်ဖြစ်တယ်ဆိုတာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ ဖျော်ဖြေမှုက ပြသနိုင်ခဲ့ပြီး သူက အမေရိကန်ယဉ်ကျေးမှုရဲ့ ပြယုဂ်တစ်ခုပဲ။ သူ့ရဲ့ အောင်မြင်မှုတွေကို ဆန်းသစ်တီထွင်မှုတွေနဲ့ ပေါင်းစပ်ပြီး သုံးစွဲသူတွေကို အကောင်းဆုံး ဖျော်ဖြေပေးနိုင်တဲ့ မိုဘိုင်းဖုန်းဂိမ်းလေးဖြစ်အောင်လည်း ဖန်တီးပေးသွားမှာပါ"ဟု ဂလူးမိုဘိုင်း ဦးဆောင်ညွှန်ကြားရေးမှူး နီကိုးလိုဒီမက်စီက ပြောခဲ့သည်။

ဆက်လက်၍ သူက ယင်းဂိမ်းကို သုံးစွဲသူများထံသို့ ဒစ်ဂျစ်တယ်စနစ်ဖြင့် ကစားနိုင်သည့် ဂိမ်းအဖြစ် မိတ်ဆက်ပေးမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

၂၀၁၄ ခုနှစ်က ဂလူးမိုဘိုင်းမှ ထုတ်လုပ်ပေးခဲ့သော ဟောလိဝုဒ်နာမည်ကျော် မင်းသမီးကင်မ် ကာဒက်ရှီယန်ဂိမ်းတွင် ဟောလိဝုဒ်၏ ဖက်ရှင်လောကအပေါ် အခြေခံ၍ ဖန်တီးပေးခဲ့သော်လည်း ယခုဂိမ်းတွင်မူ ကေတီ၏ အသံ၊ နှစ်သက်သော အရာများနှင့် ပုဂ္ဂိုလ်ရေးရာ အချက်အလက်များကို အဓိကထား၍ ဟောလိဝုဒ်ဂီတလောကအပေါ် အခြေပြု ဖန်တီးသွားမည်ဖြစ်သည်။

ဂလူးမိုဘိုင်းကုမ္ပဏီထုတ်ကင်မ်၏ ဂိမ်းကို ယခုအချိန်အထိ ကူးယူသုံးစွဲခဲ့သည့် အကြိမ်အရေအတွက် ၂၈ ဒသမ ၄ သန်းကျော်နေပြီဖြစ်ပြီး ဂိမ်းအသစ်သည် ပိုမိုအောင်မြင်လိမ့်မည်ဟု ကုမ္ပဏီက မျှော်လင့်ကြောင်း သိရသည်။ **ခင်ခင်သက်**

စမတ်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများမှတစ်ဆင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုးကို စမ်းသပ်နိုင်တော့မည်

ကိုလံဘီယာ တက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့သည် စမတ်ဖုန်းများနှင့် တွဲဖက်၍အသုံးပြုနိုင်သော အိတ်ချ်အိုင်ဗွီပိုးရှာဖွေပေးနိုင်သည့် ကိရိယာတစ်မျိုးကို တီထွင်အောင်မြင်ခဲ့ကြောင်း Science Daily တွင် ဖော်ပြခဲ့သည်။

၎င်းကိရိယာသည် စမတ်ဖုန်းများနှင့် တွဲဖက်ပြီး ၁၅ မိနစ်အတွင်း အိတ်ချ်အိုင်ဗွီနှင့်ကာလသားရောဂါပိုး (ဆစ်ဖလစ်ပိုး) ကဲ့သို့သော လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါပိုးများကို စမ်းသပ်ပေးနိုင်ကြောင်းလည်း သိရသည်။

ကိုလံဘီယာ တက္ကသိုလ် ဆေးသိပ္ပံအင်ဂျင်နီယာဌာနမှ တွဲဖက်ပါမောက္ခဖြစ်သော သုတေသန ခေါင်းဆောင် စန်မြူရယ် ကေစီယာက ၎င်းစမတ်ဖုန်းနှင့် တွဲဖက်သုံးရသည့် ကိရိယာ၏ သုတေသနအဆင့်ဆင့်ကိုလည်း ရှင်းလင်းပြသခဲ့သည်။

ယင်းကိရိယာတွင် ကူးစက်တတ်သော ရောဂါများကို ဖော်ပြပေးသည့် အမှတ်အသားသုံးခုပါရှိပြီး လက်ချောင်းထိပ်မှ သွေးကို ဖောက်၍ ၎င်းကိရိယာအပေါ် တင်ပြီးနောက် ၁၅ မိနစ်အကြာတွင် အဖြေကို ဖော်ပြပေးမည်ဖြစ်သည်။ ၎င်းကိရိယာက လိုအပ်သော စွမ်းအင်များကို စမတ်ဖုန်းမှ ရယူမည်ဖြစ်သည်။

ဓာတ်ခွဲခန်းတွင် အိတ်ချ်အိုင်ဗွီပိုးကို စမ်းသပ်ရန် လိုအပ်သော ကိရိယာများအတွက် အမေရိကန်ဒေါ်လာ ထောင်ပေါင်းများစွာကုန်ကျမည် ဖြစ်သော်လည်း ယင်းကိရိယာကမူ အမေရိကန်ဒေါ်လာ ၃၄ ဒေါ်လာသာ ကုန်ကျမည်ဖြစ်သောကြောင့် ဓာတ်ခွဲခန်းများတွင် အစားထိုးအသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် ၎င်းကိရိယာကို အာဖရိကကဲ့သို့သောဒေသများနှင့် နွမ်းပါးသောဒေသများတွင်ပါ အသုံးပြုနိုင်မည်ဖြစ်သောကြောင့် ၎င်းစမတ်ဖုန်းနှင့် တွဲဖက်အသုံးပြုနိုင်သည့် ကိရိယာသည် လူသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ခင်ခင်သက်**

အသက်(၁၄)နှစ်အရွယ် လူငယ်အား ၎င်းတီထွင်သော စမတ်ဖုန်းပရိုဂရမ်အတွက် ဆုချီးမြှင့်

သက်ကြီးဘိုးဘွားများအား စောင့်ရှောက်ပေးမည့် စမတ်ဖုန်းပရိုဂရမ်အား တီထွင်ခဲ့သော အသက် (၁၄)နှစ်အရွယ် ဒီဇိုင်နာတစ်ဦးအား ဩစတြေးလျနိုင်ငံ၏ ကျောင်းတွင်းသိပ္ပံဆိုင်ရာ အလေးစားဆုံးပုဂ္ဂိုလ်ဆုကို အင်္ဂါနေ့က ပေးအပ်ခဲ့သည်။ ယင်းပရိုဂရမ်ကိုရေးဆွဲသူ ဒါးဗာမာအား BHP Billton Science and Engineering Award နေရာတွင် ပထမဆုရသူအဖြစ် ရွေးချယ်ခဲ့သည်။

ယင်း PROTEGO ပရိုဂရမ်၏ အလုပ်လုပ်ပုံမှာ ဘိုးဘွားများဝတ်ဆင်ထားသော ရေဒီယိုလှိုင်းဖမ်းကိရိယာမှတစ်ဆင့် ၎င်းအိမ်တွင်တပ်ဆင်ထားသော ဆက်သွယ်ရေးကိရိယာသို့ ရောက်ရှိကာ ထိုမှတစ်ဆင့် စောင့်ရှောက်မှုပေးမည့် ပုဂ္ဂိုလ်၏ စမတ်ဖုန်းထဲသို့ ရောက်ရှိပြီး ဘိုးဘွားများ၏ အိမ်တွင်းလှုပ်ရှားမှုကို စောင့်ကြည့်နိုင်မည်ဖြစ်သည်။

ဗာမာတီထွင်လိုက်သော ပရိုဂရမ်၏ ရည်ရွယ်ချက်မှာ သက်ကြီးပုဂ္ဂိုလ်များအား အိမ်တွင်းတွင် အသက်ရှည်ရှည်နှင့် ဘေးကင်းစွာ နေထိုင်နိုင်ရန် ဖြစ်သည်။

"ကျွန်တော့်အနေနဲ့ ဒီပရိုဂရမ်ကို တီထွင်ရတဲ့ အကြောင်းကတော့ သိပ္ပံပညာနဲ့ ကမ္ဘာပေါ်က သက်ကြီးရွယ်အိုတွေကို တတ်နိုင်သလောက် စောင့်ရှောက်ပေးချင်လို့ပါ"ဟု ဗာမာက သူ၏ ရည်ရွယ်ချက်ကို ဖော်ပြခဲ့သည်။

(စိုးသူရ)

❑❑ ❑

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်တက္ကသိုလ်
Sport Equipment များဝယ်ယူရန်
အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်တက္ကသိုလ်တွင် Sport Equipment များဝယ်ယူရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၂-၂၀၁၅ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၅-၃-၂၀၁၅ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ- ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရေးဆိုင်ရာ တင်ဒါလုပ်ငန်းကော်မတီ၊ ရန်ကုန်တက္ကသိုလ်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၀၁-၅၃၄၅၀၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့၊ ရန်ကုန်တက္ကသိုလ်

ရေကြောင်းရဲတပ်ဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် — ၉-၂-၂၀၁၅ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် — ၁၆-၂-၂၀၁၅ရက်
၄။ ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက် — ၁၈-၂-၂၀၁၅ရက်(၁၆း၀၀)နာရီ
၅။ တင်ဒါဖွင့်မည့်ရက်/အချိန် — ၂၀-၂-၂၀၁၅ရက်(၁၀း၀၀)နာရီ
၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၁၅၇၄၊ ၀၉-၅၁၂၂၁၉၃၊ ၀၉-၄၂၂၄၄၆၀၂၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ရေကြောင်းရဲတပ်ဖွဲ့

အသိပေးကြေညာချက်

စင်ကာပူနိုင်ငံမှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V DEL SOL V.EAL 10 သင်္ဘောသည် ၈-၂-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း - ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ အကူအညီချေးငွေဖြစ်သော JICA ODA LOAN ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဖြစ်သည့် အောက်ဖော်ပြပါ လမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။
(ပြည်တွင်းကုမ္ပဏီများသာ)

စဉ်	လမ်းအမည်	လုပ်ငန်းအမျိုးအစား
၁။	တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း(၇)မိုင် (၂)ဖာလုံ+တံတားငယ်+တံတားလတ် (၁၇)စင်း (ကယားပြည်နယ်)	ကတ္တရာလမ်း
၂။	ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံလမ်း(၃၄)မိုင် (၁)ဖာလုံ (မန္တလေးတိုင်းဒေသကြီး+ရှမ်းပြည်နယ်)	ကတ္တရာလမ်း
၃။	ကလေး-ဖလမ်း-ဟားခါးလမ်း(၇)မိုင်(၁)ဖာလုံ (ချင်းပြည်နယ်)	ကတ္တရာလမ်း
၄။	ဟားခါး-ဂန့်ဂေါလမ်း(၁၉)မိုင် (၂)ဖာလုံ (ချင်းပြည်နယ်)	ကတ္တရာလမ်း
၅။	သိုင်းငင်း-တီးတိန်လမ်း(၁၆)မိုင်(၄)ဖာလုံ (ချင်းပြည်နယ်)	ကတ္တရာလမ်း

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်- ၁၁-၂-၂၀၁၅ရက်နေ့မှ ၁၈-၂-၂၀၁၅ရက်အထိ
၃။ အကြိုအစည်းအဝေးခေါ်မည့်ရက်- ၂၅-၂-၂၀၁၅ ရက် မွန်းလွဲ (၂း၀၀)နာရီ
၄။ တင်ဒါတင်သွင်းရမည့်ရက်- ၁၁-၃-၂၀၁၅ရက် နံနက် (၉း၃၀)မှ (၁၂း၀၀) နာရီအထိ
၅။ တင်ဒါဖွင့်မည့်ရက် -၂၄-၃-၂၀၁၅ရက် မွန်းလွဲ (၁း၀၀) နာရီ
၆။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
လမ်းဦးစီး၊ ရုံးအမှတ်၁၁၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၄၆၈၊ ၄၀၇၅၇၈၊ ၄၀၇၆၀၃၊ ၄၀၇၅၈၃၊ ၄၀၇၃၈၀

ကျောင်းသားလူငယ်နှင့် သတိပြုသင့်သည့် ဆေးလိပ်အန္တရာယ်

à aeZmZmx(alu;r)

၁၆ရာစုခန့်မှအစပြု၍ ဥရောပတိုက်သားများသည် ဆေးရွက်ကြီးကို ဆေးငုံခြင်း၊ ဆေးဝါးခြင်းများ ပြုလုပ်ခဲ့ကြပြီး နောက်ပိုင်းတွင် ဆေးတံကို တရှိုက်မက်မက် သောက်တတ်လာခဲ့ကြသည်။ ထိုမှ ဆေးပြင်းလိပ်နှင့် စီးကရက်ကို သောက်တတ်လာကြသည်။ အမေရိကတိုက်သည် ဆေးရွက်ကြီး၏ မူရင်းဒေသဖြစ်ပြီး ဆေးရွက်ကြီးစိုက်ပျိုးသည့် နိုင်ငံ ၁၀၀ ကျော်ရှိသည်။

မြန်မာ့လူမှုအသိုင်းအဝိုင်းတွင်လည်း ဆေးလိပ်နှင့်ကွမ်းယာသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အဖြစ် နေရာယူထားဆဲဖြစ်သည်။ ဧည့်သည်အား ဧည့်ခံရာတွင် ကွမ်း၊ ဆေးလိပ်၊ လက်ဖက်တို့သည် ဧည့်ခံကျွေးမွေးစရာ ရိုးရာ အစဉ်အလာတစ်ခုဖြစ်ခဲ့သည်။ ထို့ပြင် ယခုအချိန်အထိ အချို့တောရွာများတွင် အလှူ မင်္ဂလာဆောင်များ၌ ဆေးလိပ်ကမ်းသည့် အလေ့အထ ရှိနေဆဲပင်ဖြစ်သည်။

ဆေးရွက်ကြီးတွင် အဓိကအားဖြင့် နီကိုဒင်းနှင့် နိုက်ထရိတ်၊ ပရိုတင်းနှင့် အယ်လကာလွိုက်များမှ ပြောင်းလဲလာသည့် ကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများပါဝင်သည်။ ဆေးရွက်ကြီးထွက်ပစ္စည်းမှာ အဓိကအားဖြင့် နှစ်မျိုးရှိပြီး အငွေ့ထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်းနှင့် အငွေ့မထွက်သော ဆေးရွက်ကြီးထွက် ပစ္စည်းတို့ဖြစ်သည်။ အငွေ့ထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်းတွင် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်နှင့် ဆေးတံစသည်တို့ပါဝင်သည်။ အငွေ့မထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်းတွင် ကွမ်းစားဆေးအမျိုးမျိုးပါဝင်သည်။

ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သူဦးရေ သန်းတစ်ထောင်ကျော်ရှိပြီး အများစုမှာ အာရှတိုက်သား များဖြစ်သည်။ ၂၀၂၀ခုနှစ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုမှာ ပိုမိုတိုးလာနိုင်ကြောင်း သိရသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီး အသုံးပြုမှုတို့ကြောင့် နှစ်စဉ်လူပေါင်း သုံးသန်းခန့် အသက်ဆုံးရှုံးကြရပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲခြင်းနှင့် နှီးနွှယ်သော ရောဂါများကြောင့် သေဆုံးရသူဦးရေမှာ ၄ ဒသမ ၉ သန်းကျော် ရှိနေပြီး တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရမှုကြောင့် သေဆုံးသူဦးရေမှာ ခြောက်သိန်းကျော်ရှိနေသည်။

ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲသူများသည် အဆုတ်ပွခြင်း၊ နာတာရှည်လေပြွန်ရောင်ရမ်းခြင်း၊ အဆုတ် ကင်ဆာ၊ ခံ တွင်း ကင်ဆာ၊

အသံအိုးကင်ဆာတို့အပြင် အစာမျိုပြွန်၊ ဆီးအိမ်၊ ကျောက်ကပ်၊ အသည်း၊ အစာအိမ်၊ အူမကြီးကင်ဆာများ ဖြစ်ပွားနိုင်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုယ်တိုင် ဆေးလိပ်သောက်ခြင်း(သို့) ဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းတို့ကြောင့် သားအိမ်မှတစ်ဆင့် သန္ဓေသားသို့သွားသည့် သွေးကြောကျဉ်းခြင်း၊ သွေးခဲခြင်းတို့ကြောင့် မိခင်နှင့်ကလေးပါ အန္တရာယ်ဖြစ်စေနိုင်သည်။ သားပျက်၊ သားလျှောခြင်း၊ လမစေ့ဘဲ ကလေးမွေးဖွားခြင်း၊ ပေါင်ချိန်မပြည့်သော ကလေးမွေးဖွားခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါ ချို့ယွင်းခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

မြန်မာနိုင်ငံရှိ အမျိုးသားဦးရေ ထက်ဝက်ကျော်၊ အမျိုးသမီးဦးရေ ၁၆ ရာခိုင်နှုန်းကျော်မှာ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်နေကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၃ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ကြေညာထားသည်။

ဆေးလိပ်ကို ကိုယ်တိုင်မသောက်သော်လည်း သူတစ်ပါးသောက်နေသော ဆေးလိပ်ငွေ့ကို ရှူရှိုက်မိရုံဖြင့် ရောဂါရနိုင်သည်ဟု အမေရိကန်ဆရာဝန်ချုပ် အဲဗားရက်ကွပ်က သတိပေးပြောကြားခဲ့သည်။

မိသားစုတစ်စုအတွင်း တစ်နေ့ဆေးလိပ်အလိပ် ၂၀သောက်သုံးသော အမျိုးသားအပြင် ၎င်း၏အိမ်တွင်ရှိသည့် ဇနီးနှင့် သားသမီးများပါ တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် အဆုတ်ကင်ဆာဖြစ်ပွားမှု နှစ်ဆပိုနိုင်ကြောင်း သုတေသနပညာရှင်များက လေ့လာသုံးသပ်ထားသည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်မိခြင်းကြောင့် အဆုတ်ကင်ဆာဖြင့် သေဆုံးသူဦးရေမှာ နှစ်စဉ် ၅၀၀၀ ကျော်ရှိနေသည်။

တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်မိခြင်းကြောင့် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ ခံတွင်း ကင်ဆာ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးလမ်းကြောင်းကင်ဆာ စသည်များ ဖြစ်ပွားနိုင်သည်။ အထူးသဖြင့် လသား ကလေးငယ်များ ဆေးလိပ်ငွေ့ရှူရှိုက်ရပါက ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း၊ ပန်းနာရင်ကျပ် ဖြစ်ခြင်း၊ အဆုတ်ပြွန်ရောင်ခြင်း စသည်တို့ ဖြစ်ပွားနိုင်သည်။

စီးကရက်အများဆုံး သောက်သည့် ရုရှားနိုင်ငံတွင် ဆေးလိပ်မသောက်ရနယ်မြေများကို ဥပဒေဖြင့် သတ်မှတ်ထားပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ဆေးလိပ်အန္တရာယ်ကို တင်းကျပ်စွာ တားဆီးလာမှုတို့ကြောင့် စီးကရက်ဈေးကွက်မှာ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနည်းပါးသေးသည့် နိုင်ငံများသို့ ပြောင်းရွှေ့ဝင်ဆံ့လာခဲ့သည်။

မြန်မာနိုင်ငံတွင် စီးကရက် သောက်သုံးမှုသည် လူငယ်များအကြား ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်လာလျက်ရှိရာ ၎င်းလူငယ်များအနက် ကျောင်းသားလူငယ်များ အတွင်းပါ ပျံ့နှံ့နေသည်ကို တွေ့ရသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကို ကာကွယ်ရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု ဥပဒေပြဋ္ဌာန်းခြင်း၊ ဆေးလိပ်ကင်းမဲ့ဇုန်၊ ဆေးလိပ်သောက်ရန် ကန့်သတ်နယ်မြေများ သတ်မှတ်ထားပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ရောဂါအန္တရာယ်များကို သတင်းစာ၊ ဂျာနယ်များ၊ ရုပ်သံအစီအစဉ်များတွင် ထည့်သွင်းပညာပေးမှုများဖြင့် သတိပေးနှိုးဆော်မှုများ လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နည်းဗျူဟာအမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်နေသော ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ်ကို တွန်းလှန်နိုင်ရန် အခွန်တိုးမြှင့်ကောက်ခံခြင်း၊ လူအများစုစုဝေးရာနေရာများကို ဆေးလိပ် ကင်းလွတ်ဇုန်များအဖြစ် ဥပဒေသတ်မှတ်ပြဋ္ဌာန်းခြင်း၊ စီးကရက်ထုတ်လုပ်ဖြန့်ချိ၊ ရောင်းဝယ်၊ တင်ပို့မှုများကို စိစစ်ကြပ်မတ်ခြင်းများ လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

အထူးသဖြင့် အခြေခံပညာကျောင်းများတွင် ပညာပေးမှုများ လုပ်ဆောင်စေပြီး ကျောင်းသားလူငယ်များအကြား ဆေးလိပ်သောက်သုံးမှုမရှိစေရန် ဝိုင်းဝန်းကြပ်မတ်မှုများ လုပ်ဆောင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ၏ ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာနေသည့် ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ်ကို တွန်းလှန်နိုင်စေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ။

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) SKD Parts for TA TA Truck(6×2) 4 Units

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ-၁၃-၂-၂၀၁၅ရက်၊ ၁၂း၀၀နာရီဖြစ်ပါသည်။

ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၁

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေး စာကြည့်တိုက်ပညာ သင်တန်းဆင်း

ကနီ ဖေဖော်ဝါရီ ၇

ကနီမြို့နယ်အတွင်းမှ ကျေးရွာစာကြည့်တိုက်မှူးများ တက်ရောက်ကြသည့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေးအတွက် ရည်ရွယ်၍ဖွင့်လှစ်သော မြို့နယ်အဆင့် စာကြည့်တိုက်ပညာ (ဆင့်ပွား) သင်တန်း (၁/၂၀၁၅) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို တာဝန်ရှိသူများမှ ဆုများပေးအပ်ခဲ့ပြီး ငွေဖုန်စာပေမှ ဧင်းဆုရရှိသည့် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းပေးအပ်ခဲ့သည်။

သင်တန်းဖြစ်မြောက်ရေးအတွက် ထောက်ပံ့ငွေပေးအပ်သည့်ရွှေကနီ(ဆောက်လုပ်ရေးကုမ္ပဏီ)နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိဦးအောင်နီတို့အား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

"ကျွန်တော်တို့ရွာက အိမ်ခြေအလွန်နည်းပါတယ်။ ရွာမှာ စာကြည့်တိုက်အဆောက်အအုံ မရှိသေးပေမဲ့ ဘုန်တော်ကြီးကျောင်းမှာ ဘီရိုနဲ့ စာအုပ်များစုစည်းထားပြီး ရွာထဲကလူကြီးလူငယ်များကို စာအုပ်များ ငှားရမ်းဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ရွာဘုန်းတော်ကြီးနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးများတိုင်ပင်၍ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့် မြို့နယ်က စာကြည့်တိုက်ပညာသင်တန်းဖွင့်တော့ ကျွန်တော်စိတ်အားထက်သန်စွာဖြင့် လာတက်ခြင်းဖြစ်ပါတယ်။ စာကြည့်တိုက်ပညာတတ်ထားတော့ စာအုပ်များစနစ်တကျ ရေးသွင်းထိန်းသိမ်းခြင်းများ ဆောင်ရွက်ရတာ အဆင်ပြေတာပေါ့။ ရွာမှာ စာကြည့်တိုက်ဆောက်လုပ်ပြီးရင် ကျွန်တော်ကိုယ်တိုင် စာကြည့်တိုက်မှူးလုပ်ပြီး ရွာမှလူငယ်များကိုလည်း လက်ဆင့်ကမ်းပြန်လည်သင်ကြားပေးသွားမှာပါ။ ကျွန်တော့်လိုစိတ်ကူးမျိုးနဲ့ ကျန်သင်တန်းသားများလည်း အောင်မြင်အောင်ဆောင်ရွက်သွားကြမည်ဆိုရင် ကျွန်တော်တို့ကျေးရွာစာကြည့်တိုက်များလည်း ရှင်သန်နိုင်မှာဖြစ်ပါတယ်" ဟု ပန်းဆိုင်းကျေးရွာမှ သင်တန်းသား ဦးမင်းအောင်က ပြောသည်။

သန်းဌေးအောင်(ကနီ)

မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ဒေသထွက်ကုန်များ အရောင်းသွက်

ငဖဲ ဖေဖော်ဝါရီ ၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးသည် မကွေးတိုင်းဒေသကြီး၌ ရက်အရှည်ဆုံးပွဲတော်ကြီးဖြစ်ပြီး ရက်ပေါင်း ၈၄ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဘုရားပွဲတွင် ၁၂ ပွဲဈေးသည်များ၊ ငဖဲမြို့နယ်တစ်ဝိုက်မှ ဒေသထွက် ဆေးမြစ်များနှင့်ဒေသထွက်စားသောက်ကုန်များဖြစ်သော မှိုခြောက်၊ ပန်းခြောက်၊ မျှစ်ခြောက်၊ ဆတ်သားခြောက် စသောစားသောက်ကုန်များ အရောင်းသွက်ကြောင်း သိရသည်။

ဈေးသည်တစ်ဦးက မန်းရွှေစက်တော်သည် မြတ်စွာဘုရား၏ ခြေတော်ရာနှစ်ဆူရှိတဲ့ ပွဲတော်ကြီးကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ များစွာ လာရောက်ကြ၍ ဘုရားကြီးကို မှီခိုဈေးရောင်းသူများ ဘုရားပွဲကြီးပြီးချိန်တွင် အမြတ်အစွန်းများစွာ ရရှိကြသည်ဟု ပြောသည်။

ဓာဓာ(မကွေး)

မိုးပွင့်(အထူး) စီမံချက် ရှင်းလင်းပွဲ အခမ်းအနား မြိတ်ခရိုင် တနင်္သာရီမြို့နယ်၌ ကျင်းပ

တနင်္သာရီ ဖေဖော်ဝါရီ ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့် (အထူး) စီမံချက် ရှင်းလင်းပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးနေသည့်အချိန်၌ မိမိတို့ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် ဒေသခံတိုင်းရင်းသားပြည်သူများ မကျန်ရှိရလေအောင် အလေးထားဆောင်ရွက်ကြရန် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ မြိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်က မိုးပွင့်(အထူး)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် တိုင်းရင်းသားပြည်သူများ အချိန်၊ ငွေကြေး သက်သာလွယ်ကူ လျင်မြန်စွာရရှိစေရေးအတွက် One Stop Services ဖြင့် လိုအပ်ချက်များကို ဖြေလျှော့ပေးသောနည်းလမ်းအရ နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထိုရှင်းလင်းပွဲတွင်သိလိုသည့် အုပ်ချုပ်ရေးမှူးများ၏ မေးမြန်းချက်များအား လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ထိန်ဝင်း(ပြန်ဆက်)

မင်းကွန်းဓမ္မသာရပရိယတ္တိစာသင်တိုက် (၁၂) ကြိမ်မြောက် စုပေါင်းထမနဲပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

မင်းကွန်းတောင်ရိုး မဟာသံဃိကဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူတော်နှင့် ဗုဒ္ဓတစ်ထောင် မင်းကွန်းတောင်စီမံကိန်းကြီး၏ ပဓာနဦးဆောင်ဆရာတော် ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဓမ္မသာရ (ဒီဃ ဘာဏက) အရှင်မြတ်အားအမှူးထား၍ မင်းကွန်းတောင်ရိုး မဟာသံဃိကဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ကြီး၏ (၁၂) ကြိမ်မြောက် စုပေါင်းထမနဲလှူဒါန်းပွဲကြီးကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မင်းကွန်းဓမ္မသာရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့ နံနက် ၅ နာရီတွင် သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား ထမနဲဆွမ်းလောင်းလှူမည်ဖြစ်ပြီး နံနက် ၇ နာရီမှစ၍ ဧည့်ပရိသတ်အား ထမနဲ ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**





မိဘများ၏အမည်မှန်

ပဲခူးမြို့၊ အထက(၇)၊ န၀မတန်း(က)တွင် ပညာသင်ကြားနေသော မခင်ဗိုလ်ဗိုလ်ထွန်း၏ မိဘများ အမည်မှန်မှာ ဦးကျော်ကျော်-ဒေါ်နန်းလင်းလင်းစိုး ဖြစ်ပါသည်။

အထက(မြို့လှ)၏ (၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှ အထက၏(၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၁-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ-မြို့လှမြို့

ဆက်သွယ်ရန်

ဦးမြင့်နိုင်-၀၅၄-၇၂၀၆၁

ဒေါ်နှင်းနှင်းလွင်-၀၅၄-၇၂၀၅၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် မော်တော်ယာဉ်များထားရှိရန်အတွက် ကားဂိုဒေါင်တစ်လုံးလျှင် မော်တော်ယာဉ်(၈)စီး ဆံ့ (၆၄'×၁၄'× ၉'၆"-၁၂')၊ ကားဂိုဒေါင်(၆)လုံးဆောက်လုပ်ရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံခြင်း ပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် လုပ်ငန်းအပ်နှံမည့် ဒီဇိုင်းအသေးစိတ်စာရင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၊ အုပ်စု(၁)၊ အဆောင်(၁၀)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၈၁၀၃၃၇၀သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက်	-	၅-၂-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်	-	၁၆-၂-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၅:၃၀နာရီ

ပစ္စည်းဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး ကြီးကြပ်မှုကော်မတီ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

သုံးခွမြို့နယ်တွင် ဆောင်းသီးနှံပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်း

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် စိုက်ပျိုးထားသော ဆောင်းသီးနှံပဲတီစိမ်းများမှာဖြစ်ထွန်း အောင်မြင်နေကြောင်းသိရသည်။

အချိန်အခါမဲ့မိုးကြောင့် ပဲစိုက်ပျိုးနောက်ကျသော်လည်း ရာသီဥတုအခြေအနေ ကောင်းမွန်မှုကြောင့် အထွက်နှုန်းကောင်းမည်ဟု သိရသည်။ သို့သော် ပဲဆွတ်ခူးချိန်တွင် လုပ်သားရှားပါးမှုနှင့် ကြုံတွေ့နေရသောကြောင့် တောင်သူများအနေဖြင့် ပဲဆွတ်ခူးချိန်နောက်ကျသွားမည်ကို စိုးရိမ်နေကြောင်း တောင်သူများထံမှ သိရသည်။

သုံးခွမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်၌ သီးထပ်ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ဧက ၁၂၉၁၉၅ ဧက၊ ပဲလွန်း ဧက ၃၇၀၊ မြေပဲ ၁၁၉ ဧက၊ နေကြာ ၂၄ ဧက၊ စိုက်ပျိုးထားကြောင်းသိရပြီး ပဲတီစိမ်းများမှာ ဖေဖော်ဝါရီလကုန်တွင် လှိုင်လှိုင်ပေါ်မည်ဖြစ်ကြောင်း သိရသည်။

ကိုကျော် (သုံးခွ)

ဓမ္မဝိဇယရံသီ ဓမ္မာရုံပန္နက်တော်တင်

နေပြည်တော် ဖေဖော်ဝါရီ ၇

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကင်မွန်းတန်းအရှေ့ရွာရှိ သဗ္ဗသိဒ္ဓိစိတ် အလိုတော်ပြည့်စေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်မည့်ဓမ္မဝိဇယရံသီ ဓမ္မာရုံပန္နက်တော်တင် အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ပန္နတော်တင်အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကညင်ပင်စန္ဒာရုံကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝရ၊ ကင်မွန်းတန်းတောရစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇောတိကနှင့် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး သတ်မှတ်နေရာများတွင် ပန္နက်တော်များ တင်ပေးကြသည်။

ထို့နောက် အလှူရှင်များက ဓမ္မာရုံအတွက် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြသည်။

အေးသန်း(လှူထုဆက်)

စာပေရေချမ်းစင်၌ စာအုပ်အသစ်များဖြည့်ဆည်း

သံဖြူဇရပ် ဖေဖော်ဝါရီ ၇

သံဖြူဇရပ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရန်နှင့် စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်ကာ စာပေရေချမ်းစင် (Mini Book Corner) များကို မြို့နယ်အတွင်း နေရာ ၁၆ ခုတို့တွင် ချိတ်ဆွဲထားရှိပေးပြီး စာအုပ်များ လစဉ် ပုံမှန်ဖြည့်ဆည်းပေးလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်ကစ၍ ဘာသာရပ်သုံးမျိုးအတွက် စာအုပ်အသစ်များကို သံဖြူဇရပ်မြို့နယ်ရှိ စာပေရေချမ်းစင်များသို့ လိုက်လံဖြည့်ဆည်း ပေးခဲ့ကြောင်း သိရသည်။

စာပေရေချမ်းစင်စာအုပ်များကို အမြဲတမ်းဖတ်ရှု လေ့လာသော ကျုံကဒေါတ်ကျေးရွာမှ ဦးကျော်ဝင်းက ယခင်က စာမဖတ်ရတာများပါတယ်။

ယခု စာပေရေချမ်းစင်က စာအုပ်တွေကို ဖတ်ရတဲ့အတွက် များစွာတန်ဖိုးကြီးမားသလို လူတိုင်းဖတ်ရှုသင့်ပါတယ်”ဟု ၎င်း၏အမြင်ကို ပြောသည်။

(၄၄၁)

တာမွေနတ်ချောင်း ရေစီးရေလာကောင်းမွန်ရေး ယန္တရားဖြင့်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၇

တာမွေမြို့နယ်၏အဓိကရေနုတ်မြောင်းမကြီးဖြစ်သည့်နတ်ချောင်းအား Amphibious Excabator ရေပေါ်သွားနိုင်သည့် စက်ယန္တရားကြီးဖြင့် ဇန်နဝါရီ ၂၃ရက်မှစတင်ကာ နုန်းများ ဆယ်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“တာမွေမြို့နယ်မှာ အောင်မင်္ဂလာချောင်းနဲ့ နတ်ချောင်းဆုံပြီး ချောင်းနှစ်ခုရှိရာမှာ အောင်မင်္ဂလာချောင်းကို ၂၀၁၄ခုနှစ်က ဆောင်ရွက်ပြီးသွားပြီ။ အခုချောင်းက အရှည်ပေ၄၂၀၀ကို အကျယ် ၂၅ ပေနဲ့ အနက် ၁၅ ပေလောက်ထိရအောင် ဆောင်ရွက်မှာပါ။ ဒါမှတာမွေမြို့နယ်မှာရေလျှံမှုတွေ ကင်းဝေးစေမှာဖြစ်ပါတယ်”ဟု တာဝန်ခံအင်ဂျင်နီယာ ဦးနေကြည်ဦးက ပြောသည်။

(၅၈၇)

ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

မိတ္ထီလာ ဖေဖော်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ဘူတာလမ်း၊ ဈေးပတ်လမ်းမှ ကားဝင်းအထိ ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းနှင့် မြေသားမှ ကတ္တရာခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှတင်ဒါစနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခိုင်ခန့်ဖြူစင် ကုမ္ပဏီက ဘူတာလမ်း၊ဈေးပတ်လမ်းမှ ကားဝင်းအထိ လမ်းအရှည် ၂၄၀၀ပေ အကျယ် ၁၂ပေ ၊ ဒု လေးလက်မခွဲနှင့် အရှည် ၃၀၀ပေ၊အကျယ်၁၂ ပေ၊ ဒု ၁၁ လက်မရှိ ထပ်ပိုးကတ္တရာခင်းခြင်းနှင့် မြေသားလမ်းမှ ကတ္တရာခင်းခြင်း လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ် ၂၄ ဒသမ ၂၆ သန်းဖြင့် ဖေဖေဝါရီ ၁ ရက်မှ စတင်၍ စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးကြီး ဦးအောင်နိုင်ဦးနှင့် စည်ပင်သာယာရေးကော်မတီမှ ဦးညီညီအောင်တို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းများမှာ ယခင်က လမ်းများပေါက်ပြဲပြီး ကားများ၊ ဆိုင်ကယ်များနှင့် ဈေးသွားဈေးလာများသွားလာရာတွင် အခက်အခဲများကြုံတွေ့ခဲ့ရသည်။ ယခုအခါ ထပ်ပိုးကတ္တရာခင်းခြင်းနှင့် မြေသားလမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်း များဆောင်ရွက်ပြီးစီးပါက ဒေသခံများ၊ ဈေးသူဈေးသားများ၊ ကားများ၊ ဆိုင်ကယ်များနှင့် ကျေးလက်ဒေသများမှ ဒေသထွက်ကုန်များ လာရောက်ရောင်းချရာတွင်လည်း သွားလာရအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

သဲကျောက်လုပ်ငန်းများကြောင့် ဒေသခံများအဆင်ပြေ

ကလေးဝ ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ ရွှေမုဋ္ဌောစွန်းမှနေ၍ ချင်းတွင်းမြစ်အတွင်း ထုတ်ယူရရှိသော သဲကျောက်များကို ကလေး၊ ချင်းတောင်နှင့် တမူးနယ်စပ်များသို့ ပို့ဆောင်ပေးရသောကြောင့် သဲကျောက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများနှင့် အနီးအနားရှိ လက်လုပ်လက်စား အလုပ်သမားများ ဝင်ငွေတိုးကာ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေကို ရှာဖွေပေးနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျောက်စရစ်၊ သဲထုတ်လုပ်ဖို့အတွက် သက်ဆိုင်ရာကို အကြောင်းကြားပါတယ်။ အခု ကလေးဝမြို့မှာ ချင်းတွင်းအထက်ပိုင်း တုန်နန်းကျေးရွာအနီး နေရာကိုရပါတယ်။ မနက်၅ နာရီလောက်ကစပြီး ကျွန်တော်တို့ သဲစု၊ ကျောက်စု လုပ်ငန်းကိုလုပ်ပါတယ်။ ဒီဘက်မှာ စက်အားနှင့် လုပ်ကိုင်မှုမရှိဘဲ လူအားနဲ့ လုပ်ကိုင်ဆောင်ရွက်ပါတယ်။ စက်လှေနှစ်စင်းလောက်နဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ထုတ်လုပ်သူတစ်ဦးကပြောသည်။

သဲကျောက်တင်၊ သဲကျောက်ချ ဆောင်ရွက်နေသော လုပ်သားတစ်ဦးက "တစ်ရက်ကို သဲ၊ ကျောက်စရစ်ကျင်း ၂၀ ဝန်းကျင်ရပါတယ်။ ကားအတင်အချက သဲ၊ ကျောက်တစ်ကျင်းကို ၅၀၀၀ ကျပ်ရတဲ့အတွက် မိသားစု အသုံးစရိတ်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပါတယ်" ဟု ပြောသည်။

ယခုအချိန်တွင် ကလေးဝဆိပ်ကမ်း၌ ကျောက်စရစ်တစ်ကျင်းကို ၂၃၀၀၀ ကျပ်၊ သဲတစ်ကျင်းကို ၁၂၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ပွဲစားများနှင့် လုပ်သား ၅၀ ဝန်းကျင်သည် အလုပ်အကိုင်အခွင့်အလမ်း နေ့စဉ်ရရှိလျက်ရှိသည်။ ယခုပွင့်လင်းရာသီတွင် ကလေးဝ၊ ချင်းတွင်း သဲ၊ ကျောက်စရစ်လုပ်ငန်းမှ ချင်းတောင်ဒေသ၊ ကလေးဒေသဆောက်လုပ်ရေးလုပ်ငန်းများ ရာဇဂြိုဟ်ဆည် စီမံကိန်းမှ လုပ်ငန်းများ၊ တမူးမြို့နှင့် တစ်ဖက်အိန္ဒိယနိုင်ငံမဏိပူရပြည်နယ်ဘက်မှ ဆောက်လုပ်ရေးလုပ်ငန်းများအထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

လင်းလက်ကြယ်စင်

ရွှေဘို၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေပေးအပ်

ကျောက်မြောင်း ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ နယ်မြေအတွင်း ငွေးပင်ကုန်းကျေးရွာရှိ ဓမ္မရက္ခိတဘုန်းတော်ကြီးကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားကို ရွှေဘိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ဝင်း၊ ရွှေဘိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးတင်ထွန်း၊ ကျောက်မြောင်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုး၊ ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မီမီအောင်၊ စက်မှုသီးနှံဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာလွင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဟန်ငွေ၊ ကျောက်မြောင်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်မိုးသူ၊ ငွေးပင်ကုန်းကျေးရွာမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ကြီးကြပ်ရေး ကော်မတီဝင်များ ကျေးရွာသူ၊ ကျေးရွာသားများတက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူးတို့က အဖွင့်အမှာစကား ပြောကြားပြီး၊ ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိက မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေပေးအပ်ရသည့် အကြောင်းနှင့် ငွေကြေးထိန်းသိမ်းမှု နည်းစနစ်များအား အသေးစိတ်ရှင်းလင်းပြောကြားပြီး ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသောင်းအေးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ပြန်/ဆက်

၂ မိုင်၊ ၂ ဒသမ ၄ ဖာလုံ လမ်းပိုင်း ခင်းကျင်း

မြစ်ကြီးနား ဖေဖော်ဝါရီ ၇

မြစ်ကြီးနားမြို့နယ် ပလနအမှတ် (၁)ကျေးရွာနှင့် ပလနအမှတ် (၅) ကျေးရွာဆက်သွယ်သည့် အရှည် ၂ မိုင်၊ ၂ ဒသမ ၄ ဖာလုံရှိ လမ်းပိုင်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၁၅ သန်းဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိရာကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှု ကိုဖေဖော်ဝါရီ ၅ ရက်က ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးက ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(၄၉၉)**

၂ မိုင် ၄ ဖာလုံ အရှည်ရှိ ရွှေကျင်–ချောင်းသလဲလမ်းသစ်ဖွင့်လှစ်

စဉ့်ကူး ဖေဖော်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မြောက်ဖျားအစွန်ဆုံး ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိသည့် ရွှေကျင်ကျေးရွာတွင် အရှည် ၂ မိုင် ၄ ဖာလုံ ခန့်ရှိသော ရွှေကျင်ကျေးရွာမှ မန္တလေး-မိုးကုတ်ကားလမ်းမကြီးသို့ ဆက်သွယ်ပေးသည့် ရွှေကျင်-ချောင်းသလဲ လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီခွဲက ရွှေကျင်ကျေးရွာ စာသင်ကျောင်းဝင်းအတွင်း၌ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

စဉ့်ကူးမြို့နယ်မြောက်ဖျားအစွန်ဆုံး ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင်တည်ရှိသည့် ရွှေကျင်ကျေးရွာသည် ရေလမ်းခရီးကိုသာ အားကိုးအားထားပြု၍ ခရီးသွားလာကြရသော ဒေသခံပြည်သူများ၏ သွားလာရေးခက်ခဲမှုတို့ကို ဖြေရှင်းရန် ရွှေကျင်ရွာသား ဦးကျော်ဆန်းဦး မိသားစုမှ ကျပ် ၁၅၀၀၀၀၀ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်ညွန့်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဦးကျော်ဆန်းဦးက လမ်းဖောက်လုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး ရွှေကျင်-ချောင်းသလဲ လမ်းသစ်ဖွင့်ပွဲကို မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာ ဦးရာညွန့်၊ အလှူရှင် ဦးကျော်ဆန်းဦးနှင့် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးညီမောင်တို့က ရွှေကျင်ရွာဝင်တံတား၌ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယခင်က လှေမော်တော်များဖြင့် အလွန်ကြာမြင့်စွာ သွားလာနေရသောခရီးကို ယခုအခါ နာရီပိုင်းအတွင်း လိုရာခရီးကို သွားလာနိုင်ပြီး လမ်းခရီးအခက်အခဲကြောင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရသော လူသားတို့၏ အသက်ကို ကယ်တင်နိုင်မည်ဖြစ်သည်။

ယင်းကဲ့သို့ သွားလာမှုခက်ခဲ၍ ဖွံ့ဖြိုးမှုနောက်ကျနေသော ရွှေကျင်ကျေးရွာ၊ အင်းဇောက်ကြီးကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ပြကျေးရွာတို့မှ အိမ်ထောင်စု ၃၅၈ စုတို့၏ သွားလာရေးလွယ်ကူတော့မည်ဖြစ်သည်။

မြို့နယ်၊ ပြန်/ဆက်

ဘိုချိုစာကြည့်တိုက်သို့ငွေကျပ် ၁၀ သိန်းလှူဒါန်း

မြင်းခြံ ဖေဖော်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး ဘိုချိုစာကြည့်တိုက်သို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက စာကြည့်တိုက်အတွင်း ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲတွင် ဘိုချိုစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်လှိုင်က အမှာစကားပြောကြားခဲ့ပြီး မွေးမြူရေး၊ ရေလုပ်ငန်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာနမှ လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းကို မြင်းခြံမြို့ ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူး ဦးကံချွန်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီနာယက ဦးထင်အောင်က လက်ခံခဲ့သည်။

ထို့နောက် စာကြည့်တိုက်မှူးဦးကျော်မိုးအောင်က ဘိုချိုစာကြည့်တိုက်၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး စာကြည့်တိုက်အတွင်းရေးမှူး ဦးချန်ထွန်းက ယခုလိုလာရောက်လှူဒါန်းသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဘိုချိုစာကြည့်တိုက် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့တွင် ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီခန့်က အုပ်ချုပ်ရေးမှူး ဦးသီဟနေသွေး ဦးဆောင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာမှ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ ပူးပေါင်း၍ ဘုရားကြီးမြို့မီးပွိုင့်ဧရိယာအတွင်းရှိ ဆိုင်ကယ်ကယ်ရီများအား ရှင်းလင်း၍ လွတ်ကင်းရာနေရာသို့ သတ်မှတ်နေရာချထားပေးခြင်း၊ အနေးယာဉ်များ စနစ်တကျ ရပ်နားရန်နေရာသတ်မှတ်ပေးခြင်း၊ ဈေးဆိုင်များအား စည်းကမ်းနှင့်အညီ ရောင်းချရန်အတွက် နေရာသတ်မှတ်ပေးခြင်း၊ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဈေးကြိုမော်တော်ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေပေးခြင်းစသည့် အကျိုးပြုလုပ်ငန်းများဆောင်ရွက်ကြကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- သီဟရာဇာ(ဘုရားကြီး)

တကောင်းမြို့မြစ်လောင်းချောင်းကူးတံတားဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

သပိတ်ကျင်း ဖေဖော်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တကောင်းမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ခုနစ်ခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် တကောင်းမြို့မြစ်လောင်းချောင်းကူးတံတား ပြန်လည်ပြုပြင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂ ရက်တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသန်းအောင်က သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ တံတားမှာ အရှည် ၁၅၀ ပေ၊ အကျယ် ၂၀ ပေရှိသည့် သစ်သားတံတားတည်ဆောက်ပြီးစီးမှုနှင့် ဒေသခံတောင်သူဦးကြီးများ ဖြတ်သန်းသွားလာအသုံးပြုနေမှုကို ယင်းနေ့က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသန်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဆန်းမင်းနှင့်အတူ တကောင်းမြို့ အုပ်ချုပ်ရေးမှူး၊ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ဒေသခံတစ်ဦးက ပြောပြရာတွင် ယခင်တံတားကြီးပျက်စီးနေသဖြင့် မြေနုကျွန်းလုပ်ငန်းခွင် ဝင်ချိန်နှင့် ကောက်ပဲသီးနှံ ရိတ်သိမ်းချိန်တို့တွင် များစွာခက်ခဲခဲ့ပြီး အဆင့်ဆင့်သယ်ယူခဲ့ရသဖြင့် အချိန်ကုန် လူပန်းဖြစ်ဖြစ်၍ အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ယခုတံတားကြီးပေါ်မှ လုပ်ငန်းခွင်ဝင်နွားလှည်းများ၊ သီးနှံရိတ်သိမ်း နွားလှည်းများ ဖြတ်သန်းမောင်းနှင်နိုင်ပြီဖြစ်သဖြင့် တံတားကြီးအသစ် ပြန်လည်တည်ဆောက်ပေးမှုအတွက် ဒေသရှိပြည်သူများနှင့် တောင်သူဦးကြီးများအတွက် များစွာအထောက်အကူပြုနိုင်ငံ၍ အဆင်ပြေချောမွေ့ခဲ့ကြောင်း ကျေးရွာသားတစ်ဦးက ပြောသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

ငါးသိုင်းချောင်းမြို့မီးလောင်မှုတွင် ကူညီဆောင်ရွက်ပေးသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ရေကြည် ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းတွင်ဖြစ်ပွားခဲ့သည့် ငါးသိုင်းချောင်းမြို့ မီးလောင်ကျွမ်းမှုဖြစ်စဉ်တွင် မီးငြိမ်းသတ်ရာ၌ စွမ်းစွမ်းတမံကူညီဆောင်ရွက်ပေးကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် ရေကြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်နှင့် ငါးသိုင်းချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းတို့က အမှာစကားပြောကြားခဲ့သည်။

ယင်းဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ၌ မီးငြိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်ပေးကြသည့် ပုသိမ်ခရိုင်၊ ကျုံပျော်၊ ကျောင်းကုန်း၊ လေးမျက်နှာ၊ အိုင်သပြု၊ ကုန်းပြင်၊ အသုတ်၊ ရေကြည်၊ ငါးသိုင်းချောင်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒဏ်ရာရရှိခဲ့သည့် တပ်သားဇော်လတ်နှင့် ရတနာပစ္စည်းများ တွေ့ရှိပေးအပ်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်လေးဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ပွဲကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေး အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

ကြေငြာချက်

ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖောက်လုပ်

သပိတ်ကျင်း ဖေဖော်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ညောင်ရင်းကျေးရွာနှင့် စမွါယ်နဂိုရ်ကျေးရွာချင်းဆက်လမ်းအား ရာသီမရွေးအသုံးပြုသွားလာနိုင်ရန်အတွက် မြေသားလမ်းကြောင်းသစ် (၂/၀) မိုင် ဖောက်လုပ်ခြင်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ သပိတ်ကျင်းမြို့နယ်ခရီးစဉ်တွင် လမ်းညွှန်မှာကြားချက်အရ Royal Design ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေသားလမ်းသစ်ဖောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၃ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ယင်းကျေးရွာချင်းဆက်လမ်းသစ် ဖောက်လုပ်ပြီးစီးပါက တစ်ရွာနှင့်တစ်ရွာ ရာသီမရွေးသွားလာနိုင်ပြီး ဒေသထွက်ကုန်များ လွယ်ကူစွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

သီပေါအမှတ် (၃) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်အဆောက်အအုံဖွင့်

သီပေါ ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အမှတ် (၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက ကျောင်းအဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်နှင့် အ. မ. က (၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းမြင့်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်က ယခုကဲ့သို့ ကျောင်းဆောင်သစ်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားများအပေါ် ထားရှိသည့် စေတနာမေတ္တာဂုဏ်ကျေးဇူးများဖြစ်ကြောင်း၊ နိုင်ငံတော်၏စေတနာကို တုံ့ပြန်သောအားဖြင့် ကျောင်းဆောင်သစ်ကြီး ရေရှည်တည်မြဲရေးအတွက် ကျောင်းသားမိဘများနှင့် ပြည်သူများက ဝိုင်းဝန်းကြည့်ရှုထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အုတ်ကျင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ကျောင်းသားမိဘတစ်ဦးက ကျောင်းဆောင်သစ်ကြီးဆောက်လုပ်ပေးသော နိုင်ငံတော်အစိုးရနှင့် ပညာရေးဌာနတို့ကို ကျေးဇူးတင်လေးစားပါကြောင်းနှင့် ကျောင်းကြီးထာဝရတည်တံ့ပြီး ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကြီးမှာ အလျား ပေ၁၂၀ နှင့် အနံ ပေ ၃၀ရှိ သံပေါင်အုတ်ညှပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ် ၄၃၂ သိန်းကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် နှမ်းစပါး အထူးအထွက်တိုးဇုန် သတ်မှတ်ဆောင်ရွက်

နတ်မောက်၊ ဖေဖော်ဝါရီ ၇

ယခုနှစ်တွင် ကျောက်တခါးတမံဆည်ရေဖြင့် စိုက်ဧရိယာ ၁၅၀ ဧကကိုသာ နှမ်းစပါးစိုက်ပျိုးနိုင်မည်ဖြစ်ပြီး တစ်ဧကတင်း ၂၀၀ အထက်ရရှိနိုင်မည့် အထူးအထွက်ကောင်း ပုလဲသွယ် (စပ်မျိုးစပါး) တစ်ဆက်တစ်စပ်တည်း အထူးအထွက်တိုးဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်သည် ဒေသ၏ရေမြေသဘာဝအရ မိုးကောင်းသောက်လယ်မြေများပြားပြီး ဆန်စပါးထုတ်လုပ်မှုနှင့် ဝမ်းစာ(ဆန်)ဖူလုံမှု လိုအပ်လျက်ရှိကြောင်း သိရသည်။

ယင်းဒေသတွင် မိုးစပါးစိုက်ဧရိယာများနှင့် နှမ်းစပါးဆည်ရေသောက်စိုက်ဧရိယာများ လျော့နည်းခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖြည့်တင်းနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးဝန်ထမ်းများသည် လုပ်ငန်းစွမ်းရည်အပြည့်အဝ အားထုတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်စပါးပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဆက်စပ်ဌာနများနှင့်အတူ ပညာပေးကွင်းဆင်းဆောင်ရွက်ခြင်း၊ လိုအပ်မျိုးစေ့များ တောင်သူများ၏လက်ဝယ်အရောက် ဖြန့်ဖြူးပေးခြင်း သိပ္ပံနည်းကျ (GAP) စိုက်ပျိုးနည်းစနစ်အား လက်တွေ့လိုက်နာ ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့်ပံ့ပိုးဖြည့်ဆည်းမှုများနှင့်အတူ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။ **လှဝင်း**



ကျောက်ခွက်ရေနံမြေဧရိယာအတွင်းပါဝင်သော တောင်သူများအား နစ်နာမှုအတွက် မြေယာနှင့် သီးနှံလျော်ကြေးများ ပေးအပ်

မြိုင် ဖေဖော်ဝါရီ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်ရေနံမြေအတွက် အသုံးပြုခဲ့သည့် ဒေသခံတောင်သူများ၏ မြေယာသီးနှံနစ်နာမှုများအတွက် လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ရေနံမြေဧရိယာတွင်ပါဝင်သော တောင်သူ ၁၀ ဦး၏ မြေဧရိယာ ၄ ဒသမ ၂၅ ဧကအတွက် မြေယာလျော်ကြေးငွေ ၁၇၁၇၅၀၀၀ ကျပ်၊ သီးနှံလျော်ကြေး ၁၃၆၁၆၀၉၂ ကျပ် စုစုပေါင်း ၃၀၇၉၁၀၉၂ ကျပ်ကို ဒေသခံတောင်သူများထံ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထန်လျန်မန်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ကျောက်ခွက်ရေနံမြေ အင်ဂျင်နီယာချုပ် ဦးလှဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကွန်းလပ်ကျေးရွာအုပ်စု၊ တောင်စုံကျေးရွာအုပ်စု၊ ဆင်စိန်ကျေးရွာအုပ်စုတို့မှ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့နှင့် ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**



BMW EfficientDynamics
Less consumption. More driving pleasure.
BMW 7 Series
THE EXCITING WORLD OF BMW AWAITS YOU.
THE BMW 7 SERIES AND BMW 5 SERIES.
The perfect expression of elegance and power rarely comes with an irresistible offer that thrills the heart.
For a limited time, receive exclusive deals, save up to 20% off on BMW ASEAN Summit programme cars as well as 3 years Warranty and 3 years Maintenance Service package.
Or enjoy preferential rates on the BMW 7 Series and BMW 5 Series - range of customisations with the finest details to reflect your distinguished style.
Visit Prestige Automobiles or call +95 (1) 230 6133 to reserve your test drive today.
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

68 RESIDENCE CONDOMINIUM
WE DEFINE LIFESTYLE
UNITED GP
SOMERSET SERVICED RESIDENCE
More than
84%
Sold Out
Lucky Draw Program
&
Special Promotion Package
INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
DUAL KEY SYSTEM UNIT
LOW E-GLASS SYSTEM
DUPLEX SYSTEM
SMART HOME SYSTEM
FINGER PRINT ACCESS SYSTEM
PARTNERS
ZONE
SOMERSET
1st Prize
2nd Prize
3rd Prize
CONDOMINIUM
BMW 528 BRAND NEW
GIA(3)
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY

[illegible]

G.G.G (၁၁)နှစ်မြောက် မိတ်ဆုံစားပွဲနှင့် (၅၆)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲ

G.G.G ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအပတ်စဉ်တိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံးနှင့် ဧည့်သည်တော်များ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၂-၂-၂၀၁၅ရက် (ပြည်ထောင်စုနေ့)

နေရာ - တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)

TEE OFF - ၁၀း၀၀နာရီ

ဖုန်း ၀၉-၇၃၀၀၅၉၈၉၊ ၀၉-၂၅၄၄၁၀၁၉၉၊ ၀၉-၂၅၀၀၆၈၀၈၆

ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်) အခါးရည်ဝိုင်း ကျင်းပမည်

၁၂-၂-၂၀၁၅ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ဓနုတိုင်းရင်းသားဓမ္မာရုံ၌ အခါးရည်ဝိုင်းကို ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားနှင့် မိသားစုဝင်များ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ရိုးရာအစားအစာ၊ ကောက်ညှင်းပေါင်း၊ အကြော်စုံ၊ အခါးရည်၊ ယာကုနီများဖြင့် ဧည့်ခံပါမည်။

ကြားတောရလမ်း၊ မြို့မရပ်၊ ဗဟန်း၊ ဓနုတိုင်းရင်းသားဓမ္မာရုံ၊ ဖုန်း-၀၁-၃၈၃၇၃၃

အမှုဆောင်အဖွဲ့

562829, 09-73198239
569782, 09-450006779

GOLDEN STAR Travels & Tours

Ph: 379200, 544383, 450480, 703448, 705968, 09-5081580

အလုပ်ပြင်ဆိုင်သုံး လျှော်စင်နှင့်ပစ္စည်းစုံ ရောင်းရန်ရှိသည်။

Ph:09-252541155

အမှားပြင်ဆင်ချက်ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၉-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၃)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆) ဆေးစက်ဟု ဖော်ပြခဲ့ခြင်းအစား မြေတိုင်းရပ်ကွက်(၁၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

Ph.D(Tantra & Sastra)(Kol-India)

အမည်ပြောင်း မင်္ဂလာဒုံမြို့နယ်၊ အထက(၂)၊ သူငယ်တန်း(ဂ)မှ ဦးအောင်မင်းဦး[၁၂/ဒဂန(နိုင်)၀၂၉၁၆၉]၏သမီးဖြစ်သူ မချမ်းမြေ့ချိုအား မသွန်းနှင်းစံဟု ပြောင်းလဲခေါ်ဆိုပါရန်။
မသွန်းနှင်းစံ

အမည်မှန် မင်္ဂလာဒုံ အထက(၁)ဒသမတန်း(A)တွင် ပညာသင်ကြားနေသော အဖ ဦးအောင်ဇော်ဦး[၁၂/မဂဒ(နိုင်)၀၂၀၄၇၆]၏ သမီးအမည်မှန်မှာ မဝင်းဝင်းထွေး ဖြစ်ပါကြောင်း။

မသုန္ဒရီဟိန်းထက်(ခ)သဲသဲတုံ့အတွက် မွေးနေ့ဆုတောင်း

၈-၂-၂၀၁၅ရက်တွင် ကျရောက်သော ချစ်သမီးလေး မသုန္ဒရီဟိန်းထက်(ခ)သဲသဲတုံ၏ (၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုး သယ်ပိုးထမ်းရွက်နိုင်သော သမီးလှရတနာဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများ
ဖေဖေ-ဦးဟိန်းထက်အောင်(ခ)စိုင်းစိုင်း-မေမေဒေါ်ထက်ဇေရီ
ဦးဦး-ဗိုလ်ကြီးဝေယံမင်းထွန်း(ငြိမ်း)-အန်တီဒေါ်မေလဲ့ဟိန်း
အစ်ကို-မောင်မင်းဟိန်းခန့်(ခ)Key Key

မိခင်နှင့်ဖခင်အမည်မှန်

လှိုင်သာယာ၊ အထက(၂)၊ ပဉ္စမတန်း (A)၌ ပညာသင်ကြားနေသော မထွန်းအိန္ဒြာလင်း၏ ဖခင်နှင့်မိခင်အမည်မှန်မှာ ဦးမင်းမင်းဦး[၁၂/အစန(နိုင်)၂၀၀၇၈၈]နှင့် ဒေါ်အိအိခိုင် [၁၂/အလန(နိုင်) ၀၃၄၁၆၁] ဖြစ်ပါကြောင်း။

ဦးမင်းမင်းဦး၊ ဒေါ်အိအိခိုင်

ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထက ရေဆင်း နဝမတန်းတွင် တက်ရောက် ပညာသင်ကြားနေသော မောင်ဇင်မင်းသန့်နှင့် အမက ရွာသစ် စတုတ္ထတန်းနေ မအိမွန်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဌေးကိုကို[၉/ပမန(နိုင်)၁၁၉၇၀၀] ဖြစ်ပါသည်။

ဦးဌေးကိုကို[၉/ပမန(နိုင်)၁၁၉၇၀၀]



လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် ဒေါက်တာကျော်ဝင်း မန္တလေးမြို့မန်းမြေရာဇာကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး၊ ဥက္ကဋ္ဌ)အား ၂၀၁၅ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် **"သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း(ဗဟို)

မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ကြီး)၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး(ထားဝယ်)၊ ပဲခူးတိုင်းဒေသကြီး (ပဲခူး)၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တာချီလိတ်)၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း(ပြည်)၊ ရှမ်းပြည်နယ်မြောက်ပိုင်း(လားရှိုး)၊ တနင်္သာရီတိုင်းဒေသကြီး(မြိတ်)၊ ကယားပြည်နယ်(လွိုင်ကော်)၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်။

မင်္ဂလာရက်မြတ်ဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးစိုးမြင့်အောင်**(ငြိမ်း)နှင့် ချစ်မေမေ **ဒေါ်အိအိခိုင်**(ရွှေယုန်မင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)တို့၏ ၈-၂-၂၀၁၅ ရက်တွင် ကျရောက်သည့် (၁၂)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်လာမည့် နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝ၏ အောင်မြင်သော နေ့ရက်များစွာကို ရရှိပိုင်ဆိုင်ပြီး လူမှုလောကအကျိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သား - မောင်ဇင်မင်းထွန်း T.T.C (လှိုင်)
သမီး - မမြင့်သန္တာထွန်း T.T.C (လှိုင်)

ကုဏ္ဍိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်း

သူဇာချမ်းသာ အင်္ဂလိပ်စာ

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Speaking
01-375970, 0951 72098, 0925 4041441

မအူပင် GTI/GTC/TU ကျောင်းသား/ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

မအူပင်GTI/GTC/TUကျောင်းသား/ကျောင်းသူဟောင်းများအသင်းမှ ကြီးမှူးကျင်းပမည့် မအူပင်GTI/GTC/TU ကျောင်းတွင် ပညာသင်နှစ် (၁၉၉၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း) သင်ကြားရေးတာဝန် ထမ်းဆောင်ခဲ့ကြသော ကျေးဇူးရှင် ဆရာ/ဆရာမကြီးများအား ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲအား ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက် (ပြည်ထောင်စုနေ့) ကြာသပတေးနေ့ နံနက် ၁၀နာရီမှ ၁၂ နာရီအတွင်း မအူပင်မြို့၊ ရွှေဘုန်းမြင့်ဘုရားကြီးအနီးရှိ မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်း ညီအစ်ကိုမောင်နှမအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မအူပင်သို့ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း စင်းလုံးငှား(၃)ထပ်သဘော်ဖြင့် နေ့ချင်းပြန် သွားရောက်မည်ဖြစ်ပြီး အခမဲ့လိုက်ပါနိုင်ပါသည်။

(အကျွေးအမွေးနှင့် ဖျော်ဖြေရေးတီးဝိုင်းအစီအစဉ်များ ပါရှိပါမည်။)

ရန်ကုန်မှထွက်ခွာမည့်နေရာ - မော်တင်သဘော်ဆိပ်၊ ဆိပ်ခံတံတား၊ လမ်းမတော်
အချိန် - နံနက် ၅း၃၀ နာရီအရောက်
နံနက် ၆ နာရီ ဆိပ်ခံတံတားမှ သဘော်ထွက်ခွာပါမည်။

မအူပင်မှပြန်လည်ထွက်ခွာမည့်အစီအစဉ်

နေရာ - နာရီစင် ဇရာဝတီဆိပ်ခံတံတား
အချိန် - မွန်းလွဲ ၂း၃၀ နာရီအရောက်
၃နာရီ ဆိပ်ခံတံတားမှ သဘော်ထွက်ခွာပါမည်။

ဆက်သွယ်ရန်	ကိုဝင်းမော်သိန်း (ကိုမော်ကြီး)	Ph:09-73079837
	ကိုမြင့်ကြူ	Ph:09-73093256
	ကိုအောင်ကျော်စိန်(ကိုလတ်ကြီး)	Ph:09-31855515
	ကိုအောင်ကျော်စွာဝင်း(ကိုဂျပိုး)	Ph:09-5182301

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

23 မဆလ

Glory Hope
EPS - TOPIK

ဝန်ထမ်းအလိုရှိသည်
Billboard Marketing Staff
လစာကောင်း။ Commission ကောင်း။
Ph:09 420274496

စိန်ရှယ်ရီ

မောင်စိန်ဝင်း
အချစ်ကဗျာစုစည်းမှု

ခွေးရောင်းရန်ရှိသည်

Rottweiler
Larbrador
Pekingese

အင်းခွေးသားပေါက် ရောင်းရန်ရှိသည်။
Ph:09-425330828, 09-261350595

ခွေးရောင်းမည်

Toy poodle - 2-လ
Golden Retriever - 2-လ
Spaniel - 2လ

နိုင်ငံခြားခွေးမျိုးစုံ အော်ဒါမှာယူနိုင်သည်။
Ph:09-73115356

ကြော်ငြာ

Physics(74-78) ကျောင်းသား/သူများ၏ ဆဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲ

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် Physics (74-78) ကျောင်းသား/ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်(စနေနေ့)
ကျင်းပမည့်အချိန် ။ ။ ညနေ ၅:၀၀ နာရီ
ကျင်းပမည့်နေရာ ။ ။ PANDA HOTEL ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

B.L.T Travels
ကျိုက်ထီးရိုး 8000
ရွှေမော်ဓော 13000
09-7319353 ...

ထူးချွန် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်အကျဉ်း

★ မြန်မာစာကျူရှင်
★ အင်္ဂလိပ်စာကျူရှင်
★ သင်္ချာကျူရှင်
★ ရူပဗေဒကျူရှင်
★ ဓါတုဗေဒကျူရှင်
★ ဇီဝဗေဒကျူရှင်
★ ဘောဂဗေဒကျူရှင်

AIESEC & MPDC Global Exchange Leadership Development

- ကမ္ဘာတစ်ဝန်းရှိ အရည်အချင်းရှိ လူငယ်များဖြင့် ဖွဲ့စည်းထားသော AIESEC အဖွဲ့အစည်းနှင့် MPDC တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ လူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးကောင်းများ ရရှိနိုင်မည့် Leadership Program ကို MPDC တွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်တွင် စတင်ဖွင့်လှစ်တော့မည် ဖြစ်ပါသည်။
- သင်တန်းကာလမှာ (၄)လကြာမြင့်မည်ဖြစ်ပြီး နိုင်ငံတကာအတွေ့အကြုံရှိ ဆရာတစ်ဦးမှ စာတွေ့၊ လက်တွေ့သင်ကြားပေးမည့်အပြင် နိုင်ငံတကာအတွေ့အကြုံရရှိနိုင်သော Internship Program လည်း ပါဝင်မည်ဖြစ်သည်။
- **ဆက်သွယ်ရန်**

MPDC Campus: အဆောင်(၁၅)၊ မြေညီထပ်၊ မြန်မာအင်ဖိုတက်၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Email.sandra@newklink.com.

ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇၊ ၀၉-၇၃၁၀၀၇၈၅၊ ၀၉-၄၂၀၁၁၄၅၀၁၊ ၀၉-၂၅၆၀၄၆၉၁၉

7Stars PGDMA (16)
09-49282366, 09-421052736, 09-799860155

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G-6443 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်း ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှေသာကြီး)

သွေးသည်အသက်

Future Wave
ဘဝအောင်မြင်ရေးဖွံ့ဖြိုးရည်မြင့်သင်တန်း
09 797 838 078, 09 421 045 779

THIT SAN MEDIA SCHOOL နှင့် Myanmar Media Arts
Diploma In Myanmar Media Arts (Dip.MMA)

ငှားမည်

- (210)မြေညီ၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- (209)မြေညီ၊ ၃၇ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- (201)၊ 3 လွှာ၊ ၄၀ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

Ph:09-5105289,09-5173992

မြေကွက်ကျယ်ရောင်းမည်

ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ်၊ စံချိန်မှီ(၁)ရပ်ကွက်၊ ပတ်လမ်းမပေါ် (40'x60') ခြောက်ကွက်တွဲ (240' x 60')၊ အဆောက်အအုံ(၂)လုံးပါ (ပါမစ်)မြေကွက် ကျယ်ရောင်းမည်။

သိန်း(၁၉၀၀)
Ph:09-5000438, 09-5174219

ROSE HILL HOSPITAL

အမှတ်(၂၀-A)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၅၈၄၀၁၊ ၅၅၂၅၄၇

(1) M.B.,B.S ဘွဲ့ရ	(၃)ဦး
(2) Trained Nurse [B.N.Sc (OR) Dip Nursing]	ကျား/မ(၃)ဦး
(3) Cashier ဘွဲ့ရ	မ (၃)ဦး
(4) B.Pharm ဘွဲ့ရ	မ (၅)ဦး
(5) ဆရာဝန်အကူ (ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဆင်း)	မ (၂)ဦး
(6) သန့်ရှင်းရေး	မ (၂)ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ (၁၀)ရက်အတွင်း ရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန် လိပ်စာ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြော်ငြာ



(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
မောင်ထက်အောင်ကျော်

အသက်(၂၀)

B.Tech 1st Year (မှော်ဘီနည်းပညာတက္ကသိုလ်)

(၈-၂-၂၀၁၁ - ၈-၂-၂၀၁၅)

ချစ်သားလေးရေ. . . မိသားစုနှင့်မမျှော်လင့်ဘဲ ခွဲခွာသွားတာ ဒီနေ့(၄)နှစ်ပြည့်ခဲ့ပြီ၊ သားလေးလူ့ပြည်မှာ ရက်ပေါင်း(၇၀၉၂)ရက်၊ ၁၉ နှစ် ၅ လတိတိ နေထိုင်သွားပြီး သွေးလျူဒါန်းသွားခဲ့တဲ့ သူတော်ကောင်းလေးရယ်. .

တစ်နေ့တစ်ရက်မှ မမေ့နိုင်ဘဲ လွမ်းဆွတ်သတိရကြေကွဲလျက်ပါ၊ ရင်ထဲမှာ မချိအောင်နာနေဆဲပါ။ ဘဝသံသရာအဆက်ဆက် ဒီလိုအဖြစ်ဆိုးမျိုးနဲ့မကြုံရပါစေနဲ့၊ သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်းတွေနဲ့ ကြုံတွေ့ရပါစေ။

ဂစ်တာတီးပြီး သားသီးချင်းဆိုနေတော မြင်ယောင်မိနေတယ် ချစ်သားလေးရယ်. . .

ဒီလိုသားလေးဘယ်မှာရှာရမလဲ. . . အရမ်းဝမ်းနည်းကြေကွဲရတယ်. .

မေမေ့ရင်ထဲမှာ ငိုနေရပြီချစ်သားလေးရယ်. .

သားလေးအတွက် ရည်စူးပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုကို မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ. . ချစ်သားလေးရေ. . အမျှ. . အမျှ. . အမျှ

ချစ်ဒယ်ဒီ - Dr.ကျော်မြတ်သူ
ချစ်မေမေ - ဒေါ်မာလာချစ် B.A(Hist)
ချစ်ကိုကြီး - ကိုရဲဘုန်းစိန်(LL.B)

ဓမ္မသံဝေဂဖြစ်ပွားခြင်း
ဘဒ္ဒန္တလာဘဇောတိ

သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၉)နှစ်
မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်
သာယာဝတီမြို့နယ်၊ သာယာဝတီခရိုင်
(ကျိုက်ထိုပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာန နာယကဆရာတော်)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့ ကျိုက်ထိုဇောတိကာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ၊ အ. ထ. က(၁) မြောက်ဥက္ကလာပမြို့နယ်၊ ကျောင်းသားဟောင်း ဆရာတော် ဘဒ္ဒန္တလာဘဇောတိ မဟာထေရ်မြတ်သည် ၃-၂-၂၀၁၅ ရက်(အင်္ဂါနေ့) နံနက် ၉း၅၀ နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူသွားကြောင်း သိရှိရသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းသားဟောင်းများအသင်း၊ အ. ထ. က(၁)မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

ငှားရန်ရှိသည်

ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ နေသီဟကွန်ဒို(၉လွှာ)၊ ပေ(၅၀×၅၀)၊ အိပ်ခန်း (၄)ခန်း၊ (2.MBR, 2.BR, ဧည့်ခန်းကျယ်)၊ ပါကေးခင်း၊ အခန်းဖွဲ့ပြင်ဆင်ပြီး 5.AC၊ ဖုန်း၊ ရေ၊ မီး၊ ဓာတ်လှေကား၊ လုံခြုံရေး ၂၄ နာရီရှိ။

ဆက်သွယ်ရန် Ph-09-8303999,09-5006897

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်ခိုင်[၁၄/မဟပ (နိုင်) ၀၂၃၂၄၁] ၏Mitsubishi (Minicab) Chasis No. U 61T-0904278-2004 model ၏ ID No.785946 Date 10-10-2014, Permit, Export Certificate, Custom Statement နှင့်ကားဓာတ်ပုံပါ စာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၃၁၀၃၉

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်စောသိန်း(ရေကြည်) အသက်(၈၀)

၂၇-၁-၂၀၁၅(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသော မိခင်ကြီး ဒေါ်စောသိန်း နာမကျန်းဖြစ်စဉ် ဆေးဝါးကုသပေးပါသော အာရှတော်ဝင်ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ လူနာသတင်းမေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ DELIGHT ရုံးမှလုပ်ဖော်ကိုင်ဖက်များ၊ နယ်သို့နာရေးလိုက်ပါပို့ဆောင်သော DELIGHT အဖွဲ့သားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ သတင်းစာနှင့်ဖုန်း email,facebook မှတစ်ဆင့် ဝမ်းနည်းကြောင်းပေးပို့သော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ သက်န်းနှင့်လှူဖွယ်ပစ္စည်းအစုံစုံကို ပေးပို့လှူဒါန်းပါသော မိတ်ဆွေများနှင့် သူငယ်ချင်းအပေါင်းအသင်းအားလုံးကို အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

စာအုပ်စာပေ လှူမိတ်ဆွေ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြောက်ဒဂုံ 32 တိုးချဲ့၊ တော်ဝင်လမ်းသွယ် ၁ လမ်း၊ (40' x 60') နောက်မြေပိုပေ 30 ပါ။

ဆိတ်ငြိမ်ရပ်ကွက် သိန်း 2200

Ph:09-799872500

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်-၅၂၊ သီတာလမ်း၊ သီတာရပ်ကွက်နေ ဒေါ်မေမေအောင်သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ၈၅ ရပ်ကွက်၊ အမှတ် ၁၇၁၈၊ (၄၀'×၆၀')မြေချပါမစ်မူရင်းပျောက်ဆုံးသွားသဖြင့် ဂရန်အသစ်ပြန်လည်လျှောက်ထားသည်ကို ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မေမေအောင်(ခ)မေပု

ခြံရောင်းမည်

မှော်ဘီမြို့၊ တိုးချဲ့(၂)ရပ်ကွက် ရန်ကုန်ပြည်လမ်းအနီး 60' x 80'၊ နှစ်ထပ်အိမ်တစ်လုံးပါ၊ ရေမီးစုံ၊ ဂရန်မြေ၊ ညှိနှိုင်းဈေး

ph:094201047281, 09799437698

သွေးသည်အသက်

အာရှအောင်မြင်ဖွံ့ဖြိုးမှု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
ASIA BOOM Construction CO.,LTD.

အစုရှင်ဆန္ဒအလျောက် ဖျက်သိမ်းဆဲနောက်ဆုံးအစည်းအဝေးဖိတ်ကြားလွှာ

၎င်းကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် နောက်ဆုံးအစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နောက်ဆုံးအစည်းအဝေးကျင်းပမည့်ရက် - ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်
နောက်ဆုံးအစည်းအဝေးကျင်းပမည့်အချိန် - နံနက် ၉း၃၀ နာရီ
နောက်ဆုံးအစည်းအဝေးကျင်းပမည့်နေရာ - ကုမ္ပဏီရုံးခန်း

ဦးမြတ်လွင်မိုး(B.Com(Q)C.PA)၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒေါ်အေးအေးငွေ(သူနာပြုဆရာမ)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

မိသားစုအပေါ်တာဝန်ကျေခဲ့သော သမီးကြီး ခွဲခွာသွားသည်မှာ (၁)နှစ်ပြည့်ခဲ့သော်လည်း နေ့စဉ်သတိတရရှိနေကြဆဲပါ။ သမီးကြီးအတွက်ရည်စူးပြီး (၁)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၈-၂-၂၀၁၅ ရက်တွင် သံဃာတော်များအား ဆွမ်းဝတ္တုလှူဒါန်းခြင်း၊ အလှူဒါနပြုလုပ်မည်ဖြစ်သည့်အတွက် ရောက်လေရာအရပ်မှ သာဓုခေါ်ဆိုနိုင်ပါစေ။ သမီးကြီးရေ-အမျှ-အမျှ-အမျှ---

ကျန်ရစ်ခဲ့သောမိသားစုများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ဂျီ)၊ မြေကွက်အမှတ် V ၁၃၊ မြေကွက်တည်နေရာအမှတ်(၁၃)၊ ၁၃၃ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးမြင့်စိုး၊ ဒေါ်သိန်းသိန်း(ခ)ဒေါ်သန်းသန်းငွေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းသန်းငွေ ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက်သူ ဦးမြင့်စိုး[၁၂/တမန(နိုင်)၀၄၉၈၉၈]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ်(၁၃၀၂/ခ)၊ (အလျားပေ ၂၀ × အနံပေ ၆၀) အကျယ်အဝန်းရှိသော မြေကွက်နှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၈)ရပ်ကွက်၊ ငစိန်လမ်း၊ အမှတ်(၃၀၅/က)နေ ဦးစိုးရာဇာထွေး[၁၂/လမန(နိုင်)၁၃၅၄၆၀]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

၂၇-၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၉)ပါ ကြေညာချက်အား ထပ်မံအတည်ပြုပါသည်။

အထက်ဖော်ပြပါ မြေကွက်ကို ဦးစိုးရာဇာထွေးမှ သက်သေအထောက်ထား အခိုင်အမာတို့ဖြင့် ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာဌာနတို့မှ အိမ်ဆောက်ရန် ခွင့်ပြုချက်များလည်း ရရှိခဲ့ပြီး ဖြစ်ပါသည်။ မိမိပိုင်ဝယ်ယူထားသော မြေကွက်ကို မြေတိုင်းတာရန် သွားသောအခါ ဦးသန်းဝင်း[၁၂/ပဇတ(နိုင်)၀၁၅၉၉၁]အမည်ချိတ်ဆွဲ၍ ခြံကာရံ**(အိမ်ဆောက်လုပ်ထားခြင်းမရှိ)** ထားသည်ကို တွေ့ရှိသဖြင့် ဓာတ်ပုံရိုက်ခဲ့ပြီး သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနအသီးသီးသို့ အကြောင်းကြားစာများ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၄-၂-၂၀၁၅ ရက်တွင် ဦးစိုးရာဇာထွေးမှ ၎င်းပိုင်မြေကွက်သို့ သွားရောက်ကြည့်ရှုသောအခါ နေအိမ်ဆောက်လုပ်ထားသည်ကို တွေ့ရှိရပါသဖြင့် ဓာတ်ပုံမှတ်တမ်းရိုက်ယူကာ သက်ဆိုင်ရာအဖွဲ့အစည်း၊ ရုံးဌာနအသီးသီးသို့ အကြောင်းကြားစာ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ၄-၂-၂၀၁၅ ရက်မှစ၍ ဦးစိုးရာဇာထွေး တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်အမှန်အကန် ပိုင်ဆိုင်မှုရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲတရားဥပဒေအရလည်းကောင်း ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စမ်းစမ်းမေ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၇၈)
အမှတ်(၁၇)၊ ၆၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၈၂၁၅၂၂၀

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ချစ်စိန်

အသက်(၉၁)နှစ်

ရန်ကုန်ကလေးဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးသိန်းထွန်းနှင့် ဒေါ်ညွန့်ညွန့်ရှိန်တို့၏မိခင်ကြီး ဒေါ်ချစ်စိန်(၉၁)နှစ်သည် ၄-၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ/ဌာနမှူးနှင့် ဆရာဝန်ကြီးများ
ဆေးရုံအုပ်၊ လက်ထောက်ဆေးရုံအုပ်များ
သူနာပြုအုပ်၊ သူနာပြုဆရာမများ၊ ရုံးဝန်ထမ်းများ
ရန်ကုန်ကလေးဆေးရုံကြီးဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းမော် အသက်(၆၇)နှစ်

B.E(Elec) (64'Intake RIT)

သူငယ်ချင်း ဦးဝင်းမော်သည် ၃-၂-၂၀၁၅ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၆၄ နှင့် ၁၉၆၅ ပထမနှစ်
ရန်ကုန်စက်မှုတက္ကသိုလ်
ကျောင်းသူ/သားဟောင်း သူငယ်ချင်းများ



(၁)နှစ် (၁၀)လ (၁၉)ရက်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးတင်ရွှေ(အသက် ၇၆နှစ်)

(ရုံးအုပ်-ငြိမ်း)၊ E.P.C ရေအားလျှပ်စစ်

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
ကိုဆန်းမင်းသူ(ခ)ကိုဖိုးရှမ်း

အသက်(၄၂)နှစ်

(၈-၂-၂၀၁၄ - ၈-၂-၂၀၁၅)

ကျေးဇူးရှင်ဖခင်ကြီးနှင့်သား မိသားစုနှင့်ခွဲခွာသွားသည်မှာ နှစ်လကြာသော်လည်း နေ့စဉ်လွမ်းဆွတ်သတိရဆဲပါ။ ဖခင်ကြီးနှင့်သားအား ရည်စူး၍ သံဃာတော်များ လစဉ်ဆွမ်းဝတ္ထုလှူဒါန်းမှု ကုသိုလ်ကောင်းမှုအစုစုကို ကြားသိခံစားနိုင်ကြပါစေ။

အမျှ---အမျှ---အမျှ----

မိခင်ကြီးဒေါ်မြင့်မြင့်နှင့်သားများ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၄ လမ်း၊ ၃၆ လမ်းနေ ဦးအောင်နိုင်[၉/မရတ(နိုင်)၀၆၃၈၉၃]-ဒေါ်သက်သက်မော်[၁၂/တမန(နိုင်)၀၀၃၇၂၃]တို့၏သား မောင်ကျော်မင်းနိုင်[၁၂/စခန(နိုင်)၀၇၆၀၈၉]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးအောင်နိုင်-ဒေါ်သက်သက်မော်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် (၁၃)နေ ဒေါ်မျိုးမျိုးခိုင်၏သား မောင်သော်တာအောင်[၁၂/မရက(နိုင်)၁၅၆၃၅၂]သည် မိခင်နှင့်ဆွေမျိုးများ သိက္ခာကျစေရန် ခွင့်မလွှတ်နိုင်သောကိစ္စကို အကြိမ်ကြိမ်ပြုမူခဲ့၍ ၎င်းအား သားအဖြစ်မှအမွေပြတ် အပြီးအပိုင်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဒေါ်မျိုးမျိုးခိုင်[၁၂/မရက(နိုင်)၁၃၇၄၀၂]
Ph:09-790134263

ကြော်ငြာ

ဒေါ်စန်းတင်
အသက်(၈၂)နှစ်
ဝါးခယ်မ(သရက်တော)
မော်လမြိုင်ကျွန်း

ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၃၇၆/ခ)၊ သမိန်ဗရမ်းလမ်း၊ (ဗိုလ်စောဦးပန်းခြံ)နေ (ဆရာဦးဘမော်-ဒေါ်စိန်မြင့်)တို့၏သမီးကြီး၊ ဦးခင်ချို (စိုက်ပျိုးရေး)၊ ဒေါ်ခင်နွဲ့(မြို့ဦး ဘ/က) တို့၏ချစ်လှစွာသောအစ်မကြီးသည် ၆-၂-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု

ဒေါ်စောဝင်း (၇၁)နှစ်
(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ကကင္ဘ)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမ အရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ် (၉)၊ ခြံအမှတ် (၂၀၀)နေ (ဦးကြင်-ဒေါ်သင်းလှ)တို့၏သမီး၊ ဦးအောင်မင်း-ဒေါ်ခင်တီတို့၏ညီမ၊ ဦးကျော်ဇံဖြူ (ဦးစီးအရာရှိ ငြိမ်း)-ဒေါ်စန်းယုံ(ဦးစီးအရာရှိ ငြိမ်း)၊ ဒေါ်ဘေဘီဆွေ(ခရိုင် စာရင်းစစ်အရာရှိ ငြိမ်း)၊ ဦးခင်ဇော်-ဒေါ်လှမြင့်တို့၏အစ်မ၊ (ဦးမင်းညို)၊ ဦးသန်းဇော် (Pacific Electric Co., Ltd.)-ဒေါ်တည်တည်အုန်း [EE အ-ဆ-ည (ထက်)]၊ တကက/စရ ဦးအောင်မျိုးဇော်-ဒေါ်စုစုလှိုင် (ရုံးအုပ်၊ လပခ-ငွေ)တို့၏မိခင်၊ ဦးအုန်းသာ၏ ချစ်လှစွာသောဇနီးသည် ၇-၂-၂၀၁၅ (စနေနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၅ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်ဦး (၆၅)နှစ်
ငွေစာရင်းအရာရှိ(ငြိမ်း)၊
ဆောက်လုပ်ရေးဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်နေ (ဦးကျော်သန်း-ဒေါ်အေးရီ)တို့၏သားကြီး၊ ဦးသန်းထွန်း(ခ)ဦးငွေသိန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်မူမူ (အထက-၁၊ မင်္ဂလာတောင်ညွန့် ငြိမ်း)၊ (ရဲအုပ်ဦးမြသွင်)-ဒေါ်သန်းသန်းဌေး (အထက-၁၊ မြောက်ဥက္ကလာပ)၊ ဦးကျော်တင့်-ဒေါ်ရီရီဌေး(စိုက်/သပ္ပံကျောင်းအုပ်ကြီး၊ ပွင့်ဖြူမြို့နယ်)၊ ဦးခွန်မြင့်သန်း-ဒေါ်အေးအေးသန်းတို့၏ အစ်ကိုကြီး၊ ဦးဝင်းကျော်မျိုး-ဒေါ်ဝင်းသူမွန်၊ မကြော့ခိုင်မွန်၊ မရည်မွန်မြသွင်၊ ဗိုလ်ကြီးပြည့်ဖေဦး၊ မကြော့ကေခိုင်မြသွင်၊ မရွှေရည်နှင်းဆုစံ၊ မောင်ခွန်ဟန်ဖေဦး၊ မောင်အောင်ဆက်ပိုင်တို့၏ ဘကြီး၊ မအင်ကြင်းခင်၏ဘိုးဘိုးကြီး ဦးတင်ဦးသည် ၇-၂-၂၀၁၅(စနေနေ့) နံနက် ၁း၃၀နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၉-၂-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၅(သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၃၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မြမြသွင်
အသက်(၈၈)နှစ်

အမှတ်(၉)၊ လေးလွှာ၊ သူကြွယ်လမ်း၊ မလွှကုန်း၊ ဌေးကြွယ် (က) ရပ်ကွက်နေ [ဦးမျိုးသွင် (မော်ကွန်းဝင် ဒုတိယဆင့်)]၏ဇနီး၊ (ဦးလှမြင့်-ဒေါ်ကြည်ကြည်)၊ (ဦးသန်းမောင်-ဒေါ်ခင်ခင်)တို့၏အစ်မကြီး၊ (ဦးစိန်ဝင်းအောင်)-ဒေါ်ခင်မေသွင်၊ (ဒေါ်ခင်မာသွင်)၊ ဒေါ်မီမီသွင်၊ ဦးမျိုးသူရ-ဒေါ်မြင့်မြင့်စိန်၊ (ဦးမျိုးထင်ကျော်)တို့၏မိခင်ကြီး၊ ကိုအောင်သူရ-မခင်မာလာပုလဲ၊ ကိုအောင်မိုးမြင့်-မတင်ဇာမျိုးတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွား ဒေါ်မြမြသွင်သည် ၆-၂-၂၀၁၅ (သောကြာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၅(စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး
ဦးကိုကိုကြီး(ပြည်) (၇၉)နှစ်
ဌာနစုမှူး(ငြိမ်း)
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်မြို့နေ (ဦးကြင်-ဒေါ်သိန်းတင်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ အင်ပူလမ်း၊ အမှတ်(၂၃)နေ ဒေါ်မိမိကြီး၏ခင်ပွန်း၊ ဦးယဉ်ထွန်း(Myanmar Integrated Consulting)-ဒေါ်မိုးစန္ဒာအောင်၊ ဦးသန့်စင် (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-Dr. နန်းမြတ်စိုး(ရေကြောင်းပညာတက္ကသိုလ်)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်စိုးဝဏ္ဏထွန်း၏အဘိုးသည် ၆-၂-၂၀၁၅ (သောကြာနေ့) ည ၁၀း၅၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်လှိုင် (၅၉)နှစ်
အလယ်တန်းပြဆရာမ(ငြိမ်း)၊
အမက(၁၂) တာမွေ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၀၀)၊မြေညီထပ်(B)နေ (ဦးဉာဏ်ရှင်)-ဒေါ်အုန်းလှတို့၏သမီး၊ ဦးသာထွန်းဇံ (တာမွေမြို့နယ်၊ ထွေ/အုပ်)၏ဇနီး၊ ဦးကျင်နိုင်(တာမွေ ထွေ/အုပ်)-ဒေါ်ဝင်းဝင်းလှိုင်(မြို့တော်စည်ပင်)တို့၏အစ်မ၊ ဦးဝင်းမင်းအောင် (2A/E Raffles Shipmanagement) - ဒေါ်နီလာအောင်၊ ဗိုလ်ကြီးသိန်းထိုက်အောင်-ဒေါ်လွင်မာအေး(ခိုလန်-လျှပ်စစ်)တို့၏မိခင်၊ မချစ်စုသွေး (၉တန်း-A၊ အထက-၄၊ တာမွေ)တို့၏ ချစ်လှစွာသောအဒေါ်၊ မအိမ့်ချစ်မေ၏အဘွား ဒေါ်ခင်လှိုင်သည် ၇-၂-၂၀၁၅ (စနေနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးသန်းမောင်(ညောင်တုန်း)
အသက်(၉၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ညောင်တုန်းမြို့နေ (ဦးဘိုးသွင်-ဒေါ်ဖွားသင်)တို့၏သား၊ ဦးလှမြင့်- ဒေါ်အေးသိန်း(မြောက်ဒဂုံ)၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ရေနံချောင်းလမ်း၊ အမှတ်(၅၅၆)နေ (ဒေါ်မြ)၏ခင်ပွန်း၊ ဒေါ်ကြည်အေး၊ ဦးတင်ရွှေ- ဒေါ်အေးအေးကြည်၊ (ဦးထွန်းအေး)-ဒေါ်တင်ရီ (ဟင်္သာတဆက်သွယ်ရေး၊ ငြိမ်း)၊ ပန်းချီဝင်းမြင့်မိုး-ဒေါ်လှလှ၊ ဦးသန်းလွင်၊ ဒေါ်အေးအေးသန့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၇-၂-၂၀၁၅ (စနေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ [၁၃-၂-၂၀၁၅ (သောကြာနေ့) နံနက်တွင် လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ရေနံချောင်းလမ်း၊ အမှတ်(၅၅၆) နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်သွင် (၉၂)နှစ်
(ပွဲန်တန်ဆာ)

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နေ (သခင်ဘသွင်-ဒေါ်သင်းစိန်)တို့၏သမီး၊ [ဦးသိန်းဖေ(ခ)ဗိုလ်စွန်ညို-ဒေါ်စိမ်းရင်]တို့၏ညီမ၊ ဒေါ်ခင်တိုးသွင်၏အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၃)၊ အခန်း(၃)နေ (ဦးဖေကြည်)၏ဇနီး၊ ဦးနု-ဒေါ်ကေခိုင်ကြည်၊ ဦးသန်းဦး-ဒေါ်နိုင်နိုင်ကြည်၊ (ဦးလှိုင်ကြည်-ဒေါ်မော်မော်လှိုင်)၊ ဦးမြင့်သိန်း-ဒေါ်မျိုးမျိုးကြည်၊ ဒေါ်မိုးမိုးကြည်၊ ဒေါ်မော်မော်ကြည်၊ ဦးထိန်လင်းကြည်၊ ဦးသီရိသန်းထွဋ်စိုး-ဒေါ်မြတ်စုကြည်တို့၏မိခင်ကြီး၊ ဦးသူရလွင်-ဒေါ်စုလှိုင်ဦး (Super Shine Computer Design)၊ ဒေါက်တာခိုင်ဆုမြတ် (ခေတ္တ-Australia)၊ ဦးရဲထက်အောင် (Air KBZ)၊ မစမ်းလဝန်းထက်တို့၏အဘွား၊ မထက်သီရိလွင်၏ဘွားဘွားကြီး ဒေါ်ကြည်ကြည်သွင်သည် ၇-၂-၂၀၁၅ (စနေနေ့) နံနက် ၃း၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၅ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တိုက်(၁၃)၊ အခန်း(၃)၊ ရန်ကင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်ဒါယကာကြီး
ဦးတင်အောင် (၈၃)နှစ်
(လက်ပံတန်းအသင်း)
ရာသက်ပန်အသင်းဝင်
ဦးစီးအရာရှိ(ငြိမ်း)၊
ပြည်တွင်းအခွန်များဦးစီးဌာန
သာသနာ့ဝေယျာဝစ္စအသင်း
(ရွှေတိဂုံစေတီတော်)

လက်ပံတန်းမြို့၊ (၅) လမ်းနေ (ဦးဘရှင်-ဒေါ်မြရင်)တို့၏ သား၊ (ဦးမောင်မောင်တင်-ဒေါ်မြသီ)တို့၏ သားသမက်၊ (ဒေါ်ခင်သက်)၊ (ဒေါ်သိန်းတင်)၊ (ဦးကျော်အုံး-ဒေါ်လှမြင့်)တို့၏ မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် (၁၃၇)နေ [ဒေါ်တင်တင်မြ (a) Daw Marie (UNICEF)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းမြင့်(ဌာနခွဲစာရေးကြီး၊ ပြည်တွင်းအခွန်)-ဒေါ်နွယ်နွယ်ဝင်း (ဒုဦးစီး၊ ပြည်တွင်းအခွန်)၊ (ဦးတင်စိုး-ဒေါ်သက်သက်တင်)၊ (ဦးမျိုးအောင်)၊ (ဦးဝင်းအောင်)-ဒေါ်သီတာသိန်း၊ (ဦးအေးဝင်း)-ဒေါ်မြတ်မြတ်လွင်၊ (ဦးစိုးမြင့်အောင်)-ဒေါ်ခိုင်ကျော့လင်း၊ ဒေါ်လှလှခိုင်(ကထိက၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးမင်းခန့်(ခေတ္တ-Singapore)-ဒေါ်စပယ်အောင် (ဦးစီးအရာရှိ ပြည်တွင်းအခွန်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၆-၂-၂၀၁၅ ရက် ည ၁၀း၂၀ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်စီ (ဗန်းမော်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ်(၁၀၃)၊ ပထမထပ်နေ (ဦးစက်ကွေ -ဒေါ်ညော့)တို့၏သမီး၊ (ဒေါ်ခင်ရင်)၊ (ဦးသိန်းဟန်-ဒေါ်ခင်တီ)တို့၏ညီမ၊ (ဒေါ်ခင်ရီ)၊ (ဦးကျော်သူ-ဒေါ်ရီရီခိုင်)၊ (ဒေါ်ခင်ကြည်)၊ ဒေါ်တင့်တင့်၊ ဦးအောင်သူ-ဒေါ်အေးအေးသန်းတို့၏အစ်မ၊ တူ/တူမ ၁၁ယောက်၊ မြေး ၂၄ ယောက်တို့၏အဘွားသည် ၆-၂-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလွန်းရွှေ (၇၃)နှစ်
(မြို့နယ်ပညာရေးမှူး-ငြိမ်း၊ သရက်မြို့)

သရက်မြို့နေ (ဦးကြီးစိန်-ဒေါ်ညွှန့်တင်)တို့၏သားကြီး၊ ဒေါ်တင်ရီ (အမာကျင်)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးနေမင်း (လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်၊ မင်္ဂလာဒုံ)-ဒေါက်တာစန္ဒာထွန်း(သားဖွားမီးယပ်အထူးကု၊ ဗဟိုအမျိုးသမီးဆေးရုံ ကြီး၊ ရန်ကုန်)တို့၏ဖခင်၊ မသင်းသီရိအောင်၏အဘိုးသည် ၆-၂-၂၀၁၅(သောကြာနေ့) ည ၈း၁၅နာရီတွင် တပ်မတော်ဆေးရုံ ကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအားအကြောင်းကြားအပ်ပါသည်။ [အမှတ်(၁)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ ငြိမ်းအေးဇရပ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး
ဦးစိန်ရွှေ
အသက် (၈၄)နှစ်

နှောကူးတို့ရွာနေ (ဦးမြင့်-ဒေါ်ကျင်စု)တို့၏သား၊ မုံရွာမြို့၊ အေးသာယာရပ်ကွက်နေ (ဒေါ်သန်းမိ)၏ ခင်ပွန်း၊ မသန်းသန်းအေး(ဆန်ရောင်းဝယ်ရေး)၊ ဦးမျိုးမင်းထွန်း - ဒေါ်သီတာအေး၊ ဦးဝင်းချို-ဒေါ်ရီရီဝင်း(ကြံတိုင်းအောင်စက်မှုလက်မှု)၊ ဦးနေမျိုးသူ(ရဲမှူး အမှတ်-၁၆၊ ရဲတပ်ရင်း)-ဒေါ်နုနုလွင်၊ ဦးစောအောင်-ဒေါ်အေးအေးမြင့်၊ ဦးကျော်မော်ဝင်း-ဒေါ်ချိုချိုဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး၁၀ယောက်တို့၏အဘိုးသည် ၇-၂-၂၀၁၅(စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅ရက် ညနေ ၃ နာရီတွင် ဆားကျင်းသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ဂေါ်ဖိတ်လင်(ခ)
ဒေါ်ခင်ခင်စု (၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၄၂)၊ (၃၄) လမ်း၊ မြေညီထပ်နေ (ဦးထွန်းလှ)၏ဇနီး၊ အမှတ်(၁၃၉)၊ (၁၅)လမ်း၊ (ပ)ထပ်နေ ဒေါ်သန်းသန်းခင်(ခ)သန်းသန်းဝင်း-ဦးမင်းသန့်၊ ဒေါ်အေးအေးခင်(ခ)ဒေါ်အေးခိုင်-ဦးခင်ဝင်း၊ ဦးထုန်ပန့်-ဒေါ်နီလာဝင်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ဂေါ်ဖိတ်လင်(ခ) ဒေါ်ခင်ခင်စုသည် ၆-၂-၂၀၁၅(သောကြာနေ့) ည ၁၀း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [လမ်းမတော်မြို့နယ်၊ အမှတ်(၁၃၉)၊ (၁၅)လမ်း နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ကိုဇော်ဝင်းစိုး(မော်လမြိုင်)
အသက်(၃၇)နှစ်
မြစ်ရွှေဝါကုမ္ပဏီ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ ဦးသောင်းစိန်-ဒေါ်အေးအေးဝင်းတို့၏ သား၊ (ဦးမောင်လုံး)-ဒေါ်ခင်လှတို့၏ သားသမက်၊ ဦးအေးကိုသောင်း-ဒေါ်စန်းစန်းဝင်း၊ (ဦးသန်းမြစိုး)-မစိုးစိုး၊ (ဦးအေးကို)-ဒေါ်ဝါဝါလှိုင်၊ ဦးစိုးမိုးလှိုင်-ဒေါ်သင်းသင်းနွဲ့တို့၏ ညီ/မောင်၊ ကိုအောင်မျိုးခန့်-မသဲမာစိုး၊ ကိုသန်းလှိုင်စိုး-မသန်းသန်းလွင်၊ ကိုလှမောင်ချို-မချိုမာစိုး၊ ကိုအေးနိုင်-မသွယ်သွယ်အေး၊ ကိုနိုင်လင်းအောင်၊ မနှင်းဝေဝေစိုးတို့၏အစ်ကို၊ မဌေးဌေးဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမာန်ဦး၊ မောင်ရဲရင့်ပြည့်စုံတို့၏ မွေးသဖခင်ကျေးဇူးရှင် ကိုဇော်ဝင်းစိုးသည် ၆-၂-၂၀၁၅ (သောကြာနေ့) နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုက်စုသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၅၅၂/B)၊ ရွှေကံ့ကော် (၃)လမ်း၊ (၅၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဦးထွန်းမြင့်ကျော်(သထုံ)
အသက်(၅၀)

ရန်ကုန်မြို့၊ အမှတ်(က/၈)၊ သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်နေ ဦးထွန်းရွှေ(သထုံ)-ဒေါ်မြင့်မြင့်တို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ အမှတ်(၁)၊ အခန်း (C-4)၊ရွာမကျောင်းလမ်း၊လှိုင်မြို့နယ်နေ ဒေါ်နုကေသွယ်အောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက်အောင်ကျော်၏ဖခင်၊ ဦးထွန်းမြင့်ဦး (HOST MANAGEMENT ACADEMY)၏ညီ၊ ဒေါ်ခင်ချိုမြင့်၊ (ဦးထွန်းမြင့်ဇော်)၊ ဦးကျော်မျိုးနိုင် - ဒေါ်ခင်စန္ဒာထွန်း (AWRA TRADING) တို့၏ အစ်ကို၊ မောင်ဩရထွန်း(MIC)၊ မအိန္ဒြာကျော် (မြို့မဂုဏ်)၊ မအမရာဦး(PISM)တို့၏ ဘကြီး ဦးထွန်းမြင့်ကျော်သည် ၅-၂-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ရွာမကျောင်းလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဲအုပ်အောင်မင်းနိုင်
(လ/၂၀၅၄၅၄)
အသက်(၄၅)နှစ်
ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်
သာယာဝတီခရိုင်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မြို့သစ် (၇) လမ်း၊ အမှတ် (၆၅)နေ ဒေါ်ဌေးဌေးရီ၏ ခင်ပွန်း၊ မောင်ဖြိုးမင်းခန့်၏ဖခင် ဦးအောင်မင်းနိုင်သည် ၇-၂-၂၀၁၅ရက် နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၅ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

မမြတ်နှင်းနုအေး(ခ)မီးမီး
အသက်(၃၅)နှစ်
A.G.T.I(Civil)
Final Year(English)
(မအူပင်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၂) ရပ်ကွက်၊ သူကြွယ်(၂)လမ်း၊ အမှတ် (၇၁၀)နေ [ဦးသောင်းအေး (အင်ဂျင်နီယာ၊ ကုန်သွယ်/လယ်ယာ-ငြိမ်း]-ဒေါ်စမ်းရီ(မူပြ-ငြိမ်း၊ အမက-၅၊ တ/ဥက္ကလာ)တို့၏သမီး၊ ဗိုလ်မှူးအောင်မင်း (ငြိမ်း)(ခ) ဦးအောင်ကိုကိုဦး (STAI Co., Ltd)-မစုစုလှိုင် (အလုပ်ရုံစုမှူး၊ မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ၊ အင်းစိန်)၊ ဗိုလ်မှူးဝင်းဇော်လတ် - မမွန်းဆွေ (ရွှေဆင်တော်ရွှေဆိုင်း)တို့၏ ညီမ၊ မောင်သန်းထိုက်စိုး၏အစ်မ မမြတ်နှင်းနုအေးသည် ၆-၂-၂၀၁၅ (သောကြာနေ့) ၃း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၅ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တနန္ဒိမာ
တိုင်းသံဃနာယကအဖွဲ့ဝင်ဆရာတော်
သိက္ခာတော်(၄၁)ဝါ၊ သက်တော်(၆၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မဲဇာဒေသ၊ ပင်သချောင်ရွာ ရွာဦးကျောင်းဆရာတော်၊ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်၊ လဒ္ဓိပေတလ၊ သီလဝန္တ၊ သိက္ခာကာမ၊ ဂရုဓမ္မ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော်ဘဒ္ဒန္တနန္ဒိမာသည် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ရက်) ညနေ ၃း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၃-၄-၅ရက်) (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀-၂၁-၂၂)ရက်များတွင် အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
ပင်သချောင်ရွာ၊ မဲဇာဒေသ၊ အင်းတော်မြို့နယ်၊

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလွန်းရွှေ (၇၃)နှစ်
(မြို့နယ်ပညာရေးမှူး-ငြိမ်း၊ သရက်မြို့)

သရက်မြို့နေ (ဦးကြီးစိန်-ဒေါ်ညွှန့်တင်)တို့၏သားကြီး၊ ဒေါ်တင်ရီ (အမာကျင်)၏ခင်ပွန်း၊ ဒေါ်တင်စန်း-ဦးအောင်မြိုင်၊ (ဦးမြင့်)-ဒေါ်စန်းမြင့်၊ ဦးတင်ဝမ်း (ဒု-ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား) (Managing Director -MNTV၊ ရွှေသံလွင်မီဒီယာ)-ဒေါ်ခင်လှ၊ ဦးတင်သန်း-ဒေါ်သန်းဌေးမြင့်တို့၏အစ်ကိုကြီး၊ ဒုတိယဗိုလ်မှူးကြီးနေမင်း(လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်၊ မင်္ဂလာဒုံ)-ဒေါက်တာစန္ဒာထွန်း(သားဖွားမီးယပ်အထူးကု၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)တို့၏ဖခင်၊ မသင်းသီရိအောင်၏အဘိုးသည် ၆-၂-၂၀၁၅(သောကြာနေ့) ည ၈း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [အမှတ်(၁)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ ငြိမ်းအေးဇရပ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ကိုသိန်းဇော်မြင့် (၃၈)နှစ်
B.Sc(Match)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်နေ၊ ငြုတ္တုံရွာနေ ဦးကျော်လွင်-ဒေါ်ဌေးအောင်တို့၏သားငယ်၊ ကိုခင်မောင်မြင့်-မဇီမီးစု (D ဒိတ်တံဆိပ်ရိုက်၊ မြစ်ကြီးနားမြို့)၊ ကိုစိုးမင်းနိုင်-မခင်စန်းမြင့်(မိုးနတ်သူဇာအထည်ဆိုင်၊ မင်္ဂလာဈေး)၊ မခင်ဝင်းမြင့်(ဇာမဏီတံဆိပ်ရိုက်)တို့၏မောင်၊ ကိုသိန်းဖေမြင့်-မနှင်းရီမြိုင်(ခ)မနွယ်နီ (ပျံလွှားတံဆိပ်ရိုက်)တို့၏ညီ၊ မခိုင်စံပါယ်မြင့်၏အစ်ကို၊ ကိုသောင်းထွန်းဦး-မစိုးမိုးမြင့်တို့၏အစ်ကို၊ ဥဇ္ဇနာ(၆)လမ်း၊ မြောက်ဥက္ကလာပနေ ဦးဖိုးတက်(ခ)ဦးတင့်လွင်-ဒေါ်အေးမြိုင်တို့၏သားသမက်၊ တိုက်(၁၁)၊ အခန်း(၄၈)၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ မစောသန္တာ(ခ) မရွှေဝါ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ဇော် (အထက-၂၊ ဗဟန်း)၊ ဘုန်းသုဇော်တို့၏ဖခင်၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၇-၂-၂၀၁၅(စနေနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၅ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ရွှေဂုံတိုင်မီးပွိုင့်၊ ကမ္ဘောဇဘဏ်အနီး ပျံလွှားတံဆိပ်ရိုက်မှ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှမြင့်(လဝက-ငြိမ်း)
အသက်(၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ သမဲ့ကျေးရွာနေ (ဦးဖိုးမြင့်-ဒေါ်နှင်းမြ)တို့၏သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၂၈/ခ)နေ ဒေါ်မြကြည်၏ခင်ပွန်း၊ ဦးမင်းမင်းထက်(လဝက)-ဒေါ်နန်းကေသွယ်၊ ဦးလင်းလင်းထက်(စစစ)-မမြတ်ဆုမွန်၊ [မောင်ဇော်ဇော်မင်း(လဝက)]-မနှင်းနုနုထွေးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၅(သောကြာနေ့) ည ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းစိုး (၅၆)နှစ်
မူလတန်းကျောင်းအုပ်ဆရာကြီး
(အမက-၄၊ သာကေတ)

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မဆယ်ဆိပ်ကျေးရွာနေ (ဦးထွန်းကြည်)-ဒေါ်ခင်ရွှေတို့၏သား၊ (ဦးဘကြည်-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ အရှင်စန္ဒိမာ(နဂါးပရိယတ္တိစာသင်တိုက်၊ စာချဆရာတော်)၊ ဦးလှထွန်းကြည်-ဒေါ်စောဌေး၊ (ဦးစိုးထွေး)၊ ဦးလေးလွင်-ဒေါ်သင်းသင်းမွေးတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ အမက-၄ ကျောင်းဝင်းနေ မနီလာစိုး(အလက-၈၊ ကျောင်းစာရေး)၏ မွေးသဖခင်ကျေးဇူးရှင်၊ ကိုကျော်ဇင်လတ်၏ဦးလေး၊ ဒေါ်အေးအေးသန်း (မူ/အုပ်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၇-၂-၂၀၁၅ (စနေနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၅(တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၅ (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးအောင်စိုး(ငြိမ်း)
ပစ္စည်းထိန်း(၁)၊ MEC
တာယာစက်ရုံ(ရွာမ)
အသက်(၆၃)နှစ်

နတ်မောက်မြို့နယ်၊ ရွှေပန်းတောကျေးရွာနေ (ဦးဉာဏ်ခိုင်-ဒေါ်ဖြူဥ)တို့၏သား၊ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ဦးလင်းထွဋ်အောင် (ခွဲမှူး၊ နို့ချက်စက်ရုံ၊ MEC)-ဒေါ်အေးမိုးအောင် (အလုပ်ရုံစုမှူး၊ သံမဏိ-၃၊ MEC)-ဗိုလ်မှူးအောင်ပြည့်ဟိန်း (စကခ-၃)၊ ဝေဖြိုးပိုင် (နို့ချက်စက်ရုံ၊ MEC)တို့၏ဖခင်၊ မောင်စစ်ငြိမ်းထွဋ်၏အဘိုး ဗိုလ်ကြီးအောင်စိုး(ငြိမ်း)သည် ၇-၂-၂၀၁၅(စနေနေ့) နံနက် ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၅(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [တာယာစက်ရုံ(ရွာမ)မှ ကားများ နံနက် ၉း၃၀နာရီနှင့် လှည်းကူးနေအိမ်မှ ကားများ နံနက် ၉နာရီတို့တွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မိမိခိုင်
(ကြိတည်ဆန်စက်၊ ပုသိမ်)
အသက် (၅၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄၆)၊ ယိုးဒယားကုန်းလမ်းနေ (ဦးခင်ရွှေ-ဒေါ်မြလေး)တို့၏သမီး၊ ပုသိမ်မြို့၊ အမှတ်(၂၅-ဘီ)၊ ဘူတာရုံလမ်းနေ (ဦးအေးကြည်-ဒေါ်မြစိန်)တို့၏ သမီးချွေးမ၊ ဦးဝင်းမော်ဦး-ဒေါ်ချိုချိုတို့၏ညီမ၊ ဦးဝင်းဇော်-ဒေါ်မြစန္ဒာအောင်၊ (ဦးမျိုးသူ-ဒေါ်ဖြူဖြူခိုင်)၊ ဦးမျိုးသက်-ဒေါ်ဥမ္မာ၊ ဦးမူးလေး-ဒေါ်မြတ်မြတ်မိုးတို့၏အစ်မ၊ ဦးဝင်းမြင့်လှိုင် (မန်နေဂျင်းဒါရိုက်တာ၊ ဧရာပုသိမ် ကုမ္ပဏီ)၏ ချစ်လှစွာသော ဇနီး၊ မောင်ကျော်ရှိုင်းလင်း၊ မောင်တည်ကြည်လင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၆-၂-၂၀၁၅(သောကြာနေ့) နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်း မီးသဂြိုဟ်စက်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမယ့် သွေးထိုးလှုံ့ဆော်မှုတွေကိုလည်း တရားဥပဒေနဲ့အညီ ပြတ်သားစွာ အရေးယူဆောင်ရွက်နိုင်ဖို့ ပြည်သူအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ကြဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

မြန်မာနိုင်ငံကြီးကို သူ့ကျွန်ဘဝက လွတ်မြောက်စေခဲ့သည့် လွတ်လပ်ရေးဗိသုကာကြီးဖြစ်ပြီး မြန်မာတစ်မျိုးသားလုံး၏ ယုံကြည်အားကိုးရာ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်

သတင်း စာမျက်နှာ » ၅

မကွေးအသင်းနှင့် ရောဝတီအသင်းတို့ နိုင်ပွဲဆက်

သတင်း - ရှိုင်းထက်ဇော်

၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၅)ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

(သုဝဏ္ဏကွင်း)

မကွေး - နှစ်ဂိုး

(ဆယ်လာနှင့် ထူးထူးအောင်)

ဟံသာဝတီ - တစ်ဂိုး

(အောင်မျိုးသူရ)

ဒုတိယပိုင်းတွင် သွင်းယူခဲ့သော ထူးထူးအောင်၏ ဂိုးဖြင့် မကွေးအသင်းနိုင်ပွဲဆက်ခဲ့ပြီး ယခုရာသီ၏ တတိယမြောက်နိုင်ပွဲရရှိခဲ့သည်။ နိုင်ပွဲမရရှိသေးသည့် ဟံသာဝတီအသင်းမှာ ပထမဆုံးနိုင်ပွဲအတွက် ကြိုးပမ်းခဲ့သော်လည်း ဒုတိယမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရပြီး နှစ်သင်းစလုံး တစ်ယောက်စီအထုတ်ခံခဲ့ရသောကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။

ပွဲစပြီး မိနစ်အနည်းငယ်မှာပင် တိုက်စစ်မှူး ဆယ်လာ၏ဂိုးကြောင့် မကွေးအသင်းဂိုးစရခဲ့ပြီး တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။ မကွေးအသင်းမှာ ဖိကစားနိုင်သော်လည်း ၁၄ မိနစ်တွင် ဂိုးပြန်ပေးခဲ့ရပြီး အောင်မျိုးသူရက ဟံသာဝတီအတွက် ချေပဂိုးပြန်သွင်းခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၄ ကော်လံ ၄ သို့ ❒**

ဖိတ်ခေါ်ပါသည် ကမ္ဘောဇဗျာနေ ပြည်ထောင်စုအမွေ ပင်လုံမြေဆီ

နေပြည်တော် ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၄၄၀ တွင် တည်ရှိသော မြို့ကလေးဖြစ်ပြီး ရှမ်း၊ ပအိုဝ်း၊ တောင်ရိုး၊ ယင်းနက် စသည့် လူမျိုးများ စုပေါင်းနေထိုင်ကြသည်။ ပင်လုံမြို့သည် ရှမ်းကုန်းမြေမြင့်မှ ထင်းရှူး၊ ချယ်ရီပန်းများ ပွင့်လန်းရာဒေသဖြစ်ပြီး မြင့်မားသည့် တောင်တန်းများဖြင့် ဝိုင်းရံတည်ရှိနေသော ပြည်ထောင်စုအမွေ ပင်လုံမြို့လေးဖြစ်သည်။

ပင်လုံမြို့သို့ အလည်တစ်ခေါက် လာရောက်လည်ပတ်နိုင်ရန် ဖိတ်ခေါ်ပါသည်။ ပင်လုံမြို့သို့ လာရောက်လည်ပတ်မည်ဆိုပါက တောင်ကြီး-လွိုင်လင်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးအတိုင်း လာရောက်နိုင်ပါသည်။ တောင်ကြီးမှ ၅၈ မိုင် ကွာဝေးသည့် ခရီးကိုလာရောက်ပါက လွိုင်လင်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ လွိုင်လင်မြို့မှ မြောက်ဘက် ခြောက်မိုင်အကွာတွင် ပင်လုံမြို့တည်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ပညာရေးဝန်ကြီးဌာနမှ ကျောင်းသားမိဘများသို့ ပန်ကြားချက်

(၇-၂-၂၀၁၅) ရက်နေ့

၁။ အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဆန္ဒပြမှုများရှိနေသဖြင့် ကျောင်းသူကျောင်းသားများ အေးချမ်းစွာပညာသင်ကြားရေးနှင့် စာမေးပွဲများချောမောစွာ ဖြေဆိုနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မိဘပြည်သူများကို ပန်ကြားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အေးချမ်းစွာပညာသင်ကြားလျက်ရှိကြသော ကျောင်းသားများနှင့် မိဘပြည်သူများက စိုးရိမ်ပူပန်လျက်ရှိနေကြကြောင်း၊ အထူးသဖြင့် သပိတ်မှောက်ချီတက်ရာတွင် လိုက်ပါသွားကြသော ကျောင်းသားလူငယ်များသည် ကျောင်းပျက်ရက်များဖြစ်ပေါ်နေပြီး အေးချမ်းစွာပညာသင်ကြားမှုတွင် ထိခိုက်လာမည်ကို အချို့မိဘများက စိုးရိမ်သောကဖြစ်နေကြကြောင်း သိရှိရပါသည်။

၃။ ပညာရေးဝန်ကြီးဌာနသည် အေးချမ်းစွာပညာသင်ကြားလိုသော ကျောင်းသားများနှင့် မိဘများ၏ဆန္ဒကို အလေးထား၍ အမျိုးသားပညာရည်မြင့်မားရေးအတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ သပိတ်မှောက်ကျောင်းသားများ တောင်းဆိုသည့်အချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ယခုအခါ ပညာရေးဝန်ကြီးဌာနနှင့် National Network for Education Reform (NNER) တို့သည် ဆက်လက်ညှိနှိုင်းလျက်ရှိပြီး အတတ်နိုင်ဆုံး ပြေလည်အောင် ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ပါ၍ လေးပွင့်ဆိုင်ဆွေးနွေး၍ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်သည့်အတွက် ကျောင်းသားများအနေဖြင့် ကတိကဝတ်ပြုထားသည့်အတိုင်း သပိတ်မှောက်ခြင်းကိုရပ်နားပြီး သပိတ်မှောက်ချီတက်ရာတွင် လိုက်ပါသွားသော သားငယ်၊ သမီးငယ်များကို သက်ဆိုင်ရာကျောင်းအသီးသီးတွင် ပညာဆက်လက်သင်ကြားကြရန်အတွက် မိဘများကလိုက်လံခေါ်ယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၅။ အေးချမ်းစွာ ပညာသင်ကြားရေးနှင့် စာမေးပွဲများ ချောမောစွာဖြေဆိုနိုင်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဆန္ဒပြမှုများကြောင့် မလိုလားအပ်သော ပြဿနာများနှင့် အကျိုးဆက်များဖြစ်ပေါ်လာနိုင်ပါသဖြင့် စိတ်ရှည်လက်ရှည်ဆန္ဒပြ ကျောင်းသူကျောင်းသားများအနေဖြင့် မိမိတို့၏ ကျောင်းသို့ပြန်၍ အေးချမ်းစွာ ပညာသင်ကြားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ မိဘများအနေဖြင့်လည်း မိမိတို့၏ရင်သွေး ကျောင်းသူ ကျောင်းသားများကို အေးချမ်းစွာ ကျောင်းပြန်လည်တက်ရောက်ပြီး စာမေးပွဲများအတွက် ပြင်ဆင်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန